# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက် | ၂၀၁၇ ခုနှစ်၊ မေ ၂၃ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၀၂)


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဓမ္မပဒ(ဓမ္မပဒ - ၁၂၉)

# ဘဏ်စရိတ်များ၊ အခွန်အခများ၊ လုပ်ထုံးလုပ်နည်းတင်းကျပ်မှုများ ဖြေလျှော့နိုင်ရေး ဆောင်ရွက်မည်



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် မေ ၂၂**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကို မေ ၂၁ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို နိုင်ငံတကာအဖွဲ့အစည်းများက ပိုမိုသိရှိပူးပေါင်းကူညီလာကြရန်နှင့် ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များကို ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်၏မဏ္ဍိုင်ငါးရပ်ပါ လုပ်ငန်းစီမံချက်များအကြောင်း ပိုမိုကျယ်ပြန့်စွာ နားလည်သဘောပေါက်ပြီး အကောင်

*စာမျက်နှာ ၄ ကော်လံ ၁* ❋

**မန္တလေး-ရန်ကုန် သင်္ကြန်အထူးရထား မေ ၂၃ ရက်တွင် ထပ်မံတိုးချဲ့ ပြေးဆွဲပေးမည်**

*စာမျက်နှာ - ၅*

**သမိုင်းတွင်ကျန်ရစ်မည့် ပြင်သစ်သမ္မတ ရွေးကောက်ပွဲအတွက် သမ္မတလောင်းလေးဦး ရေပန်းစား**

*စာမျက်နှာ - ၁၀*

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမ်စတာဒမ်မြို့ရှိ ရေအရင်းအမြစ်စီမံခန့်ခွဲမှုစင်တာ ကြည့်ရှု

**အမ်စတာဒမ် မေ ၂၂**

နယ်သာလန်နိုင်ငံ၌ လေ့လာရေးခရီးရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ နံနက်ပိုင်းတွင် အမ်စတာဒမ်မြို့ လေလီစတတ်ဒေသရှိ ရစ်ဂျ်ဝါးတား ရေအရင်းအမြစ်စီမံခန့်ခွဲမှုစင်တာသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် အမ်စတာဒမ်မြို့ လေလီစတတ်ဒေသရှိ ရစ်ဂျ်ဝါးတား ရေအရင်းအမြစ် စီမံခန့်ခွဲမှုစင်တာသို့ ရောက်ရှိကြရာ စင်တာမှ တာဝန်ရှိသူများက ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသကြသည်။

*စာမျက်နှာ ၃ ကော်လံ ၄* ◆




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမ်စတာဒမ်မြို့ လေလီစတတ်ဒေသရှိ ရစ်ဂျ်ဝါးတား ရေအရင်းအမြစ်စီမံခန့်ခွဲမှုစင်တာသို့ ကြည့်ရှုလေ့လာစဉ် (သတင်းစဉ်)




အဖုအကျိတ်ဆို ပေါင်ဒါဘူးထဲထည့်လို့ရအောင် မှုန့်သွားမယ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၁၂၁၁ YR ၄၀၆၈

ထုတ်လုပ်ခွင့်လိုင်စင်အမှတ်-၁/၂၀၀၉၊ တဆထလ/တိုး(၄၇၅)

ဒေဝယက္ခ အကျိတ်ကြေအဏာမြို့ မန်းဆေး

အဖုအကျိတ်အမျိုးမျိုးကို မခွဲမစိတ်ရဘဲ နူရင်ကြေ၊ ရင့်ရင်ပေါက် အမြစ်ပါမကျန်ပျောက်ကင်းသည်

မိုးဦးကျဖြစ်တတ်သောရောဂါများအတွက် ဤဆေးဖြင့် ကြိုတင်ကာကွယ်ထားကြပါ

အမှတ် (၃၇၃)၊ သနပ်ပင်လမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့။ Ph-052-2221422 , 09-5300141

# နိုင်ငံတော်၏သစ်တောများ ပြန်လည်စိုက်ပျိုးကြပါစို့

အိုဇုန်းလွှာပျက်စီးမှုကြောင့် မြင့်တက်လာသော ခရမ်းလွန်ရောင်ခြည်သည် လူသားတို့၏ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိအနေအထားသည် ခရမ်းလွန်ရောင်ခြည်အမြင့်မားဆုံးအနေအထားကျရောက်လျက်ရှိသော နိုင်ငံများစာရင်းတွင် ပါဝင်လျက်ရှိပါသည်။

ဤဖြစ်စဉ်ကြောင့် အီကွေတာနှင့် နီးကပ်စွာ တည်ရှိနေသည့် မြန်မာပြည်၏ တောင်ဘက်စွန်းမြို့ဖြစ်သော ကော့သောင်းမြို့တွင် အပူဒဏ်ကို ဆိုးဆိုးရွားရွား ခံစားရလျက်ရှိသည်ဟု သိရှိရပါသည်။ ဤသည်မှာ အိုဇုန်းလွှာပျက်စီးမှု၏ အကျိုးဆက်တစ်ခုဖြစ်ပါသည်။ အိုဇုန်းလွှာပျက်စီးစေသော အကြောင်းတရားများ၌ သစ်တောများပြုန်းတီးခြင်းသည် အဓိကကျသောအကြောင်းရင်းတစ်ရပ် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သစ်တောများပြုန်းတီးခြင်းနှင့်ပတ်သက်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၏ ထုတ်ဖော်ပြောဆိုချက်သည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အလေးအနက်ထား သုံးသပ်ရမည့်ကိစ္စရပ်ဟု ယူဆပါသည်။ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက နှစ်ပေါင်း ၈၀ အတွင်း မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ရေိယာ ရာခိုင်နှုန်း ၂၀ ခန့် လျော့ကျသွားခြင်းအပေါ် သတိပေးစကားထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်ပါသည်။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ **(Food and Agriculture Organization -FAO)**သည် ကမ္ဘာ့နိုင်ငံများ၏ သစ်တောဖုံးလွှမ်းမှုဆန်းစစ်ချက်များကို ပြုလုပ်လျက်ရှိပါသည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ **(FAO)**၏ ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၂၀၀၀ ပြည့်နှစ်တွင် ၅၁ ဒသမ ၅၄ ရာခိုင်နှုန်းအထိ ရှိခဲ့ပါသည်။ သို့သော် အဆိုပါကိန်းဂဏန်းသည် ၂၀၀၅ ခုနှစ်၌ ၄၉ ဒသမ ၂၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး ဤသစ်တောဖုံးလွှမ်းမှု ဧရိယာကျဆင်းနှုန်းသည် ပိုမိုဆိုးရွားလာသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏သစ်တောဖုံးလွှမ်းမှုသည် ၂၀၁၀ ပြည့်နှစ်တွင် ၄၆ ဒသမ ၉၆ ရာခိုင်နှုန်းအထိ ကျဆင်းသွားပြီး ၂၀၁၅ ခုနှစ်တွင် ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရှိရပါသည်။ ဤကိန်းဂဏန်းများက မြန်မာနိုင်ငံ၏သစ်တောပြုန်းတီးမှုပြဿနာကို အလေးအနက်ထားကိုင်တွယ်ရန် သတိပေးလျက်ရှိပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ သစ်တောများပြန်လည်စိုက်ပျိုးရန် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပါဝင်စေခြင်းသည် မှန်ကန်သောမူဝါဒတစ်ရပ်ဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့သော အဆိုပါမူဝါဒအရ ပါဝင်စိုက်ပျိုးသူ ပုဂ္ဂလိက လုပ်ငန်းရှင် ၇၁၀၀၀ ကျော်ရှိသည်ဟု သိရှိရပါသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များ ယခုထက်ပိုမိုပါဝင်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် လက်ရှိအနေအထားထက် ပိုမိုကျယ်ပြန့်ထိရောက်သော အသိပေးလှုံ့ဆော်မှုများပြုလုပ်ရန် အကြံပြုတိုက်တွန်းလိုပါသည်။

ပြည်သူတို့၏ တစ်နိုင်တစ်ပိုင် ပါဝင်မှုသည်လည်း မြန်မာနိုင်ငံ၏ သစ်တောများပြန်လည်စိုက်ပျိုးရေး၌ အရေးပါသောအခန်းကဏ္ဍမှပါဝင်နေသည်ဟု ယုံကြည်ပါသည်။ မြန်မာတစ်နိုင်ငံလုံးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဝါးပိုးဝါးပျိုးပင် နှစ်သိန်း အခမဲ့ဝေငှသွားမည့် ရန်ကုန်အခြေစိုက် လောကသာရကျောင်းများနှင့် ဘုန်းတော်ကြီးစာသင်ကျောင်းများ ကွန်ရက်၏လှုပ်ရှားမှုကို လေးနက်စွာ ကြိုဆိုကြောင်း ဖော်ပြလျက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက တိုင်းပြည်၏သစ်တောများ ပြန်လည် စိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရေး ညှိနှိုင်း

**သီပေါ မေ ၂၂**

ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရန် အကြိုညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၁ ရက်က သီပေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ စီမံခန့်ခွဲမှုကော်မတီနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ တက်ရောက်လာသူများက ပြည်နယ်များ၏အခွင့်အရေး၊ဒီမိုကရေစီဆိုင်ရာ ကိစ္စရပ်နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားလူမျိုးများအလိုက် ခံစားသင့် ခံစားထိုက်သော လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေးကိစ္စရပ်များဖြစ်သည့် တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ယဉ်ကျေးမှု၊ ဘာသာစကားနှင့် သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းဥပဒေများ၊ တိုင်းရင်းသားလူမျိုးများ၏ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊သဘာဝသယံဇာတစီမံခန့်ခွဲခြင်း၊ ခွဲဝေခြင်းဆိုင်ရာမူဝါဒ၊ ဖက်ဒရယ်စနစ်ကိုအခြေခံသောမြေယာမူဝါဒ စသည့် ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက်ဆွေးနွေးကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## တောင်ကုတ်-သံတွဲကားလမ်းအား နိုင်လွန်ကတ္တရာလမ်းအဖြစ်အဆင့်မြှင့်တင်

**တောင်ကုတ် မေ ၂၂**

တောင်ကုတ်-သံတွဲကားလမ်းသည် ရခိုင်ပြည်နယ်အတွင်း အရေးပါသောလမ်းတစ်လမ်းဖြစ်ပြီး အကွာအဝေးအားဖြင့် ၈၅ မိုင် ရှည်လျားကြောင်း သိရသည်။ ရခိုင်ပြည်နယ် ၏ နာမည်ကျော် ငပလီပင်လယ်ကမ်းခြေသို့လည်း ယင်းလမ်းကိုအသုံးပြုလျက်ရှိနေကြပြီး ယခင်က သာမန်ရိုးရိုးကတ္တရာလမ်းကျဉ်းဖြစ်နေသောကြောင့် လမ်းပန်းဆက်သွယ် ရေး ပိုမိုချောမွေ့ကောင်းမွန်စေရန် နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

သံတွဲမြို့အဝင် လမ်းအသုံးပြုခ ကောက်ခံရေးစခန်းမှ တာဝန်ရှိသူတစ်ဦးက "အခုဒီလမ်းကို ၂၈ ပေအကျယ်နိုင်လွန်ကတ္တရာလမ်း စတင်ခင်းနေပါပြီ။သံတွဲ-ငပလီ ခြောက်မိုင်နဲ့ သံတွဲ-ပြည့်ချောင်းတံတား လေးမိုင်ကျော်အထိခင်းပြီးနေပြီ ။ ကျန်တဲ့နေရာတွေမှာ ချိုင့်ဝှမ်းတွေကို မြေဖို့တာနဲ့ တောင်ကုန်းမြင့်တွေကို မြေညှိခြင်းလုပ်ငန်းတွေလုပ်ဆောင်နေပါတယ်။ လမ်းတစ်လျှောက်မြေပြင်ခြင်းလုပ်ငန်းတွေ၊ကျောက်ချကျောက်စုခြင်းလုပ်ငန်းတွေကိုလည်း အဆက်မပြတ် လုပ်ဆောင်နေပါတယ်"ဟု ပြောကြားသည်။

သံတွဲ-တောင်ကုတ်ကားလမ်းကို နိုင်လွန်ကတ္တရာအပြီးခင်းကျင်းပြီးပါက ယခု ၈၅မိုင်ခရီးအား ကားမောင်းချိန် သုံးနာရီခွဲမှ လေးနာရီဝန်းကျင်ရှိရာမှ နှစ်နာရီဝန်းကျင်အထိ ကားမောင်းချိန်လျော့ကျသွားနိုင်ပြီး ယာဉ်အန္တရာယ်များလည်း ပိုမိုကင်းရှင်းသွားနိုင်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

**ထင်သာမြင်သာပြုပြင်စရာ**

## ကျွန်းလှမြို့၌ ပျက်စီးနေသောအားကစားရုံ ပြန်လည်တည်ဆောက်ပေးနိုင်ရေးမျှော်လင့်

**ကျွန်းလှ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့၌ ပျက်စီးနေသော အားကစားရုံအား ပြန်လည်တည်ဆောက်ပေးရေး မျှော်လင့်နေကြကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါ အားကစားရုံကို ၁၉၉၇ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး လေပြင်းတိုက်ခတ်ခံရ၍ မကြာခဏ အမိုးများ ပြုပြင်ခဲ့ရကြောင်း၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုကြောင့် အမိုးများပျက်စီးနေသော်လည်း အန္တရာယ်ရှိသောကြောင့် ပြုပြင်နိုင်ခြင်းမရှိကြောင်း၊ အားကစားရုံကိုဖျက်ပြီး အသစ်ပြန်လည် တည်ဆောက်ရန် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက သက်ဆိုင်ရာ အဆင့်ဆင့်သို့ တင်ပြထားကြောင်း တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ အားကစားသမားတွေမှာ အားကစားရုံအတွင်း ယခင်က ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘော ကစားနည်းတွေကို လေ့ကျင့်ကစားခဲ့ကြပါတယ်။ ညဘက်ဆိုရင် လူကြီးနဲ့ လူငယ်တွေ အဖွဲ့ဖွဲ့ပြီး ကြက်တောင်ရိုက်ကြပါတယ်။

အားကစားရုံကြီး ပျက်စီးနေတာကြာတော့ အားကစားမလုပ်ရတာကြာပါပြီ။ ပြန်လည်တည်ဆောက်ပေးဖို့ မျှော်လင့်နေကြပါတယ်"ဟု အားကစားသမားတစ်ဦးက ပြောသည်။

**မျိုးဝင်းညို -ကျွန်းလှ**

### ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၂-၄-၂၀၁၇ ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၅၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၆၀/၇၀၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၆၇၀/၇၁၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၅/၇၂၅ ကျပ် | (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၂ ·၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၉ ·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၆ ·၆၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ·၂၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၉၂ |
| တရုတ် | တစ်ယွမ် | ၁၉၆ ·၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇ ·၅၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

## သွေးစည်းညီညွတ်စွာ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

**ဒီကနေ့ဒီအချိန်မှာ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံးအောင်မြင်အောင် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက ခိုင်မာတဲ့ ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်တို့နဲ့ သွေးစည်းညီညွတ်စွာ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြဖို့ အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၁၀-၁-၂၀၁၇ ရက်နေ့တွင် ပေးပို့သော (၆၉)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)

## အဂတိတရား (၄)ပါးကင်းဖို့လို

**အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးအတွက် လုပ်တဲ့နေရာမှာလည်း ဒီအဂတိတရား (၄)ပါးကင်းဖို့ လိုပါတယ်။ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ။ မကြိုက်လို့ မလုပ်တာတို့၊ ကြိုက်လို့ လုပ်တာတို့၊ ကြောက်လို့ လုပ်တာတို့၊ ဒါမှမဟုတ် အသိတရား ကင်းမဲ့လို့ လုပ်တာတို့၊ မလုပ်တာတို့ ဒါတွေအားလုံးဟာ အဂတိတရားတွေပါပဲ။ ဒါတွေကနေ ကင်းစင်ဖို့ အစိုးရတစ်ရပ်ဟာ အင်မတန်မှ ကြိုးစားရပါလိမ့်မယ်။**

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သည့်အဖွဲ့နှင့် အမ်စတာဒမ်မြို့ လေလီစတတ်ဒေသရှိ ရစ်ဂျ်ဝါးတား ရေအရင်းအမြစ်စီမံခန့်ခွဲမှုစင်တာမှ တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

လေလီစတတ်ဒေသရှိ ရစ်ဂျ်ဝါးတား ရေအရင်းအမြစ်စီမံခန့်ခွဲမှုစင်တာသည် နယ်သာလန်နိုင်ငံ၏ အကြီးဆုံး ရေအရင်းအမြစ်စီမံခန့်ခွဲမှု သုတေသနဌာနတစ်ခုဖြစ်ပြီး ၎င်းစင်တာမှ ရေအရင်းအမြစ်စီမံခန့်ခွဲမှုကို ရေကြီးရေလျှံမှုကာကွယ်ရေး၊ သန့်ရှင်းသည့် သောက်သုံးရေရရှိရေး၊ စက်မှုလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုအပ်သောရေ လုံလောက်စွာရရှိရေးတို့အတွက် အမျိုးအစားလေးခုခွဲ၍ ဆောင်ရွက်လျက်ရှိသည်။

**အရေးကြီးသည့်လုပ်ငန်းတစ်ခုဖြစ်**

နယ်သာလန်နိုင်ငံသည် ပင်လယ်ရေမျက်နှာပြင် အောက် ၃၀ ရာခိုင်နှုန်း နိမ့်ကျနေသည့်အတွက် ရေကြီးရေလျှံမှု အန္တရာယ်မှ ကာကွယ်ရေးအတွက် ရေအရင်းအမြစ်စီမံခန့်ခွဲမှု လုပ်ငန်းသည် အရေးကြီးသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဘဝအလင်းရောင်စာကြည့်တိုက် ကြည့်ရှုအားပေး

**မြိုင် ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်- မြိုင်မြို့နယ် ဆိတ်ဆင်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လ (ဓမ္မာစရိယနှင့် M.A သီရိလင်္ကာဘွဲ့ရ)၏ မတည်ငွေနှင့် ကျေးရွာနေပြည်သူများ ထည့်ဝင်လှူဒါန်းငွေတို့ဖြင့် တည်ဆောက်ထားသော ကျေးရွာဘဝအလင်းရောင်စာကြည့်တိုက်သို့ ဧပြီ ၂၂ ရက် နံနက် ၁၁ နာရီခွဲက မြိုင်မြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးအေးနွဲ့တို့သည် ဆရာတော်နှင့် စာကြည့်တိုက်မှူးများအားတွေ့ဆုံ၍ စာကြည့်တိုက်ကိုကြည့်ရှုကာ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်သူတိုးပွားရေးတို့ကို အားပေးစကားပြောကြားကြောင်း သိရသည်။ (၁၃၅)

# သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၂**

အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် မြောင်းမြခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ကယ်ဆယ်ရေးပစ္စည်းများ အသင့်သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြောင်းမြမြို့နယ် ဘူးဒင်းကွင်း ရေကျော်ကျေးရွာအုပ်စု ကျောက်ကမ်းပါးကျေးရွာတွင် သောက်သုံးရေသိုလှောင်ရန် မြေသားရေကန်တူးဖော်နိုင်ရေးအတွက် ထောက်ပံ့ငွေကျပ် ၃၂ သိန်းကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လပွတ္တာမြို့ လူငယ့်အားမာန်သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး၊ ကာကွယ်ရေး၊ အလျင်အမြန်တုံ့ပြန်ရေး၊ ပြန်လည်ထူထောင်ရေးတွင် ပိုမိုကောင်းမွန်သော အခြေအနေတစ်ရပ် ရရှိရေးဖော်ဆောင်ရမည့်ကိစ္စရပ်များ၊ ဘေးအန္တရာယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး တပ်ဖွဲ့ဖွဲ့စည်းနိုင်ရေး ကိစ္စရပ်များကိုဆွေးနွေးဆောင်ရွက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနလက်အောက်ရှိ နာဂစ်အလွန် မိဘမဲ့ကလေးများအား စောင့်ရှောက်ထားသော လူငယ့်အားမာန်သင်တန်းကျောင်းတွင် ပြုစုစောင့်ရှောက်ထားသည့် သင်တန်းသား၊ သင်တန်းသူ ၄၃ ဦးအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး ကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များသင်ကြားပေးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ပေးရေးတို့ကို အလေးထားဆောင်ရွက်ရန်မှာကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လပွတ္တာခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးသိုလှောင်ရုံအား ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လပွတ္တာ-သက်န်းကြီး-ပြင်စလူလမ်း မိုင်တိုင် (၂/၁)၌ လမ်းတာပေါင် ရွှေ့မြစ်ရေတိုက်စားသဖြင့် ပျက်စီးမှုအခြေအနေအား ကြည့်ရှုပြီး တာပေါင်အား မိုးမကျမီတည်ဆောက်နိုင်ရန် ငွေကျပ် ၈၇ ဒသမ ၈ သန်းကို အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှကျခံသုံးစွဲရန် ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သက်န်းကြီးကျေးရွာ ဘက်စုံသုံးမုန်တိုင်းဒဏ်ခံ အဆောက်အအုံ၌ ကျေးရွာလူထုနှင့်တွေ့ဆုံကာ မိမိတို့အနေဖြင့်ရပ်ရွာများတွင် ရပ်ရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များကို ဖော်ထုတ်ပြီး ထိရောက်သောကြိုတင်ကာကွယ်မှုများဖြင့် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်တုံ့ပြန်ရန် အသင့်ဖြစ်စေရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှုကို သင်ခန်းစာယူ၍ ပိုမိုကောင်းမွန်သောအခြေအနေတစ်ရပ်ရရှိရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သဘာဝဘေးနှင့် ပတ်သက်ပြီး အဆင်သင့်ဖြစ်မှုသည် လမ်းပန်းဆက်သွယ်ရေးနှင့် အဓိကသက်ဆိုင်ပါကြောင်း၊ လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ သဘာဝ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး လပွတ္တာမြို့နယ် ဒေသခံများနှင့် တွေ့ဆုံစဉ်

ဘေးတုံ့ပြန်မှုများ ဆောင်ရွက်ရာတွင် ပြည်သူများ အားလုံးပါဝင်ဆောင်ရွက်မှသာ ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး ရပ်ရွာလူထု၏ ဆွေးနွေးချက်နှင့်လိုအပ်ချက်များ အပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီး၏ ခရီးစဉ်အတွင်း သက်န်းကြီးကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများတွင် ဆိုလာမီး ဖြည့်ဆည်းပေးနိုင်ရေး၊ ဘင်္ဂလားပင်လယ်အော်ဝင်ပေါက်ဖြစ်သည့် ဂုံညှင်းတန်း ကျေးရွာတွင် School Cum Shelter တစ်လုံး တည်ဆောက်ပေးနိုင်ရေးနှင့် ဇင်ရွဲလေးကျေးရွာနှင့် သက်န်းကြီးကျေးရွာရှိ ဘက်စုံသုံး မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး ကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

❊ ရှေ့ဖုံးမှ

အထည်ဖော်နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင်နှင့် လုပ်ငန်းစီမံချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်တွင် ၂၀၁၇ ခုနှစ် မေ ၅ ရက်တွင် ကျင်းပခဲ့ကြောင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပုဂ္ဂလိကပိုင်းမှ ပါဝင်ရမည့်အပိုင်းကဏ္ဍနှင့် အလှူရှင်များပါဝင်ကူညီနိုင်မည့် နယ်ပယ်များကိုလည်း ညှိနှိုင်းဖော်ထုတ်ခဲ့ကြကြောင်း။

**အခက်အခဲများကို ကြားနာဖြေရှင်းပေး**

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်ပြီး ကဏ္ဍအလိုက် ရွေးချယ်စုစည်းထားသည့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို ကြားနာဖြေရှင်းပေးလျက်ရှိရာ ယခုဆိုလျှင် ပဉ္စမအကြိမ်အထိ ဆောင်ရွက်ခဲ့ပြီး ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက အကြံပြုတင်ပြချက် ၈၃ ချက်တင်ပြခဲ့ကြကြောင်း၊ ယင်းတင်ပြချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာန ၁၇ ခု၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် လုပ်ငန်းကော်မတီများမှ ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း။

**အကောင်အထည်ဖော်ရန်လိုအပ်**

လုပ်ငန်းရှင်များ၏ တင်ပြချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ထိထိရောက်ရောက်နှင့် အမြန်ဆုံးပြန်ကြားပေးရန် ပြောကြားလိုကြောင်း၊ ယခုလုပ်ငန်းစဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက တက်တက်ကြွကြွပီပီပြင်ပြင် ဝိုင်းဝန်းဆက်လက်အကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း။

ဥပဒေနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေးလုပ်ငန်း ကော်မတီအနေဖြင့် စီးပွားရေးနှင့်သက်ဆိုင်သည့် ဥပဒေများနှင့် စပ်လျဉ်း၍ ပြင်ဆင်သင့်သည့် ဥပဒေများကို ပြင်ဆင်နိုင်ရေးနှင့် လိုအပ်သည့် စီးပွားရေးဆိုင်ရာဥပဒေ အသစ်များပြဋ္ဌာန်းနိုင်ရေးတို့အတွက် ဥပဒေဆိုင်ရာအကြံပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီအနေဖြင့် ပို့ကုန်သွင်းကုန်များအား ဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချပြုလုပ်ရာ၌ လုပ်ငန်းကြန့်ကြာမှုများ ဖြစ်ပေါ်နေကြောင်း တင်ပြလာသည့်အတွက် လုပ်ငန်းကော်မတီအနေဖြင့်ကွင်းဆင်းပြီး လတ်တလောဖြေရှင်းပေးရမည့် အခြေအနေများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ဆိပ်ကမ်းများတွင် ကုန်သေတ္တာယာဉ်များ ယခင်နှစ် သင်္ကြန်ကာလကဲ့သို့ ကျပ်တည်းမှုမရှိစေရေးကို ကြိုတင်ဆောင်ရွက်ထားနိုင်ရန် တာဝန်ရှိသူများက မြန်မာ့စက်မှုဆိပ်ကမ်းတွင် ပို့ကုန်သွင်းကုန်လုပ်ငန်းများနှင့် သက်ဆိုင်သည့်လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ရှိသူများ တွေ့ဆုံ၍ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း။

**တင်းကျပ်မှုများဖြေလျှော့နိုင်ရေးဆောင်ရွက်မည်**

အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီအနေဖြင့် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ချိတ်ဆက်ဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရေး အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နှီးနှောဖလှယ်ပွဲကို ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများဆောင်ရွက်ရေး လုပ်ငန်းကော်မတီအနေဖြင့် အမေရိကန် ဒေါ်လာဈေးနှုန်းမြင့်တက်ရခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ကိစ္စများ၊ ငွေကြေးရရှိစေနိုင်မှု ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြပြီး ပုဂ္ဂလိက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေရရှိနိုင်မှု အခွင့်အလမ်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာရေးအပြင် ဘဏ်စရိတ်များ၊ အခွန်အခများ၊ လုပ်ထုံးလုပ်နည်းတင်းကျပ်မှုများ ဖြေလျှော့ပေးနိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်က ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာအောင် တစ်ဖက်ကလိုအပ်သည့် ဥပဒေမူဘောင်နှင့် နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများ ပြဋ္ဌာန်းဆောင်ရွက်ပေးသကဲ့သို့ အကောင်အထည်ဖော်မည့် အင်စတီကျူးရှင်းအပိုင်းများကိုလည်း တစ်ပြိုင်နက် စုဖွဲ့ဆောင်ရွက်လျက်ရှိကြောင်း။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအလိုက် စည်းမျဉ်းလုပ်ထုံးလုပ်နည်းများ လိုအပ်သကဲ့သို့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် တိုးတက်ကောင်းမွန်နိုင်ရေးအတွက်လည်း ဝန်ကြီးဌာနများမှ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် လိုအပ်ချက်ရှိနေသည့် အခြေအနေများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကော်မတီတွဲဖက်အတွင်းရေးမှူးများက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ဖြေလျှော့ဆောင်ရွက်ပေးရန် ပုဂ္ဂလိကအဖွဲ့အစည်းများ၏ တင်ပြချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီ၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေးလုပ်ငန်းကော်မတီ၊ စီးပွားရေးနှင့်ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးလုပ်ငန်းကော်မတီနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်ပေးသွားရမည့် လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြသည်။

**အောင်မြင်အောင်ဆောင်ရွက်ရန် တိုက်တွန်း**

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက မိမိတို့သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများအပေါ် အောင်မြင်အောင် ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယခုအစည်းအဝေးသည် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ တတိယအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးဖြစ်ပြီး အစည်းအဝေးသို့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)နှင့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံနယ်စပ်တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် တရုတ်နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ မေ ၁၇ ရက်မှ ၂၂ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်ခရီးသွားရောက်ခဲ့သည်။

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်သည် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ၊ နိုင်ငံတော်လုံခြုံရေးရာဝန်ကြီး မစ္စတာ ချန်ဝမ်ချင်၊ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လျိုးကျန်းမင်တို့နှင့် ပေကျင်းမြို့၌ သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံအဆင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူ များအကြား ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံမှ ကူညီဆောင်ရွက်ပေးမှုများ၊ နှစ်နိုင်ငံ နယ်စပ်တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ တရုတ်နိုင်ငံမှ အဆိုပြုထားသည့် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" အစီအစဉ်နှင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ကူမင်းမြို့သို့ရောက်ရှိစဉ်၌ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ ဒုတိယအတွင်းရေးမှူး မစ္စတာ လီရှီလင်းနှင့်လည်းကောင်း၊ ယူနန်တက္ကသိုလ်ရှိ မြန်မာ့ရေးရာလေ့လာရေးဌာနမှ ပါမောက္ခများ၊ သုတေသီများ၊ ကျောင်းသားများနှင့် လည်းကောင်း တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ရှိရင်းစွဲ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတော်အစိုးရ၏ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရန် ကြိုးပမ်းမှုများ၊ အောင်မြင်မှုများနှင့် စိန်ခေါ်မှုများ၊ မျက်မှောက်ခေတ်တွင် ကြုံတွေ့နေရသည့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးစွာဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းအား တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး လျိုးကျန်းမင်က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်**



# အာခါစာပေနှင့်ယဉ်ကျေးမှု(ဗဟို)အဖွဲ့ တရားဝင်ဖွဲ့စည်းရေး ညှိနှိုင်းစည်းဝေး



**ကျိုင်းတုံ မေ ၂၂**

အာခါစာပေနှင့်ယဉ်ကျေးမှု(ဗဟို)အဖွဲ့ တရားဝင်ဖွဲ့စည်းနိုင်ရန်အတွက် ကျိုင်းတုံမြို့ ဟိုတယ်သစ်အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ရှမ်းပြည်နယ် အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဗေလှအပါအဝင် မြို့နယ်အသီးသီးမှ အာခါစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ တွေ့ဆုံ၍ အစည်းအဝေးကျင်းပသည်။

"အာခါစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ တရားဝင်ဖြစ်အောင် အသင်းအဖွဲ့ ဥပဒေအရ မှတ်ပုံတင်ဖို့လိုမယ်။ အခုမှတ်ပုံတင်ဖို့ အသင်းအဖွဲ့ စည်းမျဉ်းစည်းကမ်းဆိုင်ရာ စာတမ်းဖတ်အစည်းအဝေးပွဲ ကျင်းပတယ်။ တစ်ဦးနဲ့တစ်ဦး အာဃာတမထားဖို့၊ ကိုယ့်လူမျိုး၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှုနဲ့ ပတ်သက်တာဖြစ်တယ်"ဟု ပြည်နယ်ဝန်ကြီးက အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

အစည်းအဝေးကို ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းပျဉ်း၊ မိုင်းလား၊ တာချီလိတ်၊ မိုင်းဖြတ်၊ တာလေ၊ မိုင်းဆတ်မြို့နယ်တို့မှ အာခါစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌများ၊ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အစည်းအဝေးတွင် အာခါစာပေနှင့်ယဉ်ကျေးမှု(ဗဟို)အဖွဲ့ တရားဝင်ဖွဲ့စည်းရေးမှ ဦးဆောင်ဆွေးနွေးသူ ဦးမားကိုစ်က ဗဟိုအဖွဲ့ ဖွဲ့စည်းပုံနှင့် စည်းမျဉ်းမူကြမ်း ရေးဆွဲထားသည်တို့ကို အခန်းအလိုက် ရှင်းလင်းတင်ပြ၍ လျာထားသည့် ဗဟိုနာယကအဖွဲ့ဝင်အမည်စာရင်း၊ ဗဟိုအလုပ်အမှုဆောင်အမည်စာရင်းများ ဖတ်ကြားတင်ပြရာ တက်ရောက်လာသူများက အစုသုံးခုဖွဲ့ဆွေးနွေးကြပြီး တစ်ဖွဲ့ချင်းစီက မေးခွန်းများမေးမြန်းခြင်း၊ သဘောထားများပြောကြားခြင်းတို့ ဆောင်ရွက်သည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# ချောင်းဝကျေးရွာ ဦးဖိုးကျော့ပညာဒါန စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**ကျောက်ဖြူ မေ ၂၂**

ကျောက်ဖြူမြို့နယ် ချောင်းဝအုပ်စု ချောင်းဝကျေးရွာ၌ မေ ၂၂ ရက် နံနက် ၁၀ နာရီက ဖိုးကျော့ပညာဒါနစာကြည့်တိုက် ဖွင့်ပွဲကျင်းပခဲ့ရာ ကျောက်ဖြူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ယုယုနွယ်၊ စာရေးဆရာ ဦးဖိုးကျော့၊ ချောင်းဝကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါအခမ်းအနားကို ချောင်းဝဆရာတော် ဘဒ္ဒန္တဥက္ကံသနှင့် ချောင်းဖျားဆရာတော် ဦးဥတ္တရတို့က စာကြည့်တိုက်ဖွင့်ပွဲသြဝါဒမိန့်ကြားခဲ့ပြီး ချောင်းဝကျေးရွာမှ အမျိုးသားစာပေဆုရ၊ စာပေဗိမာန်ဆုရ စာရေးဆရာ ဦးဖိုးကျော့မှ စာကြည့်တိုက်ဖွင့်လှစ်ရခြင်း အကြောင်း ပြောကြားခဲ့ကာ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ယုယုနွယ်က ယခုကဲ့သို့ စာကြည့်တိုက်များအား ကိုယ့်အားကိုယ်ကိုးဖွင့်လှစ်တဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ စာကြည့်တိုက်များရေရှည်တည်တံ့အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ကလေးသူငယ်များနှင့်ကျေးရွာရှိ လူကြီးမိဘများကလည်း ဗဟုသုတစာပေများကို အချိန်အားလျှင်အားသလို စာကြည့်တိုက်သို့ သွားရောက်ဖတ်ရှုကြပါ၊ ဒါမှ ဗဟုသုတရရှိပြီး အသိပညာများတိုးပွားလာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျာမနီနိုင်ငံသို့ ချစ်ကြည်ရေး ခရီးထွက်ခွာ

**နေပြည်တော် ဧပြီ ၂၂**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂျာမနီနိုင်ငံ တပ်မတော်စစ်ဦးစီးချုပ် General Volker Weiker ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဇော်သိန်းနှင့် တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E.Mr. Christian-Ludwig Weber-Lortsch နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည်။

မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဂျာမနီနိုင်ငံသို့ အသွားခရီးတွင် ဩစတြီးယားနိုင်ငံသို့ အလုပ်သဘောဝင်ရောက်၍ ဩစတြီးယားနိုင်ငံ တပ်မတော်စစ်ဦးစီးချုပ်နှင့် တွေ့ဆုံပြီး စက်မှုလုပ်ငန်းများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ် (သတင်းစဉ်)

# ဟားခါးမြို့နှင့် ဖလမ်းမြို့တို့မှ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ ရုံးများအား ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖလမ်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ထုတ်လွှင့်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

**ဖလမ်း ဧပြီ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့်အတူ ဧပြီ ၂၁ ရက် နံနက်ပိုင်းက ဟားခါးမြို့ ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မည့် မြေနေရာနှင့် မြို့တော်ခန်းမနေရာတို့ကို ကြည့်ရှုကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ချင်းပြည်နယ်ဝန်ကြီးချုပ်တို့သည် နံနက် ၈ နာရီက ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် လျာထားသည့် မြေနေရာကို ကြည့်ရှုပြီး ဟားခါးမြို့ ပြည်ထောင်စုရိပ်သာ၌ ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများဖြစ်သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားထုတ်လွှင့်မှုနှင့် ရေဒီယိုထုတ်လွှင့်မှုဆိုင်ရာများ၊ စာကြည့်တိုက်များဖွံ့ဖြိုးရေး၊ သတင်းစာဖြန့်ချိရေးကိစ္စရပ်များနှင့် ချင်းပြည်နယ်အတွင်း သတင်းလွှာထုတ်ဝေနိုင်ရေးကိစ္စရပ်များ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့သွားရောက်ကာ ခင်းကျင်းပြသထားသော ပြခန်းငယ်၊ စာအုပ်စာပေစုဆောင်းမှုအခြေအနေ၊ ကလေးစာဖတ်ခန်းများအားကြည့်ရှုပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်းများ၏ သားသမီးများအတွက် စာအုပ်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်နှင့်အတူ ဟားခါး-ဖလမ်းလမ်းပေါ်ရှိ လုံပီး/လုံရန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ဦးဥတ္တမသာရ စာကြည့်တိုက်သို့ရောက်ရှိရာ စာကြည့်တိုက်ကော်မတီဝင်များက စာကြည့်တိုက်ဖွင့်လှစ်မှုအခြေအနေအား တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်သည်။

ယင်းနောက် ညနေပိုင်းတွင် ဖလမ်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ထုတ်လွှင့်မှုအခြေအနေ၊ စက်ပိုင်းဆိုင်ရာများနှင့် ဝန်ထမ်းအိမ်ရာများကိုလည်းကောင်း၊ ဖာရ်ထောက်ရပ်ကွက်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခရိုင်ရုံးသို့ သွားရောက်၍ ခရိုင်ရုံးအတွင်းရှိ ပြခန်းငယ်နှင့် ရုံးတွင်းလုပ်ငန်း ဆောင်ရွက်မှုအခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား မှာကြားကာ ဝန်ထမ်းမိသားစု သားသမီးများအတွက် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေး- ရန်ကုန် သင်္ကြန်အထူးရထား ဧပြီ ၂၃ ရက်တွင် ထပ်မံတိုးချဲ့ပြေးဆွဲပေးမည်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် ဧပြီ ၂၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ သင်္ကြန်ကြိုကာလနှင့် သင်္ကြန်တွင်းကာလများတွင် ပုံမှန်ပြေးဆွဲပေးလျက်ရှိသော ရထားများအပြင် သင်္ကြန်အထူးရထားများကို ပြေးဆွဲပေးလျက်ရှိရာ ယခုလတ်တလောအခြေအနေတွင် မန္တလေးမှရန်ကုန်မြို့သို့ ပြန်လိုသော ခရီးသည်များ အဆင်ပြေစေရန်အတွက် သင်္ကြန်အထူးရထားတစ်စင်းကို **(ယနေ့)** ဧပြီ ၂၃ ရက် ညနေပိုင်းတွင် ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

"မန္တလေးမှာ သင်္ကြန်ပြီးကာလဆိုတော့ ရန်ကုန်ပြန်မယ့် ခရီးသည်တွေ အခုလတ်တလောများနေတယ်။ ပုံမှန်ဆိုရင်တော့ ကျွန်တော်တို့ မြန်မာ့မီးရထားအနေနဲ့ ဧပြီ ၂၂ ရက်မှာ မန္တလေးကနေ ရန်ကုန်ကိုဆင်းမယ့် သင်္ကြန်အထူးရထားနားပြီ။ ဒါက မန္တလေးဘက်ကနေ ရန်ကုန်ဆင်းမယ့် လမ်းပိုင်းပါ။ ရန်ကုန်ကနေပြီးတော့ ဧပြီ ၂၃ ရက်ဆိုနားတယ်။ ဒါပေမယ့် လက်ရှိအခြေအနေအရ မန္တလေးဘူတာကြီးမှာက ရန်ကုန်ပြန်ချင်တဲ့ ခရီးသည်တွေ များနေတာကြောင့် ခရီးသည်တွေရဲ့လိုအပ်ချက်အရ ဧပြီ ၂၃ ရက်မှာ သင်္ကြန်အထူးရထားတစ်စင်းကို ခရီးသည်တွေရဲ့လိုအပ်ချက်အရ ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားဖို့ မြန်မာ့မီးရထားအနေနဲ့ စီစဉ်ခဲ့တာဖြစ်ပါတယ်။ မြန်မာ့မီးရထား တိုင်းအမှတ်(၇) ခရီးသွားလာပို့ဆောင်ရေးဌာနခွဲမှ တိုင်းမန်နေဂျာ ဦးဇော်လွင်က ပြောသည်။

မြန်မာ့မီးရထားသည် ယခုနှစ်သင်္ကြန်တွင် မူလအစီအစဉ်အရ သင်္ကြန်ကြိုကာလတွင် သင်္ကြန်အထူးရထား အစုန်/အဆန် ၁၃ ဆိုင်း တိုးချဲ့ပြေးဆွဲပေးရန် လျာထားခဲ့သော်လည်း ဧပြီ ၁၂ ရက်တွင် ယခုကဲ့သို့ ရန်ကုန်မြို့မှ နယ်မြို့များသို့ ပြန်လိုသည့် ခရီးသည်များ၏ လိုအပ်ချက်အရ သင်္ကြန်အထူးရထားတစ်စင်းထပ်မံတိုးချဲ့ ပြေးဆွဲပေးခဲ့သည်။ ယခုသင်္ကြန်ပြီးကာလတွင်လည်း ယခင်မူလသတ်မှတ်ပြေးဆွဲရန်လျာထားမှုမှာ သင်္ကြန်အထူးရထား အစုန်/အဆန် ၁၃ ဆိုင်း ပြေးဆွဲပေးရန် လျာထားသော်လည်း ဧပြီ ၂၃ ရက်တွင် မန္တလေးဘူတာကြီး၌ ရန်ကုန်ပြန်ဆင်းလိုသည့် ခရီးသည်များဆန္ဒအရ မြန်မာ့မီးရထားအနေဖြင့် သင်္ကြန်အထူးရထားတစ်စင်းကို ထပ်မံတိုးချဲ့ပြေးဆွဲပေးခဲ့ရာ ယခုနှစ်သင်္ကြန်တွင် သင်္ကြန်အထူးရထား စုစုပေါင်း အစုန်/ အဆန် ၂၈ စင်းကို ပြေးဆွဲပေးခဲ့ခြင်းဖြစ်သည်။

ဧပြီ ၂၃ ရက်တွင် တိုးချဲ့ပြေးဆွဲပေးမည့် သင်္ကြန်အထူးရထားသည် မန္တလေးဘူတာကြီးမှ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ထွက်ခွာမည်ဖြစ်ပြီး နောက်တစ်နေ့ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်မည်ဖြစ်သည်။ ယင်းသင်္ကြန်အထူးရထားတွင် ရိုးရိုးတန်းတွဲဆိုင်း ကိုးဆိုင်း၊ အထက်တန်းတွဲဆိုင်း သုံးဆိုင်းနှင့် ဘရိတ်တွဲအပါအဝင် စုစုပေါင်း တွဲဆိုင်း ၁၃ တွဲ ပါဝင်မည်ဖြစ်ပြီး ခရီးသည်စုစုပေါင်း ၇၀၀ ခန့် တင်ဆောင်နိုင်မည်ဖြစ်ကာ လက်မှတ်ခများကို လည်း ရိုးရိုးတန်းငွေကျပ် ၄၆၅၀၊ အထက်တန်း ငွေကျပ် ၉၃၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ယခုနှစ်တွင်ပြေးဆွဲပေးသည့် ရန်ကုန်-မန္တလေး အစုန်/အဆန် သင်္ကြန်အထူးရထားများသည် ကြားဘူတာများဖြစ်သည့် သိုးကြောင်ကလေး၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်နှင့် သာစည်ဘူတာများတွင်သာ ရပ်နားသဖြင့် ခရီးသည်အများစုမှာ ၃ အဆန်နှင့် ၄ အစုန်ရထားများကဲ့သို့ ဘူတာစဉ်တွင် ရပ်နားပေးပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း ခရီးသွားပြည်သူများထံမှ သိရသည်။



သင်္ကြန်အထူးရထားစီးနင်းလိုက်ပါမည့် ခရီးသည်များ လက်မှတ်ဝယ်ယူရန် တန်းစီနေသည်ကို တွေ့ရစဉ်

# ဘက်စုံပညာထူးချွန်လူငယ်များ ပဉ္စမအကြိမ် ပုဂံ၊ အင်းလေးနှင့် ငွေဆောင် အပန်းဖြေလေ့လာရေးခရီး . . .

**သတင်းဆောင်းပါး-ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-တင်မောင်လွင်(မြန်မာ့အလင်း)**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်မည်ဆိုလျှင် ပညာရေးသည် အထူးအရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်သည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံအများစုကို လေ့လာပါက ပညာရေးစနစ် အလွန်မြင့်မားတိုးတက်ကောင်းမွန်နေသည်ကို မြင်တွေ့နိုင်သည်။ မိမိတို့နိုင်ငံသည်လည်း ပညာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရအဆက်ဆက် မြှင့်တင်ဆောင်ရွက်ပေးခဲ့သည်မှာ ယနေ့ခေတ်တိုင်ပင်ဖြစ်သည်။



၂၀၁၅ ခုနှစ် အင်းလေးခေါင်တိုင်အပန်းဖြေစခန်းတွင် ဘက်စုံပညာထူးချွန်လူငယ်များ လေ့ကျင့်ခန်းပြုလုပ်စဉ်

## လေ့ကျင့်ပျိုးထောင်

ပညာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ပညာရည်ထူးချွန်ပြီး ကျန်းမာသန်စွမ်း၍ အကျင့်စာရိတ္တကောင်းမွန်သည့် ကျောင်းသားလူငယ်များအဖြစ် လေ့ကျင့်ပျိုးထောင်ရန်ရည်ရွယ်ပြီး "လူရည်ချွန်" စီမံကိန်းကို ၁၉၆၄ ခုနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် "လူရည်ချွန်" စီမံကိန်းအစီအစဉ်ကို အကြောင်းအမျိုးမျိုးကြောင့် ရပ်နားခဲ့သည်။

ယခင်က "လူရည်ချွန်" အမည်ကို ၂၀၁၃ ခုနှစ်တွင် "ဘက်စုံပညာထူးချွန်လူငယ်"ဟု ပြောင်းလဲခေါ်ဝေါ်သတ်မှတ်ကာ ဆက်လက်အသက်သွင်းခဲ့ခြင်းဖြစ်သည်။

ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်းကို ပညာရေးဝန်ကြီးဌာနက ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး ၂၀၁၃ ခုနှစ်ကစ၍ ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ ယခုနှစ်ဆိုလျှင် ပဉ္စမအကြိမ်မြောက်ရှိပြီဖြစ်သည်။ ယခုနှစ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးမှ တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့မှ ၁၇၆ ဦးစီဖြင့် ပညာရေးဝန်ကြီးဌာနက စိစစ်ရွေးချယ်ထားသည့် ဘက်စုံပညာထူးချွန်လူငယ် ၅၂၈ ဦးသည် ဧပြီ ၂၇ ရက်တွင် သတ်မှတ်ထားသည့် စုရပ်များသို့ရောက်ရှိမည်ဖြစ်ပြီး သတ်မှတ်ထားသည့် သက်ဆိုင်ရာ အပန်းဖြေစခန်းသုံးခုသို့ သွားရောက်လေ့လာကြတော့မည်ဖြစ်သည်။

## ကွင်းဆင်းလေ့လာ

အဋ္ဌမတန်းဘက်စုံပညာ ထူးချွန်လူငယ်များအတွက် ပုဂံအပန်းဖြေစခန်း၊ နဝမတန်းဘက်စုံပညာထူးချွန်လူငယ်များအတွက် အင်းလေး ခေါင်တိုင်အပန်းဖြေစခန်းနှင့် ဒသမတန်းဘက်စုံပညာထူးချွန်လူငယ်များအတွက် ငွေဆောင်အပန်းဖြေစခန်းတို့ကို ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။ စခန်းဝင်သည့် ကာလအတွင်း လူရည်ချွန်ဟောင်းများနှင့်တွေ့ဆုံခြင်း၊ ဒေသတွင်း ထူးခြားသည့်နေရာများသို့ လှည့်လည်လေ့လာပြီး ဒေသန္တရဗဟုသုတများ ရှာဖွေခြင်း၊ ဒေသခံများ၏ နေ့စဉ်လှုပ်ရှားရုန်းကန်နေရသည့် လူမှုဘဝများကို ကွင်းဆင်းလေ့လာခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အင်းလေးခေါင်တိုင် အပန်းဖြေစခန်းသည် ညောင်ရွှေမြို့ ခေါင်တိုင်ကျေးရွာတောင်ဘက်တွင် တည်ရှိပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ က လူရည်ချွန် အပန်းဖြေစခန်းဟောင်း ဖြစ်သောကြောင့် လူတော်လူကောင်းများကို မွေးထုတ်ပေးသည့် သမိုင်းဝင်နေရာတစ်ခုအဖြစ် ထင်ကျန်နေဆဲဖြစ်သည်**

အင်းလေးခေါင်တိုင်စခန်းသို့ လာရောက်အပန်းဖြေမည့် နဝမတန်းထူးချွန်လူငယ်များသည် ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မန္တလေး၌ စုရပ်အဖြစ် နှစ်ညအိပ်မည်ဖြစ်သည်။ ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် မန္တလေးမှ စတင်ထွက်ခွာပြီး ယင်းနေ့ညနေပိုင်းတွင် တည်းခိုမည့် အင်းလေး ဟူပင်ဟိုတယ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အင်းလေးအပန်းဖြေစခန်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့်



၂၀၁၅ ခုနှစ် အင်းလေးခေါင်တိုင် အထကတွင် ဘက်စုံပညာထူးချွန်လူငယ်များ လက်တွေ့တောစခန်းချပြုလုပ်စဉ်

စခန်းမှူး ဦးမြင့်အောင်က " ကျွန်တော်တို့ အင်းလေးခရီးစဉ်မှာ ကြီးကြပ်ဆရာ ဆရာမ ၁၈ ဦးနဲ့အတူ နဝမတန်း ဘက်စုံပညာထူးချွန်လူငယ် ၁၇၆ ဦးအနေနဲ့ ဧပြီ ၂၉ ရက်မှာ မန္တလေးစုရပ်ကနေ အင်းလေးကို ထွက်ခွာပါမယ်။ ဧပြီ ၃၀ ရက် နံနက်ပိုင်းမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေးနဲ့ပတ်သက်လို့ ဟောပြောပွဲလုပ်ပါမယ်။ ညနေပိုင်းမှာ လူရည်ချွန်ဟောင်းတွေနဲ့ တွေ့ဆုံမှာပါ။

"မေ ၁ ရက်မှာ အင်းလေးခေါင်တိုင်အပန်းဖြေစခန်း ဖွင့်ပွဲလုပ်ပါမယ်။ မေ ၂ ရက်နေ့အစီအစဉ်က အင်းလေးကန်အတွင်းမှာရှိတဲ့ ရေပေါ်စိုက်ခင်း ကေလာရေခြံ၊ ဟဲယားရွာမမှာရှိတဲ့ ငွေထည်လုပ်ငန်း (စိန်သမာဓိ)နဲ့ အင်းလေးရိုးရာ ရက်ကန်းရုံတွေကို သွားရောက်လေ့လာမှာဖြစ်ပါတယ်။

"မေ ၃ ရက်မှာတော့ ပင်းတယမြို့နယ် ခနဒေသလေ့လာရေးခရီးစဉ်အဖြစ် ရွှေဥမင်သဘာဝလိုဏ်ဂူနဲ့ ပင်းတယမြို့နယ်အတွင်းမှာရှိတဲ့ ထီးလုပ်ငန်းတွေကို သွားရောက်လေ့လာပြီး တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်ကို လေ့လာဖို့စီစဉ်ထားပါတယ်။

"မေ ၄ ရက် ခရီးစဉ်က ရှေးဟောင်းအမွေအနှစ်များလေ့လာရေးအဖြစ် ဟိုပုံးမြို့နယ်မှာရှိတဲ့ ထမ်စမ်းဂူကို သွားရောက်လေ့လာမှာဖြစ်ပြီး အပြန်မှာတော့ တောင်ကြီးမြို့နယ်မှာရှိတဲ့ မွေတော်ကက္ကူ၊ ရွှေဘုန်းပွင့်နဲ့ မြို့ပေါ်ရှိ စူဠာမုနိဘုရားကို ဖူးမြော်ကြည်ညိုမှာဖြစ်ပါတယ်။ အဲဒီနေ့ညပိုင်းမှာပဲ တောင်ကြီးမြို့ အထက(၁) ကျောင်းဝင်းအတွင်းမှာ မီးပုံပွဲလည်း ဆက်လက်ကျင်းပသွားဖို့ရှိပါတယ်။

"မေ ၅ ရက် နံနက်ပိုင်းမှာတော့ သက်ဆိုင်ရာဒေသအသီးသီးကို ပြန်လည်ထွက်ခွာဖို့ အထက်မြန်မာပြည်အတွက် ကားနှစ်စီး၊ အောက်မြန်မာပြည်အတွက် ကားနှစ်စီးနဲ့ နေပြည်တော်အတွက် ကားတစ်စီးစီစဉ်ထားပါတယ်"ဟု ပြောသည်။

အင်းလေးခေါင်တိုင်အပန်းဖြေစခန်းသည် ညောင်ရွှေမြို့ ခေါင်တိုင်ကျေးရွာတောင်ဘက်တွင် တည်ရှိပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ က လူရည်ချွန်အပန်းဖြေစခန်းဟောင်းဖြစ်သောကြောင့် လူတော်လူကောင်းများကို မွေးထုတ်ပေးသည့် သမိုင်းဝင်နေရာတစ်ခုအဖြစ် ထင်ကျန်နေဆဲဖြစ်သည်။

## ပြန်လည်အသက်ဝင်

ဘက်စုံပညာထူးချွန်လူငယ်များ အပန်းဖြေအနားယူနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ၁၉၆၅ ခုနှစ်တွင် အင်းလေးခေါင်တိုင် အပန်းဖြေစခန်းအဖြစ် သတ်မှတ်ပေးခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ပိတ်သိမ်းခဲ့ကြောင်း လေ့လာသိရှိရသည်။ ဒီမိုကရေစီအစိုးရလက်ထက် ၂၀၁၃ ခုနှစ်တွင် ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်းအဖြစ် ပြန်လည်အသက်သွင်းလိုက်သောကြောင့် အင်းလေးခေါင်တိုင်အပန်းဖြေစခန်းဟောင်းသည်လည်း ၂၀၁၅ ခုနှစ်မှ စတင်ကာ ပြန်လည်အသက်ဝင်ခဲ့သည်။

မကြာမီအချိန်တွင် ဘက်စုံပညာထူးချွန်လူငယ်လေးများ အင်းလေးခေါင်တိုင်အပန်းဖြေစခန်းသို့ သွားရောက်လေ့လာခွင့်ရမည်ဖြစ်သည့်အတွက် များစွာဝမ်းသာမဆုံး ဖြစ်နေသည်မှာ ဧကန်မုချမလွဲဖြစ်ပေမည်။

"ယနေ့လူငယ် နောင်ဝယ်လူကြီး"ဟု ဆိုရိုးအတိုင်း ကျောင်းသား လူငယ်လေးများသည် နောင်တစ်ချိန်အသက်အရွယ်ကြီးလာသည့်အခါ နိုင်ငံတော်၏ ကြီးလေးသည့် တာဝန်များကို ထမ်းဆောင်နိုင်မှသာ မိမိ၏တာဝန်ကျေပွန်နိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ တာဝန်များထမ်းဆောင်နိုင်ရန်လည်း ယခုအချိန်မှစ၍ အစွမ်းကုန် ကြိုးစားကြရမည်ဖြစ်သည်။

ဤစီမံကိန်းသည် ပညာရည်ထူးချွန်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သော ကျောင်းသားလူငယ်များကို ရွေးချယ်စုစည်း လေ့ကျင့်ပျိုးထောင်ပေးသည့် ဘက်စုံစီမံကိန်းတစ်ခုဖြစ်သည်။ မှန်ကန်သောအကျိုးပြု ယှဉ်ပြိုင်မှုများဖြင့် နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်စေရန် လေ့ကျင့်ပေးသော သင်တန်းတစ်ခုလည်းဖြစ်သည်။ ဘက်စုံပညာထူးချွန်အပန်းဖြေစခန်း၌ နိုင်ငံတစ်ဝန်းလုံးမှ ကျောင်းသားလူငယ်လေးများ စုပေါင်းနေထိုင်လေ့ကျင့်ကြခြင်းဖြင့် ရိုင်းပင်းကူညီဆက်ဆံတတ်သည့် အလေ့အကျင့်ကောင်းများရရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်ဆောက်ရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။ ။

# စက်မှုလယ်ယာကြိုးပမ်းဆောင်ရွက်မှု ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်



**နေပြည်တော် မေ ၂၂**

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်မှုအဖြစ် စက်ဖြင့်ထွန်ယက်မှု ဧက ၈၈၅၀၀၀ လျာထားခဲ့သော်လည်း ၁၂၉၅၀၆၄ ဧက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ရိတ်သိမ်းခြွေလှေ့လုပ်ငန်း ၄၇၀၁၃ ဧက ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ စက်မှုလယ်ယာဦးစီးဌာနမှ နည်းပညာနှင့် စက်ကိရိယာအင်အားပံ့ပိုးမှုတို့ဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် စနစ်ကျလယ်ယာမြေ ၉၈၉၉ ဧက၊ ကုန်းမြင့်လယ်ယာမြေ ၈၈၄ ဧက ဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း၊ တောင်သူများအား ဝန်ဆောင်မှုပေးရာတွင် ယခင်က စက်မှုလယ်ယာစခန်းများတွင် လာရောက်ဆက်သွယ်ဆောင်ရွက်ခဲ့ရသော်လည်း ယခုအခါ လုပ်ငန်းပမာဏများပြားသော ဒေသများတွင် စိုက်ကွင်းများအရောက် ရှေ့တန်းစခန်းများဖွင့်လှစ် ဆောင်ရွက်ပေးခဲ့ရာ ရှေ့တန်းစခန်း ၂၃၈ ခုဖြင့် ဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ စက်မှုလယ်ယာ ကူးပြောင်းရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေချိန်တွင် မိမိတို့ကျရာအခန်းကဏ္ဍများမှ ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ပြုပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မေ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း စက်မှုလယ်ယာ ကြိုးပမ်းဆောင်ရွက်မှု ထူးချွန်ဆုပေးအပ်ပွဲအခမ်းအနားတွင် ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးလှကျော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်မှုလယ်ယာ ကြိုးပမ်းဆောင်ရွက်မှုထူးချွန်ဆုရ အရာထမ်းအမှုထမ်းများ တက်ရောက်ကြသည်။ အစီအစဉ်အရ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က ထူးချွန်ဆု ချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း စက်မှုလယ်ယာကြိုးပမ်းဆောင်ရွက်မှုထူးချွန်ဆုရ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ မြို့နယ်များမှ တာဝန်ရှိသူများ၊ ထူးချွန်ဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်မင်းဦးနှင့် ဦးစိုးလှိုင်တို့က ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ သဘာဝဘေး ပြန်လည်ထူထောင်ရေး ကြိုးပမ်းဆောင်ရွက်မှုထူးချွန်ဆုရ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအား ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဒုတိယဝန်ကြီး ဦးလှကျော်တို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။

နိုင်ငံတော်အစိုးရမှ ထွန်စက်နှင့် ထွန်ယက်ကိရိယာအသစ်များကို ပြည်ထောင်စုရန်ပုံငွေဖြင့် ဝယ်ယူဖြည့်တင်းပေးခဲ့ပြီး စက်မှုလယ်ယာကူးပြောင်းရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ရာ ထွန်စက်အသစ်တစ်စီးအနေဖြင့် ဧကလွှာ ၅၀၀/၆၀၀ သာ ဆောင်ရွက်နိုင်သော်လည်း ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် တစ်နှစ်လျှင် ဧကလွှာ ၁၀၀၀/၁၅၀၀ ကျော်အထိ ဆောင်ရွက်နိုင်ခဲ့သည်။ အလားတူ ရိတ်သိမ်းခြွေလှေ့စက်အသစ်အနေဖြင့် တစ်နှစ်လျှင် ဧက ၁၅၀/၂၀၀ သာ ဆောင်ရွက်နိုင်သော်လည်း ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် တစ်နှစ်လျှင် ဧက ၃၅၀/ ၄၀၀ ကျော်အထိရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ မြို့နယ်များမှ အရာထမ်း အမှုထမ်းများအား ယနေ့အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

# ဆွာချောင်းဖြတ်(အခမဲ့) လူကူးတံတား ရေရှည်ခိုင်ခံ့ရေး ဝန်ပိုတင်ဆောင်သွားလာမှုများ ရှောင်ရှားသင့်

**ရေတာရှည် မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့နှင့် ဆွာချောင်းအရှေ့ဘက်ခြမ်း ဒေသများ သွားလာရေးလွယ်ကူချောမွေ့စေရန် ဆွာမြို့ဒေသတွင်းရှိ ကျေးရွာများ၊ စေတနာရှင်များ စုပေါင်းထည့်ဝင်ကာ တည်ဆောက်ထားသော ဆွာချောင်း(အခမဲ့)ကွန်ကရစ်တံတားအား ငွေကျပ်သိန်းပေါင်း ၁၅၀၀ ကျော် အကုန်အကျခံကာ တစ်နှစ်ချင်းကြိုးစားတည်ဆောက်ခဲ့ရပြီး ၂၀၁၃ ခုနှစ်တွင်ဖွင့်လှစ်နိုင်ခဲ့သည်။



အဆိုပါ တံတားတည်ဆောက်နိုင်ခြင်းမရှိခဲ့စဉ်က ရေစီးသန်သော ဆွာချောင်းအား ဖြတ်သန်းရသည့်အတွက် စက်လှေမှောက်၍ လူအများ အပြားသေဆုံးခဲ့ကြရခြင်း၊ ကျန်းမာရေး ပညာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များဖြင့်သွားလာကြရသည့်အခါ ချောင်းရေကျနေလျှင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းသွားလာကြရခြင်း အစရှိသည့် ဒေသလိုအပ်ချက်များအပေါ် အခြေခံကာ ယခုကဲ့သို့တံတားကြီးတစ်စင်း ဖြစ်ပေါ်လာနိုင်ရန် ဆရာတော်ကြီးများက သဲသောင်ပြင်တရားပွဲများ၊ ဆွာမြို့ခံများ၏ ထည့်ဝင်ငွေ၊ ဒေသတွင်းရှိ ကျေးရွာများမှ လှူဒါန်းငွေများဖြင့် တစ်နှစ်ချင်း ကြိုးပမ်းတည်ဆောက်ခဲ့ကြရခြင်းဖြစ်သည်။ တံတားကြီးတည်ဆောက်ပြီးသည့် နောက်ပိုင်း နေ့ညမရွေး အဆင်ပြေစွာ ခရီးသွားလာနိုင်ကြသကဲ့သို့ သတ်မှတ်ခွင့်ပြုထားသည့် အလေးချိန်ထက် ပိုမိုတင်ဆောင်သည့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်နောက်တွဲယာဉ်များက အခွင့်သာလျှင်သာသလို ဖြတ်သန်းလေ့ရှိရာ ရေနီးကျေးရွာဒေသခံများက တားမြစ်သတိပေးနေရသည်များလည်း မကြာခဏဆိုသလို ကြုံနေရကြောင်း ဒေသခံတစ်ဦးက ပြောသည်။

"ဆိုလိုချင်တာက အခမဲ့တံတားဆိုတာ ဒီဒေသအားလုံးနဲ့ ဆိုင်ပါတယ်။ ပြည်သူတွေ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် တည်ဆောက်ထားတာပါ။ ဒါပေမယ့် တံတားကြီးရေရှည်ခိုင်ခံ့တည်ရှိဖို့ကလည်း အားလုံးမှာတာဝန်ရှိပါတယ်။ စီးပွားရေးသမားတွေက လစ်ရင်လစ်သလို ကုန်စည်တွေကို တင်ဆောင်ဖြတ်သန်းနေမယ်ဆိုရင် ရေရှည်အတွက် မကောင်းပါဘူး။ အများက ပြောမှမဟုတ်ပါဘူး။ ပင်ကိုယ်အသိစိတ်ဓာတ်နဲ့ ဆင်ခြင်သင့်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။ **ကိုလွင်(ဆွာ)**

# လွှတ်တော်ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေဖြင့်ဆောက်လုပ်သော မမြချောင်းကူး ဝက်ပါတံတားဖွင့်

**မြန်အောင် မေ ၂၂**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဘဏ္ဍာရန်ပုံငွေနှင့်ပြည်သူထည့်ဝင်ငွေတို့ဖြင့် ပူးပေါင်းဆောက်လုပ်သော မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအုပ်စု ဝက်ပါကျေးရွာ တောင်နှင့်မြောက် ဆက်သွယ်သော မမြချောင်းကူး ဝက်ပါတံတားဖွင့်ပွဲအခမ်းအနားကို မေ ၂၂ ရက် နံနက်က အဆိုပါတံတားရှေ့၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တံတားအား ဖြတ်သန်းကြည့်ရှုကြသည်။

ယင်းနောက် တံတားဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မျှင်ဝါးတောင် ကျေးရွာအုပ်စုအတွင်းရှိ ဆရာတော် သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ကြပြီး တံတားတည်ဆောက်ရေး လှူဒါန်းမှုအစုစုတို့အတွက် အလှူရှင်များစုပေါင်း၍ ရေစက်ချတရားနာယူကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကား ပြောကြားကြပြီး ဝက်ပါကျေးရွာ တောင်နှင့်မြောက် ဆက်သွယ်သော မမြချောင်းကူးဝက်ပါ တံတားဖြစ်မြောက်ရေးအတွက် လှူဒါန်းကြသည့် ဒေသခံအလှူရှင်များနှင့် ရန်ကုန်မြို့မှ အလှူရှင်များက ဝမ်းမြောက်စကား ပြောကြားကြသည်။



ယင်းနောက် ဝက်ပါတံတား ဖြစ်မြောက်ရေးကော်မတီဝင် ဦးဟန်စိုးနှင့်ဒေသခံရပ်မိရပ်ဖ ဦးသောင်းလှိုင်တို့က ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ကြပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

ဝက်ပါကျေးရွာ တောင်နှင့်မြောက် ဆက်သွယ်သော မမြချောင်းကူး ဝက်ပါတံတားကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော် ဘဏ္ဍာရန်ပုံငွေမှ ငွေကျပ် ၃၅ သိန်းနှင့် ဒေသခံပြည်သူများ၊ အလှူရှင်များ ထည့်ဝင် လှူဒါန်းငွေကျပ် သိန်း ၇၀ ကျော်တို့ဖြင့် ဆောက်လုပ်ခဲ့ပြီး အရှည် ၂၀၂ ပေ၊ အမြင့် ခုနစ်ပေ၊ အကျယ် ခြောက်ပေရှိသည့် သစ်သားတံတားဖြစ်ကာ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ သွားလာရေး အဆင်ပြေ၍ ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **ဝင်းဗိုလ် (မြန်/ဆက်)**

## မီးဖိုမီး အသုံးပြုလျှင်

(၁) လူစောင့်ထားပါ။
(၂) လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။
(၃) မီးဖိုမီးကြွင်း မီးကျန်များ ငြှိမ်းသတ်ပါ။
(၄) မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံ အကာအရံများ ထားပါ။
(၅) ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့



ရှင်ပင်မိုးကောင်းစေတီ ထီးတော်သစ်တင်လှူပူဇော်ပွဲအောင်မြင်ခြင်း အထိမ်းအမှတ် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်

# လျှင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ရှင်ပင်မိုးကောင်းစေတီအား ပြန်လည်ပြုပြင် ရွှေသင်္ကန်းတော်၊ ထီးတော်၊ စိန်ဖူးတော်အသစ်တင်လှူ

**ချောက် ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ပခန်းငယ်ရွာရှိ မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ရှင်ပင်မိုးကောင်းစေတီတော်အား ပြန်လည်ပြုပြင်ခြင်း၊ ရွှေဆေးသင်္ကန်းတော်ကပ်လှူခြင်း၊ ထီးတော်နှင့် စိန်ဖူးတော်တင်လှူခြင်းမင်္ဂလာကို ဧပြီ ၁၇ ရက် နံနက်ပိုင်းက စေတီတော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် ဩဝါဒါစရိယဆရာတော်ထံမှ သီလခံယူဆောက်တည်ပြီး ဆရာတော်များနှင့် ပင့်သံဃာတော်များက ပရိတ်တရားတော်များချီးမြှင့်သည်။ ယင်းနောက် အလှူရှင်များကိုယ်စား ဦးဝင်းနိုင်(ရန်ကုန်)က လှူဒါန်းရခြင်းအကြောင်း လျှောက်ထားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်များ၊ အလှူရှင်များနှင့် ဝတ်အသင်းများက စိန်ဖူးတော်၊ ထီးတော်တို့ကို ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ်တစ်ပတ်ပူဇော်ပြီး နံနက် ၉ နာရီ၌ စေတီတော်သို့ တင်လှူပူဇော်သည်။

အဆိုပါစေတီတော်ပြန်လည်ပြုပြင်ခြင်းနှင့် ရွှေဆေးသင်္ကန်းကပ်လှူခြင်း၊ ထီးတော်နှင့် စိန်ဖူးတော်တင်လှူခြင်းများကို ဦးအောင်မိုးကျော်နှင့် အလှူရှင်များ၊ ဒေသခံကျေးရွာပြည်သူများ လှူဒါန်းငွေစုစုပေါင်း ငွေကျပ်သိန်း ၅၀ ကျော်ဖြင့် တင်လှူပူဇော်ခဲ့ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# ဘာသာပေါင်းစုံ ချစ်ကြည်ရေး၊ သဟဇာတမျှတစွာ၊ သင့်မြတ်စွာ အတူယှဉ်တွဲနေထိုင်နိုင်ရေး ဆွေးနွေးပွဲကျင်းပ

**မန္တလေး ဧပြီ ၂၂**

ယနေ့ လူငယ်များနှင့် မတူကွဲပြားသော ယုံကြည်သက်ဝင်မှုများအကြား လေးစားချစ်ကြည်စွာ၊ သဟဇာတမျှတစွာဖြင့် အတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် ဟောပြောဆွေးနွေးပွဲကို မန္တလေးမြို့ ၂၆ လမ်း ၇၁ လမ်းထောင့်ရှိ အမေရိကန် Jefferson Center ၌ ဧပြီ ၂၁ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီထိ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ Jefferson Center မှ တာဝန်ခံဆရာ ဦးစောကျင်စိန်က နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ဘာသာပေါင်းစုံချစ်ကြည်ရေး၊ ရင်းနှီးစွာအတူယှဉ်တွဲနေထိုင်နိုင်ရေးနှင့် ယနေ့လူငယ်များကြား မတူကွဲပြားသော ယုံကြည်သက်ဝင်မှုများအကြား၊ လေးစားချစ်ကြည်စွာ ဆက်ဆံနိုင်ရေးအတွက် Jefferson Center တွင် သုံးလတစ်ကြိမ် ဘာသာပေါင်းစုံ ချစ်ကြည်ရေးဆွေးနွေးပွဲများကျင်းပလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပုသိမ်ကြီးမြို့နယ် ဥယျာဉ်ပရဟိတ စာသင်တိုက်၊ ရန်ကင်းတောင် ပဓာနနာယက ဆရာတော် ကမ္ဘာ့ငြိမ်းချမ်းရေး တက္ကသိုလ် ပါမောက္ခချုပ် ဘဒ္ဒန္တဇောတိက က ယနေ့လူငယ်များနှင့် မတူကွဲပြားသော ယုံကြည်သက်ဝင်မှုများအကြား လေးစားချစ်ကြည်စွာ၊ သဟဇာတမျှတစွာဖြင့် နေထိုင်ရေး၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာထားရှိရန် ဆွေးနွေးပြီး အတ္တဒိဋ္ဌိကို သတ်နိုင်ရန်၊ ကာယကံ၊ ဝစီကံကိုငြိမ်းစေသည့် သမာဓိရရှိရန်၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူ ဘာသာဝင်များ ချစ်ကြည်၍ သံသယကင်းစွာနေထိုင်နိုင်ရေး ဟောပြောဆွေးနွေးသည်။ အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ ဘာသာပေါင်းစုံမှ လူငယ်များ၊ ကျောင်းသား ကျောင်းသူများ၊ မီဒီယာများ တက်ရောက်ကြပြီး သိလိုသည်များကို မေးမြန်းကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**



# မန္တလေးမြို့၏ သက်တမ်းအရင့်ဆုံး လင်းရောင်ခြည်စာကြည့်တိုက် အဆင့်မြှင့်တင်တိုးချဲ့ဖွင့်လှစ်ရန် သတင်းစာရှင်းလင်းပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

**မန္တလေး ဧပြီ ၂၂**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆လမ်း၊ ၆၂ လမ်းနှင့် ၆၃ လမ်းကြားတွင် ဖွင့်လှစ်ထားသည့် မန္တလေးမြို့၏ သက်တမ်းအရင့်ဆုံး လင်းရောင်ခြည် စာကြည့်တိုက်အား ခေတ်နှင့်အညီ အဆင့်မြှင့်တင်၍ လူငယ်ဖွံ့ဖြိုးရေး စင်တာအဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ရန် သတင်းစာရှင်းလင်းပွဲနှင့် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၂ရက် နံနက် ၉ နာရီခွဲက အဆိုပါစာကြည့်တိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။




အဆိုပါ စာကြည့်တိုက်အား ၁၉၄၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အဆင့်ဆင့်သော စေတနာရှင်များနှင့် ဝန်ထမ်းပြည်သူများ၏ လက်ဆင့်ကမ်း ကြိုးပမ်းမှုကြောင့် မန္တလေးမြို့၏ အရှေ့ပြင်တွင် သုတရသ စာပေများ ငှားရမ်းကြည့်ရှုရာ လူငယ်များ ဆုံစည်းရာ နေရာတစ်ခုအဖြစ် ၇၀ နှစ်တိုင်တိုင် တည်ရှိနေခဲ့သော်လည်း ယခုအခါ ခေတ်နှင့်အညီ စာကြည့်တိုက် လုပ်ငန်းများ အဆင့်မြှင့်တင် ဆောင်ရွက်ရန်နှင့် စာပေဖတ်ရှုခြင်းနှင့် ဆက်စပ်နေသည့် လူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများပါ ပူးတွဲဆောင်ရွက်နိုင်ရန် လူငယ်ဖွံ့ဖြိုးရေးစင်တာကိုလည်း တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း အဆိုပါစာကြည့်တိုက်ကော်မတီမှ နာယကကြီး စာရေးဆရာ ဆူးငှက်က ပြောကြားသည်။

"ဒီစာကြည့်တိုက်က သက်တမ်းကြာလာတာနဲ့အမျှ ရပ်တည်ဖို့ ခက်ခဲလျက်ရှိပါတယ်။ ဒါကို အချိန်မီ မထိန်းသိမ်းရင် ပျောက်ကွယ်သွားတော့မှာပါ။ ဒါကြောင့် ရပ်မိရပ်ဖတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ပူးပေါင်းကာ ကော်မတီအသစ်ကို ပြည်သူတွေဆန္ဒနဲ့ ရွေးချယ်ပေးခဲ့ပြီး အလှူရှင်တွေရဲ့အကူအညီနဲ့ ပြန်လည် ရှင်သန်လာတော့မှာ ဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ထို့ပြင် ယနေ့ခေတ်ကာလတွင် စာပေဖတ်ရှုခြင်းတစ်ခုတည်းဖြင့် လူငယ်များအား စာကြည့်တိုက်သို့ ဆွဲဆောင်ရန် မလုံလောက်နိုင်သည့်အတွက် စာဖတ်ခြင်းနှင့် ဆက်စပ်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော သင်တန်းများ၊ ဆွေးနွေးပွဲများ၊ စကားဝိုင်းများလည်း ပြုလုပ်ပေးရန် လူငယ်ဖွံ့ဖြိုးရေးစင်တာကိုပါ စာကြည့်တိုက်နှင့်အတူ တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ပေးခြင်းဖြစ်ကြောင်း၊ အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည့် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လွင် (တွဲဖက်ပါမောက္ခ- မန္တလေး ကလေးအထူးကုဆေးရုံကြီး)က ပြောကြားသည်။

ယခုအခါ လင်းရောင်ခြည်စာကြည့်တိုက်နှင့် လူငယ်ဖွံ့ဖြိုးရေးစင်တာလုပ်ငန်းများအား တာဝန်ယူဆောင်ရွက်ရန် ရပ်မိရပ်ဖများ၊ လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဆွေးနွေးကာ အများဆန္ဒဖြင့် ကော်မတီဝင်အသစ် ၂၀ ကို ရွေးချယ်ခန့်အပ်ပြီး စာကြည့်တိုက်လုပ်ငန်းများအား ဧပြီ ၃ ရက်မှစ၍ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ကျန်းမာရေးအသိပညာပေး

**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်(၁)ရှိ ကနောင်ခန်းမ၌ ဧပြီ ၂၂ရက်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အမျိုးသမီးများအား ကျန်းမာရေးအသိပညာပေး ဟောပြောသည်။ ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်စန်းစန်းမြင့်အောင်က အမှာစကားပြောကြားပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်တို့၏ ကျန်းမာရေး အသိပညာပေးဟောပြောခြင်းကို ဒေါက်တာကေသီထွန်းက ပြောကြားသည်။

ဒေါက်တာဒေါ်မြသီတာက မိခင်နှင့်ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# သင်္ကြန်လွန်ကာလ ဇမ္ဗူသီရိမြို့နယ်တွင် စည်းကမ်းမဲ့ယာဉ်များအား အထူးစစ်ဆေးအရေးယူ

**နေပြည်တော် ဧပြီ ၂၂**

နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ထွေး၏ ညွှန်ကြားမှုဖြင့် စည်းကမ်းမဲ့ယာဉ်များအား အထူးစစ်ဆေးမှုကို နေပြည်တော်ဇမ္ဗူသီရိမြို့နယ်တွင် ဧပြီ ၂၂ရက်က အဖွဲ့လေးဖွဲ့ဖြင့် စစ်ဆေးအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှတ်(၁)ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲ(နေပြည်တော်)၊ အမှတ်(၁)တပ်ဖွဲ့စု၊ ဇမ္ဗူသီရိမြို့နယ်မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး ဇော်မင်းသိန်း၏ ဦးဆောင်မှုဖြင့် ရဲအုပ်အောင်ဇင်လင်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရဲအုပ်ဇော်မင်းဦးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရဲအုပ်ကျော်ဇောအောင်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ နေပြည်တော် 3D ရုပ်ရှင်ရုံရှေ့တွင် လည်းကောင်း၊ မဏိရတနာကျောက်မျက်ပြတိုက်ရှေ့တွင် လည်းကောင်း၊ Junction Supermarket ရှေ့တွင် လည်းကောင်း၊ ဆွာလမ်းဆုံတွင်လည်းကောင်း အဖွဲ့လေးဖွဲ့ဖြင့် စည်းကမ်းနှင့် ကိုက်ညီမှုမရှိသည့်ယာဉ်များအား စစ်ဆေးအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရုပဗေဒ)**



## မြစ်ကြီးနားမြို့တွင်းရှိ ပင်မရေနုတ်မြောင်းများကို ကျောက်စီရေနုတ်မြောင်းများအဖြစ် ပြုပြင်ဆောင်ရွက်

**မြစ်ကြီးနား ဧပြီ ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ပင်မရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်မှုမရှိခြင်းတို့ကြောင့် နှစ်စဉ်မိုးရာသီတွင် မြို့ပေါ်ရပ်ကွက်အချို့၌ ရေဝင်ရောက်သဖြင့် အဆိုပါပင်မရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ပြုပြင်ဆောင်ရွက်နေမှုများကို ဧပြီ ၂၂ ရက် နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၅၀၇ ဒသမ ၅၀ သန်းဖြင့် စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ခေမာသီရိရပ်ကွက် လမ်းသွယ် (၂)အတွင်း ရေနုတ်မြောင်း ပေ ၄၂၄၀ တွင် ကျောက်စီရေနုတ်မြောင်း ဆောင်ရွက်ပြီးစီးမှု၊ စက်ယန္တရားများဖြင့် ရေနုတ်မြောင်းများ တူးဖော်နေမှုနှင့် ကွန်ကရစ်တံတား ခြောက်စင်း ဆောက်လုပ်ရန် လျာထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့သစ်ကြီးရပ်ကွက်အတွင်း ဖြတ်သန်းသော ပင်မရေနုတ်မြောင်း ပေ ၅၂၀၀ ကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၅၀၇ ဒသမ ၅၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျောက်စီရေနုတ်မြောင်း ဆောင်ရွက်နေမှုနှင့် ကွန်ကရစ်ရေကျော်တံတားခုနစ်စင်း ဆောင်ရွက်ရန် လျာထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မြို့ပေါ်ရပ်ကွက်များအတွင်းဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သည့်အတွက် ရပ်ကွက်နေပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မြို့၏အဓိကပင်မရေနုတ်မြောင်းများ ဖြစ်သည့်အတွက် ရေစီးရေလာကောင်းမွန်စေပြီး ရေရှည်တည်တံ့အောင် ဆောက်လုပ်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြို့သစ်ကြီးရပ်ကွက်အတွင်း ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လမ်းဦးစီးဌာနက ဆောက်လုပ်ပြီးစီးသည့် တံတားအမှတ်(၂/၂၂၈)၌ ချဉ်းကပ်လမ်းဖောက်လုပ်ရာတွင် အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**(ပြည်နယ်ပြန်/ဆက်)**

## မင်းတပ်မြို့နယ်ရှိ ရေရှားပါးသည့် ကျေးရွာများသို့ ရေများလှူဒါန်း

**မင်းတပ် ဧပြီ ၂၂**

မင်းတပ်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း၏ ဦးဆောင်မှုဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာန (မင်းတပ်ခရိုင်)တို့ပူးပေါင်းပြီး ရေရှားပါးသည့် ဘုရားစခန်းနှင့် ဝုမ်းခုမ်ကျေးရွာတို့၌ ဧပြီ ၆ ရက် တွင်လည်းကောင်း၊ တော်ထဲင်ကျေးရွာနှင့် လုပ်တက်ကျေးရွာတို့၌ ဧပြီ ၂၁ ရက်တွင်လည်းကောင်း ပြည်သူလူထုသောက်ရေသုံးရေ ရရှိနိုင်ရန် မီးသတ်ယာဉ်ဖြင့် သွားရောက်ရေလှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(ခရိုင် ပြန်/ဆက်)**



## မကွေးတိုင်းဒေသကြီး မြို့နယ်ခြောက်ခုတွင် လေပြင်းတိုက်၊ မိုးရွာသွန်းမှုကြောင့် နေအိမ်၊ ကျောင်းနှင့် မီးတိုင်များပျက်စီးခဲ့ပြီး လူလေးဦးဒဏ်ရာရရှိခဲ့

**မကွေး ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီးအတွင်း ဧပြီ ၂၁ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၆ နာရီအထိ လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုများကြောင့် မြို့နယ် ခြောက်မြို့နယ်တွင် နေအိမ်၊ ကျောင်းနှင့် ဓာတ်တိုင်များ ပျက်စီးခဲ့ကာ လူလေးဦးဒဏ်ရာများ ရရှိခဲ့ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သိရသည်။



အဆိုပါ လေပြင်းတိုက် မိုးရွာသွန်းမှုကြောင့် မကွေးမြို့နယ် ကျွန်းစုကျေးရွာတွင် သစ်ပင်ပိ၍ နေအိမ်တစ်လုံး ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၃၀၀၀၀၀ ခန့်၊ သရက်ပင်ကွက်ကျေးရွာတွင် သရက်ကိုင်းပိ၍ လေးခန်းတွဲလိုင်းခန်းမှ အခန်းတစ်ခန်း ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၅၀၀၀၀၀ ခန့်၊ ရေထွက်ကျေးရွာတွင် သစ်ပင်ပိ၍ နေအိမ်နှစ်လုံးပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၇၀၀၀၀၀ ခန့်၊ မင်းလှမြို့နယ် သက္ကယ်ကျင်းကျေးရွာတွင် နေအိမ်ကိုးလုံး အမိုးလန် ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၃၇၅၀၀၀ ခန့်၊ နတ်မောက်မြို့နယ် (ပ)လက္ခုပွင်ကျေးရွာရှိ အမကကျောင်း အမိုးလန် ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၇၄၀၀၀၀ ခန့်၊ စလင်းမြို့နယ် မြေနုကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းနှင့် ဆွမ်းစားဆောင်တို့ အမိုးလန် ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၃၆၀၀၀၀ ခန့်၊ ရေစကြိုမြို့နယ် ယာတဲစုကျေးရွာတွင် သရက်ကိုင်းပိ၍ မြေစိုက်တဲတစ်လုံး ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၁၀၀၀၀၀ ခန့်၊ တောင်တွင်းကြီးမြို့နယ် ကသာကျေးရွာအနီး တောင်ညို-ချောင်းနက် ကားလမ်း မိုင်တိုင်အမှတ် (၆၀/၀-၁)အကြားတွင် သစ်ပင်လဲကျမှုကြောင့် (တပ်ဆင်ဆဲ) ၄၀၀ ဗို့ ဓာတ်အားလိုင်း၏ ကွန်ကရစ်တိုင်လေးတိုင် ကျိုးကျပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၄၂၀၀၀၀ ခန့်၊ ထန်းပင်ကုန်းကျေးရွာတွင် နေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၈၂၇၄၀၀ ခန့်၊ သစ်ပုတ်ကုန်းကျေးရွာတွင် နေအိမ်နှစ်လုံး အမိုးလန်ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၈၄၀၀၀ ခန့်၊ ဆီမီးထွန်းကျေးရွာတွင် နေအိမ်တစ်လုံး အမိုးလန် ပျက်စီးခဲ့၍ ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၅၈၅၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ခြင်းဖြစ်ကာ လေပြင်းတိုက်ခတ်နေစဉ် မင်းလှမြို့နယ် သက္ကယ်ကျင်းကျေးရွာနေ တင်မိုးဝင်း(၂၄ နှစ်)သည် နေအိမ်ရှေ့၌ ပစ္စည်းများသိမ်းဆည်းနေစဉ် လွင့်ပျံလာသော သွပ်ပြားထိမှန်၍ နဖူးတွင် ပြတ်ရှဒဏ်ရာရရှိခဲ့ပြီး မကွေးပြည်သူ့ဆေးရုံတွင် လည်းကောင်း၊ မင်းဘူးမြို့နယ် ပင်လယ်သက်ကျေးရွာနေ မင်းနိုင် (၃၇နှစ်)သည် တစ်ရွာတည်းနေ နန်းဝင်း (၂၂နှစ်)အား ဆိုင်ကယ်ဖြင့် တင်ဆောင်၍ မောင်းနှင်လာစဉ် သမထီးကျေးရွာထိပ်ဇရပ်အနီးရှိ ညောင်ပင်အောက်သို့ရောက်ရှိ ဖြတ်သန်းစဉ် ၎င်းတို့နှစ်ဦးပေါ် ညောင်ကိုင်းကျိုးကျသဖြင့် ဒဏ်ရာရရှိခဲ့၍ မင်းဘူးခရိုင်ပြည်သူ့ဆေးရုံတွင် လည်းကောင်း၊ နတ်မောက်မြို့နယ် အင်းကန်ကျေးရွာနေ ဦးရဲညွန့် (၇၀နှစ်)သည် နတ်မောက်မြို့မှ မကွေးသို့ ဆိုင်ကယ်မောင်းနှင်လာစဉ် မကွေးမြို့နယ် ကုန်းကြီးကျေးရွာအနီး မကွေး-နတ်မောက် ကားလမ်းမိုင်တိုင်အမှတ် (၁၃/၂-၃) ကြားတွင် လမ်းဘေးရှိ ထနောင်းပင်ခြောက်မှာ ခါးမှထက်ပိုင်းကျိုး၍ ဦးရဲညွန့်၏ မျက်နှာပေါ်သို့ လဲကျခဲ့သဖြင့် ဒဏ်ရာရရှိခဲ့ပြီး မကွေးပြည်သူ့ဆေးရုံတွင်လည်းကောင်း ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

## လပွတ္တာမြို့နယ် ရွှေမြစ်ဝနှင့် သာခရမ်းချောင်းဝ၌ ကဏန်းမျိုးများစိုက်ထည့်

**လပွတ္တာ ဧပြီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ရွှေမြစ်အဝနှင့် သာခရမ်းချောင်းအဝတို့တွင် ကဏန်းမျိုးစိုက်ထည့်ခြင်းပွဲကို ဧပြီ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ်အတွင်းရှိ ကဏန်းဒိုင်ရောင်းဝယ်ဖောက်ကားမှု အခြေအနေများကို ကြည့်ရှုခဲ့သည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများသည် မြစ်ဝနှင့်ချောင်းအတွင်းသို့ ကဏန်းမျိုးများ စိုက်ထည့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။ ကဏန်းဆိုက်စုံ ၅၀၀၀ ကျော်(အလေးချိန် ၁၈၀ ကီလိုဂရမ် )စုစုပေါင်းတန်ဖိုး ငွေကျပ် ရှစ်သိန်း ငါးသောင်းကျော်ရှိကြောင်း သိရသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာခရိုင် ၃ မိုင်မြို့ ရွာသစ်ကျေးရွာတွင် MEF ကဏန်းပျော့ မွေးမြူကန်၌ မွေးမြူထားလျက်ရှိသော ကဏန်းပျော့ကန်များကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းရှင်မှ တင်ပြမှုများကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းကျော်မြင့်**

## မယ်စဲ့မြို့၌ လေပြင်းတိုက်ခတ်၍ ဝန်ထမ်းအိမ်ရာအဆောက်အအုံပျက်စီး

**မယ်စဲ့ ဧပြီ ၂၂**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့တွင် ယနေ့ညနေ ၃ နာရီခွဲခန့်က လေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မယ်စဲ့မြို့ မြောက်ပိုင်းရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာရှိ မြားတန်းသုံးခု ၊ သွပ် ၁၀၅ ချပ်နှင့် မြို့နယ်ထွေ/အုပ်ရုံးအစည်းအဝေးခန်းမရှိ မြားတန်း၊ သွပ် ၃၀ ချပ် စုစုပေါင်းသွပ် ၁၃၅ ချပ် အမိုးလန်ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၇၀၀၀၀၀ ခန့်ရှိကြောင်း၊ ဝန်ထမ်းလေးဦး ယာယီနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ဆန်များလှူဒါန်း

**အထက်မင်းလှ ဧပြီ ၂၂**

သရက်ခရိုင် မင်းလှမြို့နယ် သက္ကယ်ကျင်းကျေးရွာတွင် ဧပြီ ၂၂ ရက် နံနက်ပိုင်းက မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ အလှူရှင်များနှင့် သရက်ခရိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ဆန်များလှူဒါန်းခဲ့ကြောင်း သိရသည်။

မင်းလှမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ အလှူရှင်များနှင့် သရက်ခရိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဧပြီ ၂၁ ရက်က သက္ကယ်ကျင်းကျေးရွာတွင် လေပြင်းတိုက်ခတ်၍ ပျက်စီးခဲ့သည့် နေအိမ်ကိုးလုံးမှ အိမ်ထောင်စုဝင်များအား မြို့နယ်အတွင်းရှိ အလှူရှင်များက အိမ်ထောင်စု တစ်စုစီအတွက် ဆန်တစ်အိတ်စီ၊ လေပြင်းတိုက်ခတ်၍ သွပ်ပြတ်ရှဒဏ်ရာရရှိခဲ့သည့် လူနာအတွက် ထောက်ပံ့ငွေကျပ်သုံးသိန်းနှင့် သရက်ခရိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ လေဘေးသင့်အိမ်ထောင်စု ကိုးစုမှ လူဦးရေ ၃၃ ဦးတို့အတွက်ခုနစ်ရက်စာ ဆန်ဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး စုစုပေါင်းထောက်ပံ့ငွေကျပ် ၃၅၉၃၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းလေးမျိုးတို့ကို စုပေါင်းထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**(မိုး/ဇလ)**

# ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးကိစ္စ ငြိမ်းချမ်းစွာ အကောင်အထည်ပေါ်လာနိုင်ကြောင်း ဒုတိယသမ္မတ ပြောကြား

**ဝါရှင်တန် ဒီစီ ဧပြီ ၂၂**



မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားစမ်းသပ်မှု အသစ်တစ်ခု ထပ်မံပြုလုပ်နိုင်သည်ကို စိုးရိမ်လင့်ကစား အမေရိကန်သည် တရုတ်နိုင်ငံနှင့် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုအသစ်တစ်ရပ်ပြုလုပ်ခဲ့သောကြောင့် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးကိစ္စသည် ငြိမ်းချမ်းစွာ အကောင်အထည်ပေါ်လာနိုင်ကြောင်း အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်က ဧပြီ ၂၂ ရက်၌ ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ နောက်ထပ် အသစ်အသစ်သော နျူကလီးယားစမ်းသပ်မှုများ မပြုလုပ်ခင်တောင်ကိုရီးယားနိုင်ငံအနေဖြင့် နိုင်ငံနယ်စပ်ဒေသများတွင် လုံခြုံရေးတပ်ဖွဲ့များ ဖြန့်ကြက်ရင်း အဆိုပါကိစ္စအပေါ် လုံခြုံရေးသတိထားနေကြောင်း သိရသည်။

လွန်ခဲ့သောနှစ်က မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားစမ်းသပ်မှု နှစ်ခု ထပ်မံပြုလုပ်ခဲ့ပြီးနောက် မကြာသေးမီကာလအတွင်း နှစ်နိုင်ငံ တင်းမာမှု ရုတ်တရက် မြင့်တက်လာခဲ့သည်။ ထို့ပြင် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များကို မလိုက်နာဘဲ ဒုံးကျည်စမ်းသပ်မှု အမြောက်အမြားကို တဖြည်းဖြည်းချင်း ဆက်လက်ပြုလုပ်လာခဲ့သည်။

အမေရိကန်ပြည်ထောင်စုကို မြောက်ကိုရီးယား၏ နျူကလီးယားရန်မှ ခုခံကာကွယ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကတိပေးခဲ့သော်လည်း ဒုတိယသမ္မတ မိုက်ပန့်စ်က ဧပြီ ၂၂ ရက်က ကိုရီးယားကျွန်းဆွယ် နျူကလီးယား ကင်းစင်ရေးကိစ္စသည် ငြိမ်းချမ်းစွာ အကောင်အထည် ပေါ်လာနိုင်ကြောင်း ဆစ်ဒနီမြို့တွင် ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# မိုဆူးလ်အနောက်ဘက်ဒေသကို အိုင်အက်စ်တို့လက်မှ ပြန်လည်သိမ်းပိုက်

**မိုဆူးလ် ဧပြီ ၂၂**

အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များသည် မိုဆူးလ်အနောက်ပိုင်းတွင် အိုင်အက်စ် အကြမ်းဖက်စစ်သွေးကြွများနှင့် တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ပြီးနောက် မိုဆူးလ်အနောက်ဘက်ဒေသအား ဧပြီ ၂၂ ရက်က ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း အီရတ် စစ်ဘက်ကပြောကြားခဲ့သည်။

အကြမ်းဖက်တန်ပြန်တိုက်ခိုက်ရေး တပ်ဖွဲ့အဖြစ် နာမည်ကျော်ကြားသော အီရတ်လုံခြုံရေးတပ်ဖွဲ့သည် မိုဆူးလ်မြို့ဟောင်း အနောက်မြောက်ဘက် အယ်ဆီနာဒေသရှိ အိုင်အက်စ် အကြမ်းဖက်သမားများအား အပြတ်တိုက်ထုတ်လိုက်ပြီး ၎င်းတို့ ခိုအောင်းနေထိုင်ရာ အဆောက်အအုံများတွင် အီရတ်အလံများကို အောင်မြင်စွာလွှင့်တင်ခဲ့ကြောင်း ပူးတွဲစစ်ဆင်ရေး ကွပ်ကဲမှုဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အဗ္ဗဒူအမာယာရာလာက ကြေညာချက်တွင် ဖော်ပြခဲ့သည်။



အီရတ်တပ်ဖွဲ့များသည် ၂၀၁၄ ခုနှစ်ကတည်းက စစ်သွေးကြွများလက်မှ မိုဆူးလ်ဒေသအများအပြားအား ပြန်လည်သိမ်းပိုက်ရေး စစ်ဆင်ရေးများ ဆင်နွှဲခဲ့ရာ ယခုအချိန်တွင် အတော်များများ သိမ်းပိုက်နိုင်ခဲ့ကြောင်း သိရသည်။ ဧပြီ ၂၂ ရက်ကလည်း တိုက်ပွဲများကြောင့် လက်နက်ကြီးနှင့် သေနတ်ပစ်သံများကို ကြားခဲ့ရကြောင်း အချို့ဒေသခံများက ပြောသည်။

အယ်ဆီနာဒေသကို ပြန်လည်သိမ်းပိုက်နိုင်ခြင်းက အီရတ်လုံခြုံရေး တပ်ဖွဲ့များအတွက် မိုဆူးလ်အနောက်ဘက်ခြမ်း၏ မြောက်ပိုင်းဒေသများဖြစ်သည့် ဇန်ဂျီလီ၊ ဝါရှန်နှင့် ရီဖာတို့ကို ထပ်မံတိုက်ခိုက် သိမ်းပိုက်မှုပြုလုပ်ရန် အားသစ်တစ်ရပ်ဖြစ်လာခဲ့စေသည်။

**(ရိုက်တာ၊ ဆင်ဟွာ)**

# အီရတ်တွင် ၁၆ လကြာ ဖမ်းဆီးထိန်းသိမ်းထားသော ဓားစာခံများကို ပြန်လွှတ်ပေး

**ဒူဘိုင်း ဧပြီ ၂၂**

အီရတ်တွင် ဓားစာခံအဖြစ် ၁၆ လကြာ ဖမ်းဆီးထိန်းသိမ်းထားသော ကာတာနိုင်ငံသားတစ်ဦးနှင့် ဆော်ဒီနိုင်ငံသားတစ်ဦးတို့ကို ပြန်လည်လွှတ်ပေးမည့်သတင်းအပေါ် အာရပ်စော်ဘွားများပြည်ထောင်စုအနေဖြင့် ကြိုဆိုကြောင်း အာရပ်အစိုးရ သတင်းဌာနဖြစ်သော ဝမ် (ဒဗလျူအေအမ်)တွင် ဖော်ပြခဲ့သည်။

အာရပ်စော်ဘွားများပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အန်ဝါဘင်မိုဟာမက် ဂါဂတ်ရှ်က ညီရင်းအစ်ကိုပမာဖြစ်နေသော ကာတာနိုင်ငံ၏ ဦးဆောင်မှုနှင့် ပြည်သူများကို ကြိုဆိုပါကြောင်း ဖော်ပြခဲ့သည်။

အီရတ်တွင် ဖမ်းဆီးထားသော ဓားစာခံများမှာ စုစုပေါင်း ၂၆ ဦးဖြစ်ပြီး အများစုမှာ ကာတာနိုင်ငံသားများဖြစ်ကြောင်း အီရတ်တွင် ဓားစာခံအဖြစ် ၁၆ လကြာ ဖမ်းဆီးထိန်းသိမ်းထားသော ကာတာနိုင်ငံသားတစ်ဦးနှင့် ဆော်ဒီနိုင်ငံသားတစ်ဦးတို့ကို ပြန်လည်လွှတ်ပေးပြီးနောက် အာရပ်စော်ဘွားများပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မက်ဂါဂတ်ရှ်က ပြောကြားခဲ့သည်။

ဒေသတွင်းတင်းမာမှုဖြစ်စဉ်များကြောင့် ထိုသို့ ဖမ်းဆီးထိန်းသိမ်းထားခြင်းအပေါ် အာရပ်စော်ဘွားများပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မက်ဂါဂတ်ရှ်က အကြောင်းမဲ့ သက်သက်လုပ်ဆောင်ချက် တစ်ခုဖြစ်ကြောင်း ဖော်ပြခဲ့ပြီး ပြန်ပေးဆွဲနိုင်ငံသားများကို အန္တရာယ်ကင်းအောင် ပြန်လွှတ်ပေးခဲ့ခြင်းနှင့် ပတ်သက်ပြီး အီရတ်ဝန်ကြီးချုပ် အယ်လ်ဘာဒီနှင့် အီရတ်အစိုးရအဖွဲ့အား ကိုယ်ချင်းစာပါကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အီရတ်တွင် အကြမ်းဖက်ဝါဒ လွှမ်းမိုးလျက်ရှိပြီး တည်ငြိမ်မှုကင်းမဲ့ကာ ဖရိုဖရဲဖြစ်နေကြောင်း၊ ထို့ပြင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုစွမ်းပကားဖြင့် အဆိုပါ အကြမ်းဖက်ဝါဒကို မြေလှန်၍ အမြစ်ပြတ်ရှင်းရေးအတွက် လုပ်ဆောင်သင့်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ဘင်္ဂလားအနောက်ဘက်တွင် လက်လုပ်ဗုံး ပေါက်ကွဲမှုဖြစ်ပွား

**ကိုလ်ကတ္တား ဧပြီ ၂၂**

ဘင်္ဂလားအနောက်ဘက် ဘာဘ်ဟမ်ပြည်နယ် လက်ဗ်ပါဒေသရှိ အိမ်တစ်အိမ်တွင် ယမန်နေ့က လက်လုပ်ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူကိုးဦးထက်မနည်းသေဆုံးခဲ့ပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။ သတင်းဖော်ပြချက်များအရ အဆိုပါဒေသရှိ ထရိုင်နမောကွန်ဂရက်နှင့် စီပီအိုင်-အမ်နိုင်ငံရေးပါတီတို့ သောကြာနေ့ကတည်းကဖြစ်ပွားနေသော ပဋိပက္ခမှာအဆုံးမသတ်ဘဲ ဆက်လက်ဖြစ်ပွားနေသေးကြောင်း သိရသည်။

ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူများမှာ တစ်စစီပြန့်ကြဲထွက်နေကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။ ပေါက်ကွဲမှုဖြစ်ပြီးနောက် အိမ်ခေါင်မိုးမှာ ပွင့်ထွက်သွားကြောင်း ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

ဗုံးပေါက်ကွဲချိန်တွင်ရှိနေသည့် မျက်မြင်သက်သေတစ်ဦးက အမည်မသိလူအချို့မှာ အဆိုပါအိမ်တွင် လပေါင်းအတော်ကြာသည်အထိ နေထိုင်ခဲ့ကြောင်း ပြောခဲ့သည်။ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လူအချို့ရောက်လာပြီး လူသေအလောင်းများကို ရွှေ့ပြောင်းမှုများပြုလုပ်ခဲ့ကြောင်း၊ အိမ်မှာ ဗုံးပေါက်ကွဲမှုကြောင့် လုံးဝပွင့်ထွက်သွားခဲ့ကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။

လွန်ခဲ့သော ရက်အနည်းငယ်က ထရိုင်နမောကွန်ဂရက်နှင့် စီပီအိုင်-အမ်နိုင်ငံရေးပါတီတို့ ၎င်းတို့အချင်းချင်း ပဋိပက္ခများဖြစ်ပွားခဲ့ကြောင်း ရွာသားများက ပြောခဲ့သည်။ ဗုံးပေါက်ကွဲမှုဖြစ်စဉ်သည် ၎င်းနိုင်ငံရေးပါတီများ အားပြိုင်မှုကြောင့်ဖြစ်မည်ထင်ကြောင်း အချို့သူများက ယုံကြည်ခဲ့သည်။

**(ဆင်ဟွာ)**

# သမိုင်းတွင်ကျန်ရစ်မည့် ပြင်သစ်သမ္မတရွေးကောက်ပွဲအတွက် သမ္မတလောင်းလေးဦး ရေပန်းစား

**ပါရီ ဧပြီ ၂၂**

ပြင်သစ် မဲဆန္ဒရှင် သန်းပေါင်းများစွာသည် မဲရုံများသို့ ဧပြီ ၂၃ ရက်တွင် သွားရောက်ကာ သမ္မတရွေးကောက်ပွဲ ပထမအကျော့အဖြစ် မဲပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ခန့်မှန်းနိုင်ရန် ခက်ခဲသည့် ပြင်သစ်သမ္မတ ရွေးကောက်ခြင်းက သမားရိုးကျဖြစ်နေသော ပြင်သစ်နိုင်ငံရေးအခင်းအကျင်းကို ထူးထူးခြားခြား ဖြစ်စေခဲ့သည်။

သမားရိုးကျဆန့်ကျင်သည့် စိတ်သဘောထားများသည် မဲဆွယ်စည်းရုံးရေးကာလတစ်လျှောက် စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး ပြည်သူ့အကြိုက် ဖြစ်မလာခဲ့ပေ။

မဲမပေးခင် ကာလများအတွင်း သမ္မတယှဉ်ပြိုင်ရွေးကောက်ပွဲအတွက် ရေပန်းစားနေသည့် သမ္မတလောင်းလေးဦးနှင့်ပတ်သက်ပြီး မည်သူ့ကို မဲပေးရွေးချယ်ရမလဲဆိုသည်နှင့် ပတ်သက်၍ အခက်တွေ့နေသည်။ ရေပန်းစားနေသည့် သမ္မတလောင်းလေးဦးမှာ နိုင်ငံရေးအမြင်မျှတသူ အီမြူရယ် မက်ခရွန်၊ လယ်ယာယိမ်းဝါဒီ မာရင်းလီပန်၊ ကွန်ဆာဗေးတစ်သမားဖြစ်သူ ဖရန်ဆွာဖီလွန်နှင့် လက်ဝဲဝါဒီ ဂျီယန်လက်စ်မယ်လီချွန်တို့ဖြစ်ကြောင်း သိရသည်။

ကြာသပတေးနေ့က ပါရီမြို့ ရှန်အီလက်ဆီးစ်အဆောက်အအုံတွင် ရဲအရာရှိများကို တိုက်ခိုက်ပြီးနောက် ကောက်ယူခဲ့သော ပထမဆုံး လေ့လာမှုစစ်တမ်းအရ ၂၄ ဒသမ ၅ ရာခိုင်နှုန်းသော မဲဆန္ဒရှင်များသည် နိုင်ငံရေးအမြင်မျှတသူ အီမြူရယ်မက်ခရွန်ကို မဲပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၃ ရာခိုင်နှုန်းသော မဲဆန္ဒရှင်များက လယ်ယာယိမ်းဝါဒီ မာရင်းလီပန်ကို မဲပေးမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပြီး ၁၉ ရာခိုင်နှုန်းသော မဲဆန္ဒရှင်များက ကွန်ဆာဗေးတစ်သမားဖြစ်သူ ဖရန်ဆွာဖီလွန်နှင့် လက်ဝဲဝါဒီ ဂျီယန်လက်စ်မယ်လီချွန်တို့ကို မဲပေးမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

သို့သော်လည်း ဧပြီ ၂၃ ရက် မဲပေးမှုတွင် ကနဦးစစ်တမ်းများနှင့် ကွဲလွဲမှုများရှိနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

**(ဆင်ဟွာ)**



# ကသာခရိုင်အတွင်း ပေါက်ရောက်သည့် သဘာဝဝါးတောများမှ ဝါးခုတ်ယူမှုများနေသဖြင့် ဂေဟစနစ်ပျက်စီးနိုင်

**ထီးချိုင့် ဧပြီ ၂၂**

ထီးချိုင့်မြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် သဘာဝအလျောက် ပေါက်ရောက်သော တောများအတွင်းမှ ဝါးများ စုပုံရောက်ရှိနေသည်ကို တွေ့ရသည်။ ပြည်တွင်း၌ ဝါးသုံးစွဲမှုများပြားနေသဖြင့် ကုန်ကြမ်းဝါးများ ခုတ်ယူသုံးစွဲမှုများနေကြောင်း သိရသည်။ **(အောက်ပုံ)**



အဆိုပါ ဝါးတောပေါက်ရောက်ရာ ကသာခရိုင်အတွင်းရှိ ဒေသတွင် ကျေးငှက်မျိုးစုံ နေထိုင်လျက်ရှိပြီး ဒေသခံတောင်သူများအနေဖြင့် အိမ်အသုံးအဆောင်အဖြစ် ထရံ၊ နီးဖျာ၊ တောင်းရက်လုပ်ခြင်း၊ ခြံစည်းရိုးကာခြင်းလောက်သာ သုံးစွဲနေပြီး ဝါးမျိုးသုဉ်းလောက်အောင် စီးပွားဖြစ် ခုတ်ယူသုံးစွဲခြင်းမရှိကြောင်း ဒေသခံတစ်ဦးက ဆိုသည်။

ဝါးကို စီးပွားဖြစ်စိုက်ပျိုးခြင်းမရှိဘဲ စီးပွားရေးလုပ်ငန်းရှင်များ နယ်မြေတိုးချဲ့ အဝယ်လိုက်လာခြင်းကြောင့် ပြည်တွင်း ဝါးသုံးစွဲမှုပမာဏ များပြားလာသဖြင့် ဝါးမျိုးပြုန်းတီးခြင်း ဖြစ်ပေါ်လာနိုင်သဖြင့် ကြပ်မတ်စစ်ဆေးရန်လည်း လိုအပ်သည်ဟု အကြံပြုပြောကြားခဲ့သည်။

ကသာခရိုင်တွင် စီးပွားဖြစ် ဝါးကိုရင်းနှီးမြှုပ်နှံစိုက်ပျိုးသူရှားပါးပြီး မြို့နယ်များမှ ဝါးခုတ်သူများ လာရောက်ပြီး လနှင့်ချီနေထိုင်ကာ ဝါးတောများကို ခုတ်ယူနေခြင်းကြောင့် ဒေသခံကျေးရွာပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းအတွက် ရာသီပေါ် မျှစ်ချိုးရောင်းချခြင်းလုပ်ငန်းမှာ အခက်တွေ့လာနိုင်စေကြောင်း၊ ပြည်တွင်းဝါးခုတ်ယူမှုပမာဏကို စည်းကမ်းမဲ့ခုတ်ယူပါက ဝါးတောကြီးများ လျော့နည်းကာ သဘာဝဂေဟစနစ် ပျက်စီးလာနိုင်သည်ကို ဒေသခံများက စိုးရိမ်မကင်းဖြစ်နေကြကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

## ဘင်္ဂလားပင်လယ်အော် တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် ဧပြီ ၂၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဟင်းချက်ဒယ်အိုး အပူရှိန်လွန်ကဲမှုဖြစ်ကာ နေအိမ်နှစ်လုံး မီးလောင်

**ဂန့်ဂေါ ဧပြီ ၂၂**

ဂန့်ဂေါမြို့ စည်ပင်သာယာရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဦးမောင်ဦး၏ နေအိမ်၌ ဧပြီ ၂၂ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က ဟင်းချက်ဒယ်အိုး အပူရှိန်လွန်ကဲမှုဖြစ်ကာ အောက်တွင်ခင်းထားသည့် ပလတ်စတစ်အား မီးကူးစက်ရာမှ ဦးမောင်ဦး၏ နေအိမ်နှင့် ဦးတင်မောင်ထွန်း၏ နေအိမ်တို့ မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

မီးလောင်ရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့် ခရိုင်ရဲ၊ မြို့နယ်ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မီးဘေးတားဆီးကြီးကြပ်မှုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများ ၂၀၀ ကျော်တို့ ရောက်ရှိကာ သဲထုပ်၊ ရေထုပ်များဖြင့်လည်းကောင်း၊ မီးသတ်၊ သစ်ထုတ်ရေး၊ စည်ပင်သာယာရေးအဖွဲ့တို့မှ မီးသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ် သုံးစီးတို့ဖြင့်လည်းကောင်း မီးငြိမ်းသတ်ရာ နံနက် ၈ နာရီတွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် ဦးမောင်ဦး၏ မိသားစုဝင် ရှစ်ဦးကို ၎င်း၏ညီမဖြစ်သူ နေအိမ်တွင်လည်းကောင်း၊ ဦးတင်မောင်ထွန်း၏ မိသားစုဝင် ခြောက်ဦးကို စည်ပင်သာယာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင်လည်းကောင်း နေရာချထားဆောင်ရွက်ပေးထားပြီး မီးပေါ့ဆစွာသုံးစွဲသူ ဦးမောင်ဦး(ခ)ထွန်းထွန်းဦးအား ဂန့်ဂေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၁၀၁)**





# ရေနံချောင်းမြို့ပေါ်တွင် မည်သည့်လမ်းတွင်မဆို သုံးဘီးယာဉ်များ မောင်းနှင်ခွင့်ရရှိရေး ဆန္ဒဖော်ထုတ်

**ရေနံချောင်း ဧပြီ ၂၂**

မကွေးခရိုင် ရေနံချောင်းမြို့တွင် မြို့ပေါ် မည်သည့်လမ်းတွင်မဆို သုံးဘီးယာဉ်များ မောင်းနှင်ခွင့်ရရှိရေးအတွက် ဆန္ဒဖော်ထုတ်ပွဲကို ယနေ့ နံနက် ၉ နာရီကျော်ခန့်က တွင်းကုန်းရပ်ကွက် ဇရပ်ကြီးအနီးမှ သုံးဘီးယာဉ် ၁၇ စီး၊ လူဦးရေ ၂၄ ဦးတို့က စတင်ပြီး ဆန္ဒဖော်ထုတ်ခဲ့သည်။ **(အပေါ်ပုံ)**

သုံးဘီးယာဉ်မောင်းများက လမ်းတိုင်းကို သုံးဘီးဆိုင်ကယ်များ သွားလာခွင့်ရရှိရေး၊ သုံးဘီးဆိုင်ကယ်များကြား ခွဲခြားဆက်ဆံမှုမရှိရေး၊ ဥပဒေနှင့်မညီသည့် စည်းကမ်းသတ်မှတ်ချက်များ(အလိုမရှိ)၊ မောက်မာသော ယာဉ်ကြီးကြပ်ရေးကော်မတီဖျက်သိမ်းပေးရေး စသည့်ဆိုင်းဘုတ်များနှင့်အတူ ကြွေးကြော်ဆန္ဒဖော်ထုတ်ခဲ့သည်။

၎င်းတို့သည် တွင်းကုန်းရပ်ကွက် ဇရပ်ကြီးအနီးမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့သို့ သွားရောက်ပြီး နံနက် ၁၁ နာရီခွဲအထိ ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

**ငြိမ်းငြိမ်းအိ(ပြန်/ဆက်)**

# သံမဏိနှင်းဆီဂျာနယ်တိုက်ခန်းတွင်ဖြစ်ပွားသော လူသတ်မှုနှင့်စပ်လျဉ်း၍ ပူးပေါင်းပါဝင်သူကို ထပ်မံဖော်ထုတ်နိုင်

**ရန်ကုန် ဧပြီ ၂၂**

ပုဇွန်တောင်မြို့နယ်ရှိ သံမဏိနှင်းဆီဂျာနယ်တိုက်တွင် ဖြစ်ပွားသော လူသတ်မှုမှာ အများပြည်သူစိတ်ဝင်စားသည့် မှုခင်းတစ်ခုဖြစ်သည့်အပြင် အမှုမှန်မပေါ်ပေါက်မီ အချို့သော သတင်းမီဒီယာများမှ ထင်မြင်ယူဆချက်များနှင့် ဝေဖန်ရေးသားချက်များ ဖော်ပြလာသဖြင့် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်လာနိုင်သောကြောင့် အများပြည်သူအား ဖြစ်စဉ်အမှန်သိရှိနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က အမှုစုံစမ်းစစ်ဆေးနေစဉ်ကာလအတွင်း လတ်တလော စစ်ဆေးပေါ်ပေါက်ချက်များကို ကနဦးသတင်းအဖြစ် အသိပေးဖော်ပြခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က အမှုအား ဆက်လက်စုံစမ်းစစ်ဆေးခဲ့ရာ အမှုနှင့်သက်ဆိုင်သည့် သေဆုံးသူအသုံးပြုသော တိုရှီဘာ အမျိုးအစား လက်တော့ပ်ကွန်ပျူတာနှင့် အိုင်ဖုန်း SE လက်ကိုင်ဖုန်းကို ပြင်ဦးလွင်မြို့ (၆)ရပ်ကွက် မြို့ပတ်လမ်းရှိ ကန်တော်လေးကန်တွင် အောင်ကိုကိုက စွန့်ပစ်ခဲ့ကြောင်း ထပ်မံထွက်ဆိုခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူ အောင်ကိုကိုအား ခေါ်ဆောင်၍ ပြင်ဦးလွင်မြို့သို့ သွားရောက်ခဲ့ပြီး အဆိုပါကန် အတွင်း သက်သေခံပစ္စည်းများကို ရေငုပ်သမားများ၏ အကူအညီဖြင့် ရှာဖွေခဲ့ရာ ၂၀-၄-၂၀၁၇ ရက်နေ့ ညနေ ၆ နာရီခွဲခန့်တွင် တိုရှီဘာအမျိုးအစား လက်တော့ပ်ကွန်ပျူတာကိုလည်းကောင်း၊ ၂၂-၄-၂၀၁၇ ရက်နေ့ မွန်းလွဲ ၁ နာရီခွဲခန့်တွင် အိုင်ဖုန်း SE လက်ကိုင်ဖုန်းကိုလည်းကောင်း ဆယ်ယူတွေ့ရှိ သိမ်းဆည်းခဲ့သည်။

အမှုနှင့်ပတ်သက်၍ အခင်းဖြစ်ရပ်တွင်တွေ့ရှိသည့် ဆံပင်ကိုလည်း မသင်္ကာသူနှစ်ဦး၏ ဆံပင်များနှင့် တိုက်ဆိုင်စစ်ဆေးနိုင်ရန် ဓာတုဗေဒစစ်ဆေးရေးဌာနသို့ ပေးပို့ထင်မြင်ချက် တောင်းခံထားရှိပြီးဖြစ်သည်။

အောင်ကိုကိုက သံမဏိနှင်းဆီဂျာနယ်တိုက်တွင် ပြစ်မှုကျူးလွန်စဉ် ၎င်းနှင့်အတူ သူငယ်ချင်းဖြစ်သူ ပြည့်သူနိုင်(ခ)ဘုရားပွဲ(ခ)ဖြိုးသော်လည်း ပါဝင်ခဲ့ကြောင်း ထပ်မံထွက်ဆိုခဲ့သဖြင့် ပြည့်သူနိုင်(ခ) ဘုရားပွဲ(ခ)ဖြိုးသော်အား ဧပြီလ ၂၂ ရက်နေ့တွင် ဖမ်းဆီးစစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါအမှုကို ဆက်လက်၍ ဥပဒေနှင့်အညီ ဖော်ထုတ်လျက်ရှိရာ စစ်ဆေးတွေ့ရှိချက်များကို အများပြည်သူသိရှိစေရန် ဆက်လက်အသိပေး ဖော်ပြသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**(မြန်မာ့အလင်း)**



**ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သည့် ပြည့်သူနိုင်(ခ)ဘုရားပွဲ(ခ)ဖြိုးသော်နှင့် အမှုနှင့်သက်ဆိုင်သည့် အိုင်ဖုန်းနှင့် လက်တော့ပ်ကို တွေ့ရစဉ်**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော်  မေ  ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉၆ စီး၊ သွင်းကုန် ၃၀၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၅ စီး၊ သွင်းကုန် ၉၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇ သန်းခန့်နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၉၅ သန်းခန့်၊ စုစုပေါင်း ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉ ဒသမ ၉၅ သန်းခန့် ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၁ ရက်က မန္တလေးမြို့မှ မူဆယ်မြို့သို့ သွားရောက်မည့် မစ်ဆူဘီရှီ ဖူဆို ၁၂ ဘီးယာဉ်ကို ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့မှ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ဆန်အိတ်များအောက်၌ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တမလန်းသစ် ၂ ဒသမ ၈၁ တန်ခန့်နှင့် သယ်ဆောင်သည့် ယာဉ်တစ်စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၈၁ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဆန်အိတ်များအောက်၌ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် တမလန်းသစ်များ

# တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး သထုံ၌ ဖမ်းဆီးရမိ

**သထုံ  မေ  ၂၂**

မွန်ပြည်နယ် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာအုပ်စု ကြာပန်းကျေးရွာ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် သထုံခရိုင် မှုခင်းနှိမ်နင်းရေးဌာနမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့တို့က ယာဉ်များအား ရပ်တန့်စစ်ဆေးရာမှ မေ ၂၁ ရက် ညနေ ၄ နာရီခန့်က လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ် အောင်သူ ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့တို့သည် ကြာပန်းတိုးဂိတ်အနီးရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မော်တော်ယာဉ်များအား ရပ်တန့်စစ်ဆေးစဉ် ဘားအံမှ သထုံဘက်သို့ ယာဉ်မောင်း နေဇာ(ခ) ကိုနေ (၂၆ နှစ်) ပျဉ်းမနားမြို့နေသူ မောင်းနှင်လာသော ယာဉ်အမှတ် YGN 5H/---- ခရောင်းယာဉ်နှင့် ယာဉ်မောင်း ရဲထွေးနိုင်(ခ)လက်မ (၃၃ နှစ်) ပျဉ်းမနားမြို့နေသူ မောင်းနှင်လာသော ယာဉ်အမှတ် YGN 5I/--- ဟွန်ဒါယာဉ်တို့ကို စစ်ဆေးရာတွင် ယာဉ်နှင့်ပတ်သက်သော အထောက်အထား မပြနိုင်သဖြင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။





ဖြစ်စဉ်နှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ် တင်သွင်းမောင်းနှင်သူ နေဇာ(ခ) ကိုနေနှင့် ရဲထွေးနိုင် (ခ)လက်မတို့ကို သုဓမ္မဝတီနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# တောထဲ၌ ဟင်းသီးဟင်းရွက်ရှာစဉ် မိုင်းနင်းမိ၍ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိ

**ဗန်းမော်  မေ  ၂၂**

ဗန်းမော်ခရိုင် မြို့လှမြို့နယ်ခွဲတွင် မေ ၂၂ ရက် မွန်းတည့် ၁၂ နာရီခန့်က မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

မြို့လှမြို့အမှတ်(၄)ရပ်ကွက်မှ ဒေါ်သင်းသင်းထွေး၊ ဒေါ်သီတာဝင်း၊ ဒေါ်တင်ဌေးတို့ အပါအဝင် မိသားစုဝင် ခုနစ်ဦးတို့သည် ဝမ်းစာအတွက် ဟင်းသီးဟင်းရွက်ရှာဖွေရန် တောထဲသို့သွားစဉ် မြို့အနောက်မြောက်အရပ် ၁၀ မိုင်ခန့်အကွာအရောက်တွင် ဒေါ်သင်းသင်းထွေး(၃၁ နှစ်)သည် မိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် ခန္ဓာကိုယ်အနှံ့ စုစုပေါင်း ဒဏ်ရာခြောက်ချက်(မစိုးရိမ်ရ) ရရှိခဲ့သဖြင့် မြို့လှမြို့ပြည်သူ့ဆေးရုံတွင် ဆေးကုသပေးလျက်ရှိပြီး ဒေါ်သင်းသင်းထွေးအား ယမ်းဆိပ် သင့်၊ မသင့် ဆေးစစ်ခံရန် မြို့လှမြို့ပြည်သူ့ဆေးရုံမှ ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသမှုခံယူရန် စီစဉ်လျက်ရှိကြောင်းနှင့် လူနာရှင်အား မြို့အုပ်ချုပ်ရေးမှူး ဦးချစ်အောင်နိုင်ထွန်း၊ ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများက ငွေကျပ် ငါးသောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ထန်းရည်ဆိုင်ဖွင့်၍ ရောင်းချနေသူအား ဓားဖြင့်ရန်ပြုမှုကြောင့် ပြင်းထန်ဒဏ်ရာများရရှိ

**ပင်လည်ဘူး  မေ  ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်၌ ထန်းရည်ဆိုင်ဖွင့်ရောင်းချသူအား လူတစ်ဦးက ဓားဖြင့် ရန်ပြုသဖြင့် လည်ပင်း၌ ဒဏ်ရာရရှိခဲ့သည်။

ပင်လည်ဘူးမြို့နယ် သစ်ဖြူကျင်းကျေးရွာနေ မတင်မာလင်းသည် မေ ၂၀ ရက် ညနေ ၃ နာရီခန့်က နေအိမ်တွင်ရှိနေစဉ် ရွာနှင့် လေးဖာလုံခန့်အကွာရှိ သစ်ဖြူကျင်းကျေးရွာနှင့် သာစည်ကျေးရွာသွား လမ်းဘေး၌ ထန်းရည်ဆိုင်ဖွင့်၍ ရောင်းချနေသော ခင်ပွန်းဖြစ်သူ ရဲလင်းအောင် (၂၈ နှစ်)၏ လည်ပင်းတွင် လူတစ်ဦးက ဓားဖြင့်လှီးခဲ့ရာ သုံးလက်မခန့် ပြတ်ရှဒဏ်ရာရရှိခဲ့ကြောင်း၊ မောင်ဖြစ်သူ ဖြိုးကျော်ဟိန်းက ၎င်းထံ လာရောက်ပြောပြ၍ သွားရောက်ကြည့်ရှုခဲ့ပြီး ခင်ပွန်းဖြစ်သူအား ဒဏ်ရာရရှိအောင် ပြုလုပ်သူကို စုံစမ်းဖော်ထုတ်အရေးယူပေးရန် ပင်လည်ဘူးမြို့မရဲစခန်း၌ အမှုဖွင့်တိုင်တန်းခဲ့သဖြင့် ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေး အမှုစစ် ရဲအုပ်စိုးခိုင်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**



# လေပြင်းတိုက်မှုကြောင့် သစ်ကိုင်းပိ၍ လူတစ်ဦးသေ

**ပခုက္ကူ  မေ  ၂၂**

ပခုက္ကူမြို့နယ်တွင် မေ ၂၂ ရက် ညနေ ၅ နာရီ ခွဲခန့်က ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် ပခုက္ကူ-ပေါက်ကားလမ်း ကံလှအရှေ့ဘက်တွင် လူတစ်ဦးသစ်ပင်ပိ၍ နေရာတွင်ပင် သေဆုံးသွားကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ ဆိုင်ကယ်စီးလာစဉ် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ကိုင်းကျိုးကျပြီး ဆိုင်ကယ်စီးလာသူ၏ လည်ပင်းပေါ်သို့ကျကာ နေရာတွင် သေဆုံးသွားသည်။ သေဆုံးသူမှာ မည်သူဖြစ်ကြောင်း စုံစမ်းလျက်ရှိသည်။ လေပြင်းတိုက်ခတ်မှုကြောင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တွင် သစ်ပင်များလဲခြင်း၊ သစ်ကိုင်းကျိုးကျခြင်းများဖြစ်ပွားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဘားအံ-သထုံကားလမ်းပေါ်၌ ယာဉ်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**ဘားအံ  မေ  ၂၂**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင် ရဲအုပ် သက်စိုးဦးနှင့် တပ်ဖွဲ့ဝင်များ၊ မြိုင်ကလေးရဲကင်းစခန်းမှ ရဲအုပ် ဝင်းနိုင်ဦးစီးတပ်ဖွဲ့ဝင်များသည် သတင်းအရ မေ ၂၂ ရက် နံနက် ၅ နာရီခန့်က ဘားအံမြို့နယ် နောင်ကျန်ကျေးရွာအုပ်စု ဂူဝကျေးရွာ ဘားအံ-သထုံကားလမ်း ဘုရင့်ညီဂူအနီးတွင် စောင့်ဆိုင်းနေစဉ် သထုံမြို့ဘက်မှ မောင်းနှင်လာသော GG/---- FIELDER ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်း လှိုင်ဝင်းထွန်း (ခ) ကောင်းကောင်းနှင့် ပိုင်စိုး၊ ဟိန်းအောင်၊ ခင်ချိုစန်း၊ ကျော်ဝေလွင်တို့ လိုက်ပါလာသော ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၀ နှင့် ဆက်စပ်ပစ္စည်းများ ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စိတ်ကြွရူးသွပ်ဆေးပြား လက်ဝယ်ထား သုံးစွဲဖြန့်ဖြူးရောင်းချသူ လှိုင်ဝင်းထွန်း(ခ) ကောင်းကောင်း (၃၃ နှစ်) လှိုင်သာယာ၊ ပိုင်စိုး(၂၂ နှစ်) မီးရထားဝင်း အင်းစိန်မြို့နယ်၊ ဟိန်းအောင်(၁၉ နှစ်) ဈေးကုန်းအရှေ့ရပ်ကွက် အင်းစိန်မြို့နယ်၊ ခင်ချိုစန်း (၃၄ နှစ်) စက်ခေါင်းစက်ရုံလမ်း အင်းစိန်မြို့နယ်နှင့် ကျော်ဝေလွင်(၂၇ နှစ်) မီးရထားဝင်း ဈေးကုန်းအရှေ့ရပ်ကွက် အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး နေသူတို့ ငါးဦး **(အောက်ပုံ)**ကို ဘားအံမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားပြီး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**





## ယာဉ်တိမ်းမှောက်မှုဖြစ်ပွား ရှစ်ဦးဒဏ်ရာရ

**မိုးညှင်း  မေ  ၂၂** - ကချင်ပြည်နယ် မိုးညှင်းမြို့နယ် လုံးတုံရဲစခန်းပိုင်နယ်မြေ နန့်မွန်း-အုန်းစံဆိုင်သွား ကားလမ်းတွင် မေ ၂၂ ရက်က မော်တော်ယာဉ်တစ်စီး တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ မေ ၂၂ ရက် မွန်းလွဲ ၂ နာရီခန့်က လုံးတုံနယ်ရဲစခန်းနယ်မြေတွင် ရဲအုပ် ဝေမင်းဖြိုး တာဝန်ဆောင်ရွက်နေစဉ် အင်းတော်ကြီး ရွှေမဥ္ဇူရေလယ်ဘုရားမှ ဘုရားဖူးပြန်လာသော ယာဉ်မောင်း ကျော်ဇေယျ (၄၃ နှစ်)အောင်မြေသာဇံမြို့နယ်နေသူ မောင်းနှင်လာသော ယာဉ်အမှတ် HH/---- လိုက်ထရပ်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်သို့ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါ ခရီးသည် ၁၅ ဦးအနက် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့မှာ ဒဏ်ရာများရရှိခဲ့သဖြင့် မိုးညှင်းခရိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိကြောင်း ယာဉ်မောင်း ကျော်ဇေယျကို လုံးတုံနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နီတိုး**

## မြိတ်မြို့၌ ဘိန်းစာမှုန့်များ ဖမ်းမိ

**မြိတ် ဧပြီ ၂၂**

မြိတ်မြို့ ဘုတ်ချောင်းရပ် (၂)လမ်းတွင် နေထိုင်သော ဒေါ်ဖြူဖြူခိုင်၏ နေအိမ်တွင် မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိကြောင်း သတင်းအရ မြိတ်မြို့မရဲစခန်း အမှတ်(၁)နယ်မြေရဲကင်းမှ ဒုရဲအုပ်ကျော်ဇေလင်း ဦးဆောင်သည့် ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၁ ရက် ည ၁၀ နာရီခန့်က ယင်းနေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းစာမှုန့် ၁၆၂ ထုပ် စုစုပေါင်း အလေးချိန် ၁၁ ဒသမ ၃၄ ကီလိုဂရမ်နှင့် မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးရောင်းဝယ်ရာမှ ရရှိသည့် ငွေကျပ် ၁၅၀၀၀၀ တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။ ဒေါ်ဖြူဖြူခိုင် (၃၆ နှစ်)အား မြိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

**မြင့်ဦး(မြိတ်)**

# အမြန်လမ်းတွင် ရှေ့မှခရီးသည်တင်ယာဉ်ကို နောက်မှခရီးသည်တင်ယာဉ်ဝင်တိုက်သဖြင့် တစ်ဦးသေဆုံး

**နေပြည်တော် ဧပြီ ၂၂**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ်(၂၄၃/၄ နှင့် ၅)အကြား မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း အောင်မျိုးထက် မောင်းနှင်လာသော ပြည့်ဖြိုးအောင် ခရီးသည်တင် ယာဉ်သည် ယနေ့နံနက် ၁ နာရီခွဲက အရှိန်မထိန်းနိုင်ဘဲ အရှေ့မှ ယာဉ်မောင်း ဦးအောင်ကျော်ဇံ မောင်းနှင်နေသည့် ဒို့ညီနောင် ခရီးသည်တင်ယာဉ်ကို နောက်မှ ဝင်တိုက်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ဖြစ်စဉ်ကြောင့် ဒို့ညီနောင်ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ ၄၅ ဦးအနက် အမျိုးသားတစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့သည်။ ထို့အတူ ပြည့်ဖြိုးအောင် ခရီးသည်တင် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ ၆၀ အနက် အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၂၁ ဦး ဒဏ်ရာရရှိခဲ့သည်။

ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူနှင့် ဒဏ်ရာရရှိသူများအား ပေပင်လေး ရဲစခန်းမှ တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် ညောင်ကုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

သို့ဖြစ်၍ ယာဉ်ကို မဆင်မခြင် မောင်းနှင်သူ ပြည့်ဖြိုးအောင်ခရီးသည်တင် ယာဉ်မောင်းကို အမှုဖွင့်အရေးယူ ထားကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**





# နမ္မတူမြို့၌ ကားတစ်စီး အရှိန်လွန်တိမ်းမှောက်

**နမ္မတူ ဧပြီ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နမ္မတူမြို့နယ် နမ္မတူ-ဆိုက်ခေါင်ကျေးရွာအကြားတွင် ဧပြီ ၂၂ရက်က ယာဉ်တစ်စီး လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။ **(အပေါ်ပုံ)**

ယာဉ်မောင်း ဦးလုဝင်း မောင်းနှင်သော ဆူဇူကီးယာဉ် SHN/9H---- သည် နမ္မတူမြို့မှ ဆိုက်ခေါင်ကျေးရွာသို့သွပ်ပြားများပို့ပြီးအပြန်တွင် နမ္မတူ-ဆိုက်ခေါင်လမ်းအဝင် ဝင်းမြင့်ဗိုလ်ကုမ္ပဏီအနီး ကားလမ်းပေါ်တွင် အရှိန်လွန်ကာ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

ယင်းတိမ်းမှောက်မှုကြောင့် နမ္မတူမြို့နယ်ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အမေရိကန်ဒေါ်လာ ဝယ်ယူဟန်ပြုပြီး လိမ်လည်သွားသူ နိုင်ငံခြားသားနှစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်နေ ဦးဇော်ဝင်းသည် ဧပြီ ၂၀ ရက် ညနေ ၄ နာရီခန့်က ၎င်းဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည့် Pacific Money Changer ၌ ရှိနေစဉ် အသက် ၅၀ ခန့်ရှိ နိုင်ငံခြားသားနှစ်ဦးရောက်ရှိလာပြီး အမေရိကန် ဒေါ်လာ ၉၀၀၀၀ အား ဝယ်ယူလိုကြောင်း ပြောဆိုသဖြင့် အမေရိကန် တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁၃၅၀ နှုန်းဖြင့် ပြန်လည်ရောင်းချပေးကြောင်း ပြောဆိုရာ နိုင်ငံခြားသားနှစ်ဦးက လက်ခံသဘောတူသဖြင့် အမေရိကန်ဒေါ်လာ ၉၀၀၀၀ အား ၎င်းတို့ အသင့်ပါလာသော ကြွပ်ကြွပ်အိတ်သုံးအိတ်ဖြင့် ဒေါ်လာ ၃၀၀၀၀ စီကို ထုပ်ထည့်ကာ အတက်ချီကေ့စ်လက်ကိုင်သေတ္တာကို ကောင်တာပေါ်၌ ဖွင့်၍တင်ကာ ဝယ်ယူထားသော ဒေါ်လာငွေများ ထည့်ထားပြီး မြန်မာငွေများအား သွားယူဦးမည်ဟုပြောဆိုကာ ထွက်သွားခဲ့ကြောင်း၊ ယင်းနောက် လက်ကိုင်သေတ္တာကို အဆိုပါ နိုင်ငံခြားသားနှစ်ဦးက လာရောက်ယူဆောင်ခြင်းမရှိသဖြင့် ဖွင့်ကြည့်ရာ အတွင်း၌ ဆိုင်မှဝယ်ယူထားသော ဒေါ်လာများမဟုတ်ဘဲ ဒေါ်လာတစ်အုပ်စီတွင် ရှေ့နောက် ၁၀၀ တန် ဒေါ်လာငွေများစည်းလျက် အတွင်း၌ တစ်ဒေါ်လာတန်ငွေများ ထည့်သွင်းထားသော ဒေါ်လာငွေ သုံးအုပ်ဖြစ်နေကြောင်း တွေ့ရသဖြင့် အမေရိကန်ဒေါ်လာ ၉၀၀၀၀ အား လိမ်လည်ရယူသွားသူ နိုင်ငံခြားသားနှစ်ဦးအား အရေးယူပေးရန် ကျောက်တံတားမြို့မရဲစခန်း၌ အမှုဖွင့်တိုင်တန်းခဲ့သည်။



ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားနှစ်ဦးကို ဖမ်းဆီးရမိရေးအတွက် စီစီတီဗွီ မှတ်တမ်းဓာတ်ပုံများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တာဝန်ကျရဲတပ်ဖွဲ့ဝင်များထံ ဆက်သွယ်ပေးပို့ခဲ့ကာ ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့သည့်အပြင် ကျောက်တံတား မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၂)ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပိတ်ဆို့ရှာဖွေခဲ့ရာ ဓာတ်ပုံမှတ်တမ်းပါ ပုံသဏ္ဍာန်နှင့်တူသော နိုင်ငံခြားသားနှစ်ဦးအား ဧပြီ ၂၁ ရက် နံနက် ၀၀ နာရီ ၄၅ မိနစ်တွင် လေဆိပ်၌ တွေ့ရှိရသဖြင့် ထိန်းသိမ်းပြီး ခေါ်ယူစစ်ဆေးခဲ့ရာ ၎င်းတို့ထံမှ အမေရိကန်ဒေါ်လာ ၉၀၀၀၀ အား တွေ့ရှိခဲ့ရသည်။

ဖမ်းဆီးရမိသူ နိုင်ငံခြားသားနှစ်ဦးအား စစ်ဆေးရာ ၎င်းတို့မှာ ဂျော်ဂျီယာ နိုင်ငံသားများဖြစ်ကြသူ Mr.Janjgava Revaz (၆၄ နှစ်)နှင့် Mr.Narmania Malkhaz (၅၁ နှစ်) ကမ္ဘာလှည့်ခရီးသွား ဗီဇာကိုင်ဆောင်ထားသူများဖြစ်ပြီး မြန်မာနိုင်ငံအတွင်း၌ ဧပြီ ၈ ရက်မှ မေ ၆ ရက်အထိ နေထိုင်ခွင့်ရရှိထားသူများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ပြီး ၎င်းတို့နှစ်ဦးအား ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**(သတင်းစဉ်)**





### တီးတိန်မြို့နယ်အသင်း (ရန်ကုန်)
### [TEDIM ASSOCIATION (YANGON)]
### နှစ်ပတ်လည်အစည်းအဝေးသို့ ဖိတ်ကြားလွှာ

တီးတိန်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၇ ခုနှစ် နှစ်ပတ်လည် အစည်းအဝေး၊ ၂၀၁၇-၂၀၁၉ အမှုဆောင်သစ်ရွေးချယ်ခြင်းနှင့် စာတမ်းဖတ်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ကြွစွာတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ FBTS ဓမ္မတက္ကသိုလ်၊ အမှတ် ၈၁၊ ဓမ္မာရုံလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်တွင် ၁-၅-၂၀၁၇ ရက် တနင်္လာနေ့ (အလုပ်သမားနေ့) နံနက် ၁၀:၀၀ နာရီတွင် ပြုလုပ်ပါမည်။

**အမှုဆောင်အဖွဲ့**

**ဆက်သွယ်ရန် -**

**ဒေါက်တာစီ၊ ထန်ဇာတွင်း ဖုန်း-၀၁-၂၁၂၅၃၃**
**ဗိုလ်ကြီးပွမ်ခန့်ပေါင် ဖုန်း-၀၉-၅၀၆၀၉၀၄**
**ဦးကပ်ခင်းပေါင် ဖုန်း-၀၉-၄၃၀၂၅၂၂၉**
**ဒေါက်တာကျင့်ခန့်လျန်း ဖုန်း-၀၉-၅၁၀၁၂၁၆**

### ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်သုတဆွေ ၁၂/ဒဂန(နိုင်)၀၃၄၆၅၉ (ဘ)ဦးချမ်းအေးကျော်၏ ပတ်စ်ပို့စာအုပ် MA-210439 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၇၆၉၀၉**

### ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈ D၊ မြေကွက်အမှတ် ၆၈၊ မြေကွက်တည်နေရာအမှတ် ၃၆၊ သရက်တောလမ်း၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ စမ်းချောင်း(မကြည်အေး) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် မိခင် ဒေါ်ကြည်အေး(ခ)ဒေါ်ကျင်အေးသည် ၂၈-၁၀-၂၀၀၃ ရက်တွင်လည်းကောင်း၊ ဖခင်ဦးသိန်းမောင် (ခ) လင်ကွီကုသည် (၃-၆-၁၉၈၉)ရက်တွင်လည်းကောင်း ကွယ်လွန်ကြသဖြင့် (၁)ဦးတင်ထွန်း ၁၂/စခန(နိုင်)၀၁၆၉၀၂၊ (၂) ဦးမြင့်ထွန်း ၁၂/စခန(နိုင်)၀၁၆၉၀၃၊ (၃) ဦးဘိုဝင်း(ခ)ဦးမြင့်လွင် ၁၂/စခန(နိုင်)၀၁၆၈၆၅၊ (၄) ဦးဘိုနီ(ခ)ဦးမြင့်ဝင်း ၁၂/စခန(နိုင်)၀၁၆၉၀၄၊ (၅) ဦးမြင့်စိုး ၁၂/ပဘတ(နိုင်)၀၂၆၅၉၃၊ (၆) ဒေါ်ဒီဒီမြင့် ၁၂/စခန(နိုင်)၀၁၆၉၀၇၊ (၇) ဒေါ်မြင့်မြင့်ခိုင် ၁၂/စခန(နိုင်)၀၁၆၉၀၈ တို့မှ သားသမီးများ တော်စပ်ကြောင်း ၇-၉-၂၀၁၆ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမည်မှန်**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ ဟုံးဝရွာနေ ဦးမောင်စောဝင်းနှင့် ဒေါ်မသောင်းတို့၏သမီး မစိုးသက်နိုင် ၁၁/ရဗန(နိုင်)၀၇၈၃၇၄ ၏ အမည်မှန်မှာ မစောသက်နိုင် ဖြစ်ပါကြောင်း။ **မစောသက်နိုင်**

### လူပျောက်ကြော်ငြာ



ဦးအုန်းသန်း(ခ)ဦးသန်းဌေး ၁၂/ဥကတ(နိုင်)၀၁၆၆၉၁ အသက်(၈၅)နှစ်သည် ၁၇-၄-၂၀၁၇ ရက် နံနက် ၈း၃၀နာရီခန့်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အသိပေးကြေညာအပ်ပါသည်။ **ဖုန်း-၀၉-၂၅၃၃၁၇၅၅၃၊ ၀၉-၄၃၀၈၆၁၁၂**

### အများသိစေရန်ကြေညာချက်

တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ ဦးပိုင်အမှတ် (၆/၂)၊ ကွင်းအမှတ် (၄၉)၊ ဗိုလ်ကုန်းအရှေ့၊ အမှတ် (၉/၂၂)၊ တတိယတန်းစား မြို့မြေ၊ အကျယ်အဝန်း ၀ ဒသမ ၂၀၈ ဧက၊ ဂရန်အမှတ်တွဲအမှတ် (၄၂/၁၉၉၉) ဖြင့် ဒေါက်တာမောင်မောင်ယေး (ခ) ဦးခင်မောင်အေး (AA -၀၈၃၁၈၄) အမည်ပေါက်ပိုင်ဆိုင်သော နှစ် ၃၀မြေငှားဂရန်စာချုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန့်စန္ဒာဝင်း (ဥပဒေအတွဲ) အထက်တန်းရှေ့နေ (စဉ် ၁၀၄၇၁)**
**LL.B, D.B.L, DML, D.I.L, D.I.R**
**P.D.S.W (Psy:)**
**ဖုန်း-၀၉-၇၉၉၇၇၆၅၄၄၊ ၀၉-၂၅၀၀၄၃၈၉၅**

### LINK MARK LIMITED

| | |
|---|---|
| Senior Account | (10) |
| Junior Account | (10) |
| Manager For Travel & Tour | (1) |
| Air Cargo Document Personal | (1) |
| Car Driver | (3) |

နယ်မှလာသူများအဆောင်စီစဉ်ပေးသည်။

Building (2)Layer (3), Room No.22, Khymarthi St, D Quarter, Wai Pon La Housing, North Okkala Township, Yangon, Myanmar.
Phone: 09-774201684, 09-773042092

◆ *ကျောဖုံးမှ*

ဘတ်စကက်ဘော၊ ဘိုးလင်း၊ လက်ဝှေ့၊ Bridge၊ ကနူး / ကယက်၊ စက်ဘီး၊ မြင်းစီး၊ ခါးရေး၊ ဘောလုံး၊ ဂေါ့ဖ်၊ ကျွမ်းဘား၊ Handball ၊ ဟော်ကီ၊ Jetski ၊ ဂျူဒို ၊ Kabidda ၊ ကရာတေး၊ ဂျူဂျစ်ဆူ၊ ပန်ကြပ်ဆီလတ်၊ ဝူရှူး၊ Modern Pentathlon၊ Paraglidding၊ လှေလှော်၊ ရပ်ဘီ၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ Sport Climbing၊ Squash၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သုံးမျိုးစုံ၊ နပန်း၊ ဘော်လီဘော၊ အလေးမအားကစားနည်းတို့ ပါဝင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၄ ပြိုင်ပွဲထက် အားကစားနည်းအရေအတွက် တိုးမြင့်လာကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၉ မျိုးမှ ပြိုင်ပွဲအမျိုးအစား ၄၂၆ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ် ၄၂၆ ခု ချီးမြှင့်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲ၌ ထည့်သွင်းကျင်းပမည့် အားကစားနည်းများအနက် ရေကူးနှင့် ပြေးခုန်ပစ်အားကစားနည်းတို့တွင် ရွှေတံဆိပ်အရေအတွက် အများဆုံး ချီးမြှင့်မည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့သည် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း လက်ရှိတွင် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေသောကြောင့် ယင်းပြိုင်ပွဲပြီးဆုံးမှသာ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများကို ရွေးချယ်သွားဖွယ်ရှိနေသည်။ မြန်မာအားကစားအဖွဲ့သည် ၂၀၁၄ ခုနှစ်က တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၇) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၀ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့သည်။ ရွှေတံဆိပ်ဆုအပါအဝင် ဆုတံဆိပ်အားလုံးကို မြန်မာပိုက်ကျော်ခြင်း အသင်းက ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

❖ *ကျောဖုံးမှ*

ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး မြန်မာအသင်း ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများ ထပ်မံရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သောကြောင့် မိနစ် ၉၀ တွင် တစ်ဂိုးစီသရေကျခဲ့သည်။ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ခြင်းမရှိဘဲ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းက လေးဂိုးစလုံးဂိုးဝင်ခဲ့ပြီး မြန်မာ ယူ-၁၈ အသင်းက နှစ်ဂိုးသာဝင်ပြီး ဒုတိယနှင့် တတိယဂိုးတို့ လွဲချော်ခဲ့သောကြောင့် မြန်မာအသင်း ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းသည် အုပ်စုပွဲတွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့ပြီး မြန်မာအသင်းမှာမူ အောင်မြင်မှုမရခဲ့သော်လည်း အတွေ့အကြုံကောင်းများ ရယူနိုင်ခဲ့သည်။ **(မြန်မာ့အလင်း)**

# ဆွမ်ဆီးတို့ စတုတ်ကို အနိုင်ရသော်လည်း တန်းဆင်းဇုန်မှ ရုန်းမထွက်နိုင်သေး ဘုန်းမောက်က မစ်ဒယ်ဘရော့ကို လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၄) စနေနေ့ည ပွဲစဉ်များမှ ဆွမ်ဆီးနှင့် စတုတ်စီးတီးတို့ပွဲတွင် အိမ်ရှင် ဆွမ်ဆီး အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ဆွမ်ဆီးအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် လည်းကောင်း၊ စတုတ်စီးတီးသည် ၄-၄-၂ ကစားကွက်ဖြင့် လည်းကောင်း ပွဲထွက်လာကြသည်။ ပွဲချိန် ၁၀ မိနစ်တွင် တိုက်စစ်မှူး လော်ရန်တီက ဆွမ်ဆီးအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ဒုတိယပိုင်း ၆၉ မိနစ်တွင် စတုတ်တို့ ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ကွင်းလယ်ကစားသမား အာနေ့ာတိုဗစ် ကန်သွင်းခဲ့ရာ ချေပဂိုးအဖြစ် မပြောင်းလဲနိုင်ဘဲ အခွင့်အရေးဆုံးရှုံးခဲ့ရသည်။ မိနစ် ၇၀ တွင် တန်ပြန်တိုက်စစ်ဖြင့် ကာရိုးက ဆွမ်ဆီးအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ ယနေ့ပွဲ အနိုင်ရသော်လည်း ဆွမ်ဆီးတို့ တန်းဆင်းဇုန်ထဲမှ ရုန်းမထွက်နိုင်သေးဘဲ ရမှတ် ၃၁ မှတ်ဖြင့် အဆင့် ၁၈ ၌ ရပ်တည်နေသည်။ စတုတ်စီးတီးက ရမှတ် ၃၉ မှတ်ဖြင့် ဇယားအလယ်တွင် ဆက်လက်ရပ်တည်နေသည်။


ဆွမ်ဆီးအသင်းမှ ကာရိုးက စတုတ်အသင်းဘက်သို့ ဒုတိယဂိုးသွင်းယူစဉ်

အခြားပွဲစဉ်များအဖြစ် ဘုန်းမောက်က မစ်ဒယ်ဘရော့အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ယူပြီး ဟားလ်စီးတီးက နှစ်ဂိုး-ဂိုးမရှိဖြင့် ဝက်ဖို့ဒ်ကို အနိုင်ရခဲ့သည်။ ဝက်စ်ဟမ်းနှင့် အဲဗာတန်တို့မှာ ဂိုးမရှိ သရေကျခဲ့သည်။ ■ **သီဟ**

## မြန်မာ့ရုပ်မြင်သံကြား

၂၃-၄-၂၀၁၇ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - သွားရောက်လေ့လာစရာ မြန်မာ့စာပေနှင့် ယဉ်ကျေးမှုများရှိတဲ့နေရာ (မန္တလေး)
၈း၄၀ - လှပစုံလင် အာဆီယံတစ်ခွင်
၈း၄၅ - နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်း
၉း၁၀ - အောင်မြင်မှု ပန်းတိုင်ဆီချီတက် ပြည်သူ့အတွက် သဘာဝဘေးဒဏ် ရင်ဆိုင်ခံစားခဲ့ရသည့် ပြည်သူတို့ရဲ့စကားသံများ (အပိုင်း-၁) (ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်)
၉း၂၅ - MRTV Travelogue
၁၀း၀၀ - Sunday Talk
၁၁း၀၀ - တစ်ပတ်အတွင်း ထူးခြားသတင်း
၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် **ဗန်တိုလူလေးနှင့်သူဇာ** ညွှန့်ဝင်း၊ ဒေစီကျော်ဝင်း (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)

**ညပိုင်း**

၁၇း၀၅ - ချစ်ကြည်ဆိုရာဝယ်
၁၇း၄၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် **ကြိုးဖြင့်ချည်ထားသော ဗာရာဏသီ**
၁၈း၂၀ - အလင်္ကာကျော်စွာ ရွှေပြည်အေး၏ တသသဂန္ထဝင်တေးများ (အပိုင်း-၁)
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့မာယာကလဲ့စား** (အပိုင်း-၄၈)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ရေးဆိုင်ရာ စကားဝိုင်း
၂၁း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့် ဓားဘုရင်** (အပိုင်း-၂၇)
- ဘယ်သူတာဝန်အရှိဆုံးလဲ မင်းမော်ကွန်း၊ ယုသန္တာတင် (ဒါရိုက်တာ -ဝိုင်း)

## ဂျာမန် ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၃၀) အနိုင်အရှုံးရလဒ်များ

၂၂-၄-၂၀၁၇

| | | |
|---|---|---|
| ဘိုင်ယန်မြူးနစ် | ၂ - ၂ | မိန့်ဇ် |
| ဟာသာဘာလင် | ၁ - ၀ | ဝုဖ်ဘတ် |
| ဟမ်းဘတ် | ၁ - ၂ | ဒမ်စတက် |
| အင်ဂိုစတက် | ၂ - ၄ | ဝါဒါဘရီမင် |
| ဖရန့်ဖတ် | ၃ - ၁ | အော့စ်ဘတ် |

## စပိန်လာလီဂါ ပွဲစဉ် (၃၃) အနိုင်အရှုံးရလဒ်များ

| | | |
|---|---|---|
| မာလာဂါ | ၂ - ၀ | ဗလင်စီယာ |
| ဗီလာရီးရဲလ် | ၂ - ၁ | လီဂါနက်စ် |

ဆရာကြီး ပါမောက္ခဒေါက်တာဉာဏ်လင်း(အင်္ဂလိပ်စာ–ဦးဉာဏ်လင်း–ရွှေဘုံသာ)
ကိုယ်တိုင်တည်ထောင်အုပ်ချုပ်ပြီး၊ ဂါရင့်ပါမောက္ခ၊ ကထိက၊ စာသင်၊စာစစ်မှူး၊ဆရာ/ဆရာမကြီးများ၊ဂါရင့်ဘွဲ့ရ Guide များနှင့်အတူသင်ကြားပို့ချသော
ပညာရေးဝန်ကြီးဌာနခွင့်ပြုချက် – ကက – ၁၃/၂၅/၂၄၃
Sayar Dr Nyan Lin's Academy of Education
ကိုယ်ပိုင်အထက်တန်းကျောင်း (KG တန်း မှ တက္ကသိုလ်ဝင်တန်း) နှင့် အဆင့်မြင့်ဘော်ဒါ
စိတ်ဓါတ် | စည်းကမ်း | ပညာ | ဘာသာစကား | ကွန်ပျူတာ | ဗဟုသုတ | အနုပညာ | အားကစား | ကျန်းမာရေး
DNL Academy နွေအထူး

DNL Academy of International Education
International English (4) skills with Etiquette & Manners
IGCSE, SAT, IELTS, TOEFL, APTIS, IESOL, FCE, KET, PET, STARTERS, MOVERS, FLYERS, MATHS, GENERAL SCIENCE
U.K နိုင်ငံရှိ တက္ကသိုလ် ၊ ကောလိပ်များ
U.S.A နိုင်ငံရှိ တက္ကသိုလ် ၊ ကောလိပ်များ
Australia နိုင်ငံရှိ တက္ကသိုလ် ၊ ကောလိပ်များ
ဧပြီလ(၂၅)ရက် ၂၀၁၇
မေလ( ၆ )ရက် ၂၀၁၇
အကြံဉာဏ်ကောင်းများရယူပါ ။ အတန်းအားလုံး နှင့် ဘော်ဒါလက်ခံနေပါပြီ ။ လူဦးရေအထူးကန့်သတ်ထားပါသည် ။ ကျောင်းကားများရှိပါသည် ။
အောင်ချက် ရာနှုန်းပြည့် ညွှန်သူအောင်၍၊ တော်သူထူးချွန်ကြသည်
(၁) မြေအမှတ်(၉၁)–ရွှေတောင်ကြား(၁)လမ်း၊ ရွှေတောင်ကြားရိပ်သာ၊ ဝင်ဒါမီယာ၊ ကုက္ကိုင်းမီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
(၂) ၂၇၂(ပ)ထပ်၊ နေလှိုင်တာဝါ(KBZ ဘဏ်အပေါ်ထပ်)၊ J.Donut, KFC အနီး၊ ပြည်လမ်း၊ မဟာမြိုင်၊ မြေနီကုန်း၊ ရန်ကုန်။
Ph- 09-960 887 004, 09-254 310 945, 09-730 390 50(Fb:drnl.academymedical@gmail.com(Professor-Dr-Nyan-Lin)

အောင်ပြည့်စုံ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

အများသိစေရန်
လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ အကွက်အမှတ်(၉၊ မြို့ဝမ်)၊ ဦးပိုင်(၃၀)၊ ဧရိယာ ၀ ဒသမ ၁၈၈ ဧကရှိ မြေဂရန်အမှတ်တွဲအမှတ်၄၃၅ ဒသမ၅/၉၀-၉၁(အေ)ဒေါ်ချစ်ဖြူမေ အမည်ပေါက်မြေအား (၁၄-၅-၂၀၁၀)ရက်အရောင်းအဝယ်စာချုပ်အမှတ် (၂၀၀I/၂၀၁၀)ဖြင့် ကျွန်မ ဒေါ်စန်းစန်းဌေးသို့ လွှဲပြောင်းရောင်းချပြီးဖြစ်၍ အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက် ၂၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဒေါ်စန်းစန်းဌေး
၅/မရန(နိုင်)၀၂၄၆၈၇

မြေညီထပ်ငှားမည်
လသာမြို့နယ်၊ လသာလမ်း (အထက်လမ်း)၊ မြန်မာနိုင်ငံစာစစ်ရုံးမျက်စောင်းထိုး ပေ(၁၂ ½×၆၀)၊ မြေညီထပ်(၂၂)သိန်း
ဖုန်း-၀၉-၅၀၂၀၈၀၀
၀၉-၅၁၄၁၆၆၇

ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ လှတော အထက၊ သတ္တမတန်းမှ မအိဇင်ဖြိုးနှင့် တတိယတန်းမှ မောင်ကျော်ဇေယျတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းလှိုင် ၅/ရဘန(နိုင်)၁၀၂၀၀၅ ဖြစ်ပါကြောင်း။
ဦးဇော်ဝင်းလှိုင်

ကန့်ကွက်နိုင်ပါကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ တာလေးရပ်ကွက်၊ နတ်မော်လမ်း၊ ကွင်းအမှတ်(၅၈)၊ ဦးပိုင်အမှတ် ၁၂/၄၆၊ ဧရိယာ၀ဒသမ ၀၅၅ ဧကရှိမြေကို ဦးစံဝင်း အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟင်္သာတမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ မြဝတီရပ်ကွက်၊ ကနောင်စုအနောက်၊ ကွင်းအမှတ်(၃၇)၊ ဦးပိုင်အမှတ် ၁၈/၆၊ ဧရိယာ ဝဒသမ ၀၅၅ ဧကရှိမြေကို မအိမွန်စိုး အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟင်္သာတမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ မြဝတီရပ်ကွက်၊ ကနောင်စုအနောက်၊ ကွင်းအမှတ်(၃၇)၊ ဦးပိုင်အမှတ် ၁၈/၄၊ ဧရိယာ ဝဒသမ ၀၅၅ ဧကရှိမြေကို မအိမွန်စိုး အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟင်္သာတမြို့နယ်

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ မင်းတိုင်ပင်ကျေးရွာနေ ဦးသန်းလှိုင်-ဒေါ်ဝင်းဝင်းလွင်တို့၏သား မောင်စည်သူလွင် ၅/ပလန(နိုင်)၀၆၁၉၆၃သည် မိဘများကို စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများကို မိဘများအနေဖြင့် တာဝန်ယူမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဦးသန်းလှိုင်-ဒေါ်ဝင်းဝင်းလွင်
မင်းတိုင်ပင်ကျေးရွာ

ဖခင်အမည်မှန်
တောင်ဒဂုံမြို့နယ်၊ အထက(၁)သတ္တမတန်း(B)မှ မောင်ဘက်ဟမ်းနှင့် စတုတ္ထတန်း(B)မှ မသဇင်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးမိုးဇော်ဦး ၉/မခန(နိုင်)၁၀၂၆၅၃ ဖြစ်ပါကြောင်း။
ဦးမိုးဇော်ဦး

ဖခင်အမည်မှန်
တောင်သာမြို့၊ ထနောင်းကုန်း၊ အလက(ခွဲ)အဌမတန်းမှ မဇင်မာဌေး၏ ဖခင်အမည်မှန်မှာ ဦးမြအောင် ၉/တသန(နိုင်)၀၅၉၅၁၆ ဖြစ်ပါကြောင်း။
ဦးမြအောင်

ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 5G/6799 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွာသာကြီး)

သွေးသည် အသက်

သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆောင်းပါး

# အနာဂတ်ဥယျာဉ်ကြီး သာယာလှပရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေး

ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မေမိုးသဲ

ယနေ့ ကမ္ဘာပေါ်တွင် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ကြုံတွေ့နေရသည်။ ထိုသို့ ပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှုများတွင် သဘာဝဘေးအန္တရာယ်ထက် လူသားတို့၏ ပယောဂကြောင့် အများဆုံးဖြစ်သည်ကို တွေ့မြင်နေရသည်။ ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု၏ ၉၀ ရာခိုင်နှုန်းမှာ လူသားတို့၏ ပယောဂကြောင့် ဖြစ်သည်ဟု ပညာရှင်အချို့မှ မှတ်ချက်ပြုထားသည်။

**ဆိုးကျိုးများ ဖြစ်ပေါ်လာ**

လူဦးရေ တိုးတက်လာသည်နှင့်အမျှ မြို့ရွာများ၊ စိုက်ပျိုးမြေများ ချဲ့ထွင်ခြင်းကြောင့် လည်းကောင်း၊ စက်ရုံ၊ အလုပ်ရုံများ ဆောက်လုပ်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ သစ်တောများကို ခုတ်ထွင်ရှင်းလင်းပြီး အခြားမြေများအဖြစ် အသုံးပြုခြင်း၊ သတ္တုတူးဖော်ခြင်းစသည်များ ဆောင်ရွက်ခြင်းတို့ကြောင့်လည်း သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ရခြင်း ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုနည်းအောင် စီမံဆောင်ရွက်ရမည် ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကြောင့် ကမ္ဘာကြီးပူနွေးလာကာ ရာသီဥတုမျှတမှုမရှိတော့ဘဲ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ တောမီးလောင်ခြင်း၊ လျှပ်လှုပ်ခြင်း၊ မုန်တိုင်းများ မကြာခဏ တိုက်ခတ်ခြင်း၊ ရေခဲများ အရည်ပျော်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယင်းတို့၏ နေရင်းဒေသများ လျော့ပါးပျောက်ကွယ်လာခြင်း စသည့် ဆိုးကျိုးများ ဖြစ်ပေါ်လာကြောင်း သိရသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းကို နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့နေရသည်။

ယခုလက်ရှိအခြေအနေတွင် အိုဇုန်းလွှာ၏အချို့နေရာများတွင် ပါးလာခြင်း၊ ပေါက်လာခြင်းများ ဖြစ်ပေါ်နေကြောင်း သိရသည်။ အိုဇုန်းလွှာပျက်စီးလာသည်နှင့် အမျှ ခရမ်းလွန်ရောင်ခြည်များသည် ကမ္ဘာမြေပေါ်သို့ တိုက်ရိုက်ကျရောက်လျက်ရှိသည်။ ထို့ကြောင့် အိုဇုန်းလွှာ ပျက်စီးစေသည့် ဒြပ်ပစ္စည်းများကို သုံးစွဲမည့်အစား အိုဇုန်းလွှာကို မထိခိုက်စေနိုင်သည့် ပစ္စည်းများ အစားထိုးသုံးစွဲဖို့ လိုအပ်ပေသည်။ ထိုနည်းလမ်းဖြင့်လည်း သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်ရန် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်။

**စွန့်ပစ်အမှိုက်များ**

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ယိုယွင်းပျက်စီးစေသည့်အထဲတွင် အမှိုက်များကို စနစ်တကျမပစ်ဘဲ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ အဓိက အမှိုက်များမှာ မြို့တော်ရေးယာမှ ထွက်ရှိသည့် အမှိုက်များ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်အမှိုက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်အမှိုက်များ၊ ဘေးအန္တရာယ်ဖြစ်စေသည့် ဓာတုဗေဒ စွန့်ပစ်ပစ္စည်းများနှင့် လျှပ်စစ် စွန့်ပစ်ပစ္စည်းများသည် သဘာဝ ပတ်ဝန်းကျင်ကို ယိုယွင်းပျက်စီးစေကြောင်း သိရသည်။

**ကာကွယ်ထိန်းသိမ်းရန်လို**

စွန့်ပစ်အမှိုက်များအနက် ကြွပ်ကြွပ်အိတ်သည်လည်း သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက်စေသည်။ ယခုအခါ ကြွပ်ကြွပ်အိတ်များ စည်းကမ်းမဲ့စွန့်ပစ်မှုများကို နေရာအနှံ့တွင် တွေ့မြင်နေရသည်။ ကြွပ်ကြွပ်အိတ်များကို စနစ်တကျ စွန့်ပစ်ခြင်းမရှိတာကြောင့် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့်အပြင် လူများ၏ ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်သည်။ ကြွပ်ကြွပ်အိတ်များကို မီးရှို့ရာမှ ထွက်ရှိလာသည့် အနံ့များကို မကြာခဏ ရှူရှိုက်မိခြင်း၊ ပူနွေးသည့်အစာများကို ကြွပ်ကြွပ်အိတ်အတွင်းထည့်၍ မကြာခဏ စားသုံးခြင်းတို့တွင် ကင်ဆာရောဂါဖြစ်ပွားနိုင်သည်ဟု သုံးသပ်မှုများရှိသည်ကိုလည်း ကြားသိရသည်။ထို့အပြင် ကြွပ်ကြွပ်အိတ်သည် မြေကြီးထဲတွင်ရှိနေသည့် အခါတွင်လည်း နှစ်ပေါင်းများစွာ မပျက်စီးဘဲ ရှိနေနိုင်သည့်အတွက် မြေဆီလွှာပျက်စီးစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကိုပါ ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ မပြုလုပ်ဘဲ စနစ်တကျစည်းကမ်းရှိစွာ အမှိုက်များစွန့်ပစ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု အန္တရာယ်များကို ကာကွယ်ထိန်းသိမ်းရန် လိုအပ်သည်။



ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်ပြည်သူများပူးပေါင်းကာ မြေကွက်လပ်များတွင် သစ်ပင်များစိုက်ပျိုးနေစဉ်

**ရေချိုသယံဇာတ**

ရေချိုသယံဇာတများကို ဖြုန်းတီးပစ်ခြင်းသည်လည်း သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုကို ဖြစ်စေတတ်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် မပျက်စီးအောင် ထိန်းသိမ်းရာတွင် ရေချိုသယံဇာတများကို ထိန်းသိမ်းဖို့ လိုအပ်သည်။ မြန်မာနိုင်ငံတွင် မြစ်၊ ချောင်း၊ ရေကန်၊ ရေတံခွန်များနှင့် မြေအောက်ရေသယံဇာတများစွာရှိသည်။ သို့သော် မြန်မာနိုင်ငံတွင် လူဦးရေများပြားလာသည်နှင့်အမျှ စက်ရုံနှင့်အလုပ်ရုံများ တိုးတက်များပြားလာပြီး ရေလိုအပ်ချက်များမှာ ယခင်ကထက် များပြားလာသည်ကို တွေ့ရသည်။

ထို့ကြောင့် ရေသယံဇာတများကို စည်းကမ်းမဲ့စွာ သုံးစွဲခြင်းမပြုဘဲ လိုအပ်သည့်နေရာတွင် ရေကို စည်းစနစ်ကျစွာ သုံးစွဲခြင်းသည်လည်း တောတောင်များနှင့် သစ်တောများကို ထိန်းသိမ်းရာရောက်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ကာကွယ်နိုင်သည်။

**ရာသီဥတုဆိုးကျိုးကို ဖိတ်ခေါ်**

သစ်တောသစ်ပင်များ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းသည် ရာသီဥတုမျှတမှုကို ထိရောက်စွာ အထောက်အကူပြုလျက်ရှိသည်။ သို့သော် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တဖြည်းဖြည်း သဘာဝသစ်တောများ ပြုန်းတီးလာမှုကို တွေ့မြင်နေရသည်။ အသိစိတ်နှင့် သစ်ပင်များစိုက်ပျိုးခြင်းများ ရှိနေသော်လည်း စည်းကမ်းမဲ့သူတချို့၏ ဖျက်ဆီးမှုများကြောင့် သစ်တောများ ပျက်စီးပြုန်းတီးနေမှုသည် ရာသီဥတုဆိုးကျိုးကို ဖိတ်ခေါ်နေသလို ဖြစ်နေသည်။ တောင်ပေါ်ဒေသများ ဖွံ့ဖြိုးလာသည်နှင့်အမျှ တောင်ပေါ်နေ ပြည်သူများ နေထိုင်မှု များပြားလာခြင်းကြောင့် သစ်တောများ ပျက်စီးပြုန်းတီးလာမှုများ ရှိလာသည်။

**သစ်ပင်ခုတ်ထွင်အသုံးပြု**

သဘာဝတောမီး လောင်ကျွမ်းခြင်းကို အကြောင်းပြု၍ သစ်တောများကို မီးရှို့ဖျက်ဆီးပြီး တောင်ယာစိုက်ပျိုးရေး လုပ်ကိုင်နေခြင်းများသည်လည်း သစ်တောများ ပြုန်းတီးမှုတစ်ခုပင် ဖြစ်သည်။ စိုက်ပျိုးခြင်းဖြင့် ပျက်စီးခဲ့သော သစ်ကြီး၊ ဝါးကြီးပင်များကို မည်ကဲ့သို့ ပြန်လည်စိုက်ပျိုးမည်နည်း၊ အစားထိုးအရိပ်ရ သစ်ပင်များ မည်သူပြန်လည်စိုက်ပျိုးမည်နည်းဆိုသော အချက်များကို ပြုလုပ်သူများအနေဖြင့် စဉ်းစားအကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ဒေသခံပြည်သူများ၏ မိမိပတ်ဝန်းကျင်သစ်တောများ၊ သဘာဝအလှတရားများအား ကာကွယ်စောင့်ရှောက်ခြင်းဖြင့် နိုင်ငံတစ်ဝန်း သစ်တောများကို ကာကွယ်သင့်သည်။ ယခုအခါ ပြန်လည်စိုက်ပျိုးခြင်းထက် သစ်တောအသုံးပြု၊ သစ်ပင်ခုတ်ထွင်အသုံးပြုမှုသည် နိုင်ငံအတွင်း တွေ့မြင်နေရသည်။

**ပြောင်းလဲအသုံးချမှုများ**

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ အချိန်ကာလက မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံ၏ရေိယာ ၆၀ ရာခိုင်နှုန်းကျော်ရှိခဲ့ပြီး ယခုအခါ နိုင်ငံ၏ လူဦးရေတိုးတက်လာသည်နှင့်အမျှ သစ်တောမြေများကို တခြားမြေအဖြစ် ပြောင်းလဲအသုံးချမှုများကြောင့် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံ၏ရေိယာ၏ ၄၀ ကျော် ရာခိုင်နှုန်းခန့်သာ ကျန်ရှိကြောင်း မှတ်တမ်းများအရ သိရသည်။

ယခုလိုသစ်တောရေိယာ လျော့နည်းရခြင်းအကြောင်းများကို သုံးသပ်ကြည့်လျှင် တိုးပွားလာသည့် လူဦးရေအတွက် မြို့ရွာချဲ့ထွင်ခြင်း၊ စိုက်ပျိုးမြေများ ချဲ့ထွင်ခြင်း၊ အိုးအိမ်ဆောက်လုပ်ရန်နှင့် အသုံးပြုရန် သစ်၊ ထင်း၊ မီးသွေး လိုအပ်ချက်များပြားလာခြင်း၊ အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။

**သစ်ပင်များကို စိုက်ပျိုးသင့်**

ကြီးမြန် သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ ဆောင်ပုဒ်နှင့်အညီ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ကမ္ဘာပေါ်ရှိလူသားများ အပူဒဏ်ကို ခံစားနေရချိန် ပြည်သူများ၊ တာဝန်ရှိသူများအနေဖြင့် အရိပ်ရသစ်ပင်များကို စိုက်ပျိုးသင့်သည်။ သက်ဆိုင်ရာက သစ်ပင်စိုက်ရာသီတွင် သစ်ပင်များစိုက်ပျိုးသွားသော်လည်းနောက်မှ ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းခဲ့သဖြင့် စိုက်ပျိုးခဲ့သမျှ ဖြစ်ထွန်းမှု မရှိခဲ့သည်ကိုလည်း တွေ့မြင်ရသည်။ သစ်တောသစ်ပင်များသည် လူသားတို့ အသက်ရှင်ရန်အတွက် အဓိက အထောက်အကူပြုလျက်ရှိသကဲ့သို့ ရာသီဥတုကိုလည်း အမှီသဟဲပြုသဖြင့် သစ်တောသစ်ပင်များကို လူသားတိုင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်သည်။

**လူသားတို့၏အနာဂတ်**

မိုးရာသီ သစ်ပင်စိုက်ပျိုးချိန်တွင် သက်ဆိုင်ရာဌာနများနှင့် ပြည်သူများ ပူးပေါင်းကာ သစ်ပင်စိုက်ပျိုးရေးလ အဖြစ်သတ်မှတ်ပြီး နှစ်စဉ် အရိပ်ရ သစ်ပင်များ နိုင်ငံတစ်ဝန်းအရှိန်အဟုန်မြှင့်တင် စိုက်ပျိုးနေမှုသည် အနာဂတ်အတွက်သဘာဝအလှတရားနှင့် ရာသီဥတု သာယာလှပမှုကို ဦးတည်ဆောင်ရွက်လျက်ရှိနေခြင်းလည်း ဖြစ်သည်။ ထို့ကြောင့် သစ်ပင်များကို အသစ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီး သစ်ပင်များ အရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းခြင်းဖြင့် လူသားတို့၏ အနာဂတ် ဥယျာဉ်ကြီး သာယာလှပစေရေး ပြုစုပျိုးထောင်ပေးသည်နှင့်အမျှ မိမိတို့ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းခြင်းမှ ကာကွယ်နိုင်မည် ဖြစ်ပေသည်။ ။



ရာသီဥတုပြောင်းလဲမှု လျော့ကျရေး အစိမ်းရောင်စီးပွားရေးကို ဖော်ဆောင်ပေး


HTOO










Hi

# မြန်မာသဒ္ဒါသင်ကြားရေး(၂)



**မောင်ခင်မင်(ဓနုဖြူ)**

"မြန်မာသဒ္ဒါသင်ကြားရေးဆိုတော့ သဒ္ဒါကျမ်းတွေ၊ အဲ-သဒ္ဒါစာအုပ်တွေလို့ပဲဆိုကြပါစို့။ အဲဒီ မြန်မာသဒ္ဒါစာအုပ်တွေကို ကျောင်းတွေမှာ ဘယ်တုန်းကစပြီး သင်ကြတယ်၊ ဘယ်လိုသင်ကြတယ်ဆိုတဲ့ အကြောင်းပြောကြဖို့လိုမှာပေါ့"

"ဟုတ်ကဲ့ဆရာ။ ဒီလိုဆိုရင် အစောဆုံးမြန်မာသဒ္ဒါစာအုပ် ဘယ်ခေတ်ကစပြီး ပေါ်ပေါက်ပါသလဲဆရာ"

"အဲဒီအမေးကို ပြောရရင် မင်းတို့နှစ်ယောက်အံ့သြသွားမယ်ထင်တယ်"

"ဟင်...ဘာဖြစ်လို့လဲဆရာ"

"ဘာဖြစ်လို့လဲဆိုတော့ မြန်မာစာစပေါ်တဲ့ပုဂံခေတ်က စပြီး ကုန်းဘောင်ခေတ်ကုန်တဲ့အထိ မြန်မာသဒ္ဒါစာအုပ်ရယ်လို့ တစ်အုပ်မှ မပေါ်ခဲ့လို့ပဲ"

"ဟင်...ဟုတ်လားဆရာ။ ကျွန်မစိတ်ထဲမှာတော့ ရှေ့က မြန်မာသဒ္ဒါကျမ်းတွေအများကြီး ပေါ်ပေါက်ခဲ့မယ်ထင်တာ။ အခုဆရာပြောတာကို သံသယရှိလို့မဟုတ်ပါဘူး။ ဒါပေမယ့် ရှေးက မြန်မာသဒ္ဒါစာအုပ်တစ်အုပ်မှ မပေါ်ပေါက်ခဲ့ဘူးဆိုတာ ကြားရတော့စိတ်ထဲမှာ တစ်မျိုးကြီးပဲဆရာ"

"ဆရာ...ကျွန်တော်ကတော့ အခုဆရာပြောသလို ပြတ်ပြတ်သားသားတော့မပြောဝံ့ပေမယ့် ရှေးက မြန်မာသဒ္ဒါကျမ်းတွေရှိခဲ့ရဲ့လားလို့တော့ အတွေးပေါ်ခဲ့ဖူးပါတယ်။ ကျွန်တော် ဘီအီးဒီဘွဲ့အတွက် မြန်မာသဒ္ဒါကျမ်းတွေစုတုန်းက ဆရာပြောသလို ရှေးကမြန်မာသဒ္ဒါကျမ်းဆိုတာမျိုးဟုတ်တိ ပတ်တိ မတွေ့ခဲ့ရပါဘူးဆရာ"

"အေး...ဒါကြောင့် မင်းတို့အံ့သြသွားမယ်ထင်တယ်လို့ ပြောတာ။ ကဲ...ဆရာပြောတဲ့စကားအတွက် အထောက်အထား နှစ်ခုပြောပြမယ်။ တစ်ခုက ဆရာကြီးဦးဖေမောင်တင်ရဲ့ အဆိုအမိန့်ပါ။ ဆရာကြီးက မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၀) ထဲမှာ မြန်မာဘာသာစကားအကြောင်းရေးထားတာရှိတယ်။

"ဘယ်လိုရေးထားသလဲဆရာ"

"ဆရာကြီးက ပုဂံခေတ်မှာ ဗုဒ္ဓသာသနာထွန်းကားတဲ့ အကြောင်းကစပြီး ပုဂံသားတွေဟာ ပိဋကတ်တော်တွေကို ရေးသားထားတဲ့ ပါဠိဘာသာစကားကို လေ့လာကျွမ်းကျင်ကြပုံ၊ ပါဠိသဒ္ဒါတတ်ကျွမ်းကြပုံတွေကို ဖော်ပြတယ်။ ဘယ်လောက် တောင်ပါဠိသဒ္ဒါကျွမ်းကျင်သလဲဆိုရင် ပုဂံခေတ်က ရှင်အဂ္ဂဝံသ ပြုစုတဲ့ 'သဒ္ဒနီတိ' ပါဠိသဒ္ဒါကျမ်းဟာ အဆင့်အတန်းမြင့်တဲ့ သဒ္ဒါကျမ်းဖြစ်တယ်-တဲ့။ ဒါပေမယ့် ပုဂံခေတ်ကပြုစုတဲ့ မြန်မာသဒ္ဒါကျမ်းရယ်လို့ တစ်ခေတ်တစ်ဖွဲ့မှ မတွေ့ရဘူး။ ဆရာကြီးက အဲဒီအခြေအနေနဲ့ပတ်သက်ပြီး "မြန်မာသဒ္ဒါကိုရေးသားရန် စိတ်မကူးဘဲ ပါဠိသဒ္ဒါကို ဤမျှလောက်သင်ကြားရေးသားကြသည်မှာ မှတ်သားဖွယ်တစ်ခုဖြစ်၏" လို့မှတ်ချက်ချထားတယ်။ အဲဒီမှတ်ချက်အကြောင်း ခဏခဏပြောရလို့ ဆရာအလွတ်တောင်ရနေပါပြီ"

"သြော်...ဟုတ်ကဲ့ပါ။ ဆရာကြီး ဦးဖေမောင်တင်လို ပါဠိ မြန်မာစွယ်စုံရပညာရှင်ကြီးရဲ့အဆိုအမိန့်ဆိုတော့ အလေးထားရမှာပေါ့ဆရာ။ ကျွန်မတို့ မှတ်သားထားပါ့မယ်"

"နောက်အထောက်အထားတစ်ခုက ဦးယမ်ရေးတဲ့ ပိဋကတ်သမိုင်းစာတမ်းပဲ။ ဦးယမ်ဆိုတာ မင်းတုန်းမင်း လက်ထက်မှာ ပိဋကတ်တော်အုပ်အဖြစ် ဆောင်ရွက်ရတဲ့ မိုင်းခိုင်းမြို့စား၊ မင်းကြီးမဟာသီရိဇေယျသူဘွဲ့ရ ပညာရှင်ကြီးပေါ့။ ဦးယမ်က မင်းတုန်းမင်းရဲ့ပိဋကတ်တိုက်ကို ကြီးကြပ်ရတဲ့ ပုဂ္ဂိုလ်ဆိုတော့ ခုခေတ်စကားနဲ့ဆိုရင် စာကြည့်တိုက်မှူး ပေါ့ကွယ်။ စာပေနှံ့စပ်တဲ့ပညာရှင်ပေါ့"

"ဟုတ်ကဲ့ပါ"

"ဦးယမ်က မင်းတုန်းမင်းရဲ့ ပိဋကတ်တိုက်မှာရှိတဲ့ ပေ၊ ပုရပိုက်တွေအားလုံးကို မှတ်တမ်းတင်ထားတဲ့စာရင်းဟာ အဲဒီပိဋကတ်သမိုင်းပဲ။ ကျမ်းပေါင်း ၂၀၄၇ ကျမ်းကို အမှတ်စဉ်ထိုးပြီး ဖော်ပြထားတယ်။ အခုဆရာပြောချင်တာရောက်ပြီ။ အဲဒီစာရင်းမှာ သဒ္ဒါကျမ်းနာမည်တွေပါတယ်။ ဒါပေမယ့် အားလုံးက ပါဠိသဒ္ဒါကျမ်းတွေချည်းပဲ။ အဲဒီတုန်းက ပါဠိ သဒ္ဒါကျမ်းတွေရဲ့အင်အားကို သိချင်လို့ ဆရာစာရင်းလုပ်ထားဖူးတယ်။ နေဦး။ ရှာလိုက်ဦးမယ်။ အဲ... တွေ့ပြီ။ အချုပ်ပြောရရင် ခုနပြောတဲ့ သဒ္ဒနီတိလို့ ပါဠိသဒ္ဒါကျမ်းတွေမှာ ပါဠိဘာသာနဲ့ရေးထားတဲ့ သဒ္ဒါကြီး၊ သဒ္ဒါငယ်တွေက အားလုံး ၇၄ ကျမ်း၊ မြန်မာလို နိသျပြန်ထားတာက ၂၈ ကျမ်းဆိုတော့ အားလုံး ၁၀၂ ကျမ်းရှိတယ်။"

"ပါဠိသဒ္ဒါကျမ်းပေါင်း တစ်ရာကျော်ဆိုတော့ အများကြီးပဲနော်"

> **"ရှေးကမြန်မာပညာရှင်တွေ မြန်မာဘာသာစကားကို လေ့လာကြရာမှာ စကားလုံးတွေရဲ့ စာလုံးပေါင်းသတ်ပုံတို့၊ အနက်အဓိပ္ပာယ်တို့ကို စိတ်ဝင်စားပြီး အထူးတလည် လေ့လာကြပေမယ့် ဝါကျတွေဘယ်လိုဖွဲ့တယ်ဆိုတဲ့ ဝါကျဖွဲ့ပုံဖွဲ့နည်း အပိုင်းကိုတော့ သိပ်အာရုံမပြုခဲ့ကြဘူး ဆိုတာ တွေ့ရတယ်"**

"ပြီးတော့ မြန်မာကျမ်းတွေလည်း အများကြီးပဲ။ ပျို့၊ မော်ကွန်း၊ ချေင်းတွေ၊ စကားပြေကျမ်းတွေ မျိုးစုံရာချီပြီးပါ တယ်။အံ့သြဖို့ ကောင်းတာက အဲဒီပိဋကတ်သမိုင်းစာတမ်းမှာ မြန်မာသဒ္ဒါကျမ်းဆိုလို့ တစ်ကျမ်းမှ မတွေ့ရတာပဲကွဲ့"

"သြော်"

"စဉ်းစားကြည့်လေ။ မင်းတုန်းမင်းရဲ့ ပိဋကတ်တိုက်ဆိုတော့ ကျမ်းတွေ အစုံရှိမှာပေါ့။ ကြီးကြပ်တဲ့ ပုဂ္ဂိုလ်ကလည်း စာပေနှံ့စပ်တဲ့ပုဂ္ဂိုလ်။ အဲဒီလိုနေရာမျိုးမှာ မြန်မာသဒ္ဒါကျမ်း တစ်ခေတ်မှ မတွေ့ရဘူးဆိုတာ ပုဂံခေတ်က ကုန်းဘောင်ခေတ် အထိ မြန်မာသဒ္ဒါကျမ်းတစ်ခေတ်မှ မပေါ်ခဲ့ဘူးဆိုတာ ထင်ရှားပါတယ်"

"ဟုတ်ကဲ့"

"မြန်မာသဒ္ဒါကျမ်းရယ်လို့ တစ်ခေတ်တစ်ဖွဲ့ မရေးခဲ့ကြပေမယ့် ပါဠိသဒ္ဒါ လေ့လာသင်ယူရင်း မြန်မာသဒ္ဒါရဲ့လက္ခဏာတွေကို ပညာရှင်တချို့က တစေ့တစောင်း စူးစမ်းလေ့လာတဲ့ အထောက်အထားတော့ရှိတယ်။ ပုဂံခေတ်နရသီဟပတေ့မင်း လက်ထက်မှာ အသက်ခြောက်ဆယ်ကျော်မှ စာသင်ပြီး ကျမ်းတတ်အကျော်အမော်ဖြစ်လာတဲ့ ရှင်ဒိသာပါမောက္ခဘွဲ့ရတဲ့ ဦးကျည်ပွေ့ဟာ 'ဂမ္ဘီရတ္ထဂန္ထ ခေါ်တဲ့' 'သဒ္ဒါကျမ်းနက်'ကို ပြုစုတယ်။ ကျမ်းကတော့ ပါဠိသဒ္ဒါငယ်ကျမ်းပါပဲ။ ဒါပေမယ့် အဲဒီကျမ်းထဲမှာ 'သည်၊ ကား၊ သို့၊ နှင့်၊ ဖြင့်၊ အား'စတဲ့ နောက်ဆက်စကားနှစ်ဆယ်ကျော်ကို ပါဠိဂါထာစီပြီး ဖော်ပြထားတယ်။ 'သည်ကား စပဌမာဂုတ္တာ' ဆိုတာမျိုးပေါ့။ အဲဒီလိုပဲ 'မြန်မာစကားမှာ 'တို့၊ ကုန်' မပါရင် ဧကဝုစ်ကိန်း 'တို့၊ ကုန်'ပါရင် ဗဟုဝုစ်ကိန်းဖြစ်တယ်ဆိုတာလည်း ပါဠိကထာ ဖွဲ့ထားတယ်။ မြန်မာစကားအကြောင်း ပါဠိလိုရှင်းပြတာကို ကြည့်ရင် ပါဠိဘာသာရဲ့သြဇာ ဘယ်လောက်ကြီးမားတယ်ဆိုတာ ခန့်မှန်းနိုင်တာပေါ့ကွယ်။ ပုဂံခေတ်ကတည်းက မြန်မာစကားကို ပါဠိသဒ္ဒါစည်းကမ်းဟု သုံးသပ်ကြတဲ့ အစဉ်အလာရှိခဲ့တာပါ"

"ဟုတ်ကဲ့ပါ။ ဒါထက်ကျွန်တော်ကျောင်းသားတုန်းက၊ "သဒ္ဒဗျူဟာကျမ်း"ကိုလေ့လာဖူးပါတယ်။ တောင်တွင်းဆရာတော်ပြုစုတဲ့ကျမ်းထင်ပါတယ်။ တက္ကသိုလ်က မြန်မာစာ အဓိကကျောင်းသားတွေသင်ရတဲ့ ကျမ်းဆိုတော့ မြန်မာ သဒ္ဒါကျမ်းလို့ထင်မိတာ။ လေ့လာကြည့်တော့ မြန်မာသဒ္ဒါကို ပါဠိနည်းနဲ့ပြုစုထားတဲ့ကျမ်း ဖြစ်နေပါတယ်ဆရာ"

"ဟုတ်တာပေါ့။ တောင်တွင်းဆရာတော်ရဲ့ သဒ္ဒဗျူဟာ ကျမ်းတို့၊ ပထမကျော်အောင်စံထားဆရာတော်ရဲ့ ကဝိလက္ခဏာခေါ် သဒ္ဒါပရမတ် အဆုံးအဖြတ်ကျမ်းတို့ဟာ ၁၈ ရာစုမှာ ပေါ်လာတဲ့ ကျမ်းတွေပဲ။ ညောင်ရမ်းခေတ်ပေါ့။ အဲဒီကျမ်းတွေဟာ မြန်မာသဒ္ဒါကို ပါဠိနည်းနဲ့ ပြုစုထားတာမို့ မြန်မာသဒ္ဒါကျမ်းလို့ မခေါ် နိုင်ဘူးလေ" ပြီးတော့ အဲ့ဒီလိုပါဠိ သြဇာအများကြီးသက်ရောက်တဲ့ မြန်မာသဒ္ဒါစစ်စစ်မဟုတ် တဲ့ကျမ်းမျိုးတောင်များများစားစား မပေါ်ခဲ့ဘူးလေ"

"တစ်ခုမေးပါရစေဆရာ"

"ဘာပါလိမ့်"

"အင်းဝခေတ်က ရှင်မဟာရဋ္ဌသာရရဲ့ပျို့တွေထဲမှာ ဆရာတော်ငယ်စဉ်က သဒ္ဒါသင်ရတဲ့အကြောင်း ဖွဲ့ထားတာတွေ့ရပါတယ်။ အဲ့ဒါ ဘယ်လိုသဒ္ဒါကျမ်းမျိုးပါလဲ"

"သြော်...ဆရာတော်က ဘူရိဒတ်ဇာတ်ပေါင်းပျို့မှာ ငယ်စဉ်ကသင်ခဲ့တဲ့ ကျမ်းတွေအကြောင်းဖွဲ့ထားတာကို ပြောတာ ထင်တယ်။ အဲ့ဒီမှာပါတယ်လေ။ 'နည်းကျယ်သဒ္ဒါ၊ ကစ္စည်းမှာလည်း၊ နှုတ်ပါရွရွ၊ ဇာရကာဖြင့်' ဆိုတာ"

"ဟုတ်ပါတယ်ဆရာ"

"နည်းကျယ်သဒ္ဒါ၊ ကစ္စည်းမှာလည်းဆိုကတည်းက ကစ္စည်းသဒ္ဒါဆိုတဲ့ပါဠိသဒ္ဒါ ကျမ်းပေါ့ကွယ်။ ရှင်မဟာ ကစ္စည်း ပြုစုခဲ့တဲ့ ပါဠိသဒ္ဒါကျမ်းပေါ့။ ပါဠိသဒ္ဒါကျမ်းတွေဟာ ရဟန်းတော်တွေရဲ့သင်ရိုးထဲမှာ ပါတယ်လေ။ ဒါကြောင့် ဆရာတော် လည်းသင်ရတာပေါ့"

"ကျွန်မလည်း တစ်ခုစဉ်းစားမိလို့ပါဆရာ"

"ပြောပါဦးဗျာ"

"ရှေးကမြန်မာသဒ္ဒါကျမ်းတွေ မပေါ်ခဲ့တော့ စာဆိုတော် တွေလည်း မြန်မာသဒ္ဒါသင်ရမှာမဟုတ်ဘူး။ ပါဠိသဒ္ဒါပဲသင် ရမှာလေ။ မြန်မာသဒ္ဒါကျမ်းတွေ မသင်ရပေမယ့် မြန်မာစာပေ တွေရေးသားတဲ့အခါမှာတော့ သဒ္ဒါနည်းမှန်မှန်ရေးနိုင်ကြတာ ဘာကြောင့် ပါလိမ့်လို့ စဉ်းစားမိလို့ပါ"

"ဟုတ်ပြီ။ အဲဒီပြဿနာက စိတ်ဝင်စားစရာကောင်းတယ်။ ခုတော့ ခဏနေဦး။ နောက်ပိုင်းကြတော့ ဒီပြဿနာကို ဆွေးနွေးကြပေါ့"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ခုက ရှေးကမြန်မာပညာရှင်တွေ မြန်မာ ဘာသာစကားကိုလေ့လာကြရာမှာ စကားလုံးတွေရဲ့ စာလုံး ပေါင်းသတ်ပုံတို့၊ အနက်အဓိပ္ပာယ်တို့ကို စိတ်ဝင်စားပြီး အထူးတလည် လေ့လာကြပေမယ့် ဝါကျတွေဘယ်လိုဖွဲ့တယ် ဆိုတဲ့ ဝါကျဖွဲ့ပုံဖွဲ့နည်း အပိုင်းကိုတော့ သိပ်အာရုံမပြုခဲ့ကြဘူး ဆိုတာ တွေ့ရတယ်"

"ဆရာပြောတာ သိပ်နားမလည်လို့ထပ်ရှင်းပြပါလား ဆရာ"

"ဒီလိုလေ။ အစဉ်အဆက်ပေါ်ခဲ့တဲ့စာလုံးပေါင်းသတ်ပုံ ကျမ်းတွေဆိုရင် အများကြီးပဲ။ ခေတ်အဆက်ဆက်စာလုံးပေါင်း သတ်ပုံကျမ်းတွေ ရေးသားပြုစုခဲ့ကြတာကိုကြည့်ရင် ပညာ ရှင်တွေစာလုံးပေါင်းသတ်ပုံကို ဘယ်လောက်စိတ်ဝင်စားကြ သလဲဆိုတာသိနိုင်တာပေါ့။ အဲဒီလိုပဲ ဝေါဟာရအဓိပ္ပာယ်ကို ဖွင့်တဲ့ကျမ်းတွေလည်းအထင်အရှားရှိတာပဲ။ ဆိုပါတော့ကွယ်။ ဒုတိယ ကျော်အောင်စံထားဆရာတော်ရဲ့ ဝေါဟာရတ္ထပကာ သနီကျမ်းဆိုရင် အင်မတန်ကျယ်ဝန်းတဲ့ ဝေါဟာရအဖွင့်ကျမ်း ကြီးပေါ့။ ဝေါဟာရအဓိပ္ပာယ်တွေကို နက်နက်နဲနဲရှင်းပြထား တာတွေ တွေ့နိုင်ပါတယ်။ ဒါပေမယ့် ဝေါဟာရအဆင့်ထက် ကျော်ပြီး ဝါကျအဆင့်ကျတော့ ခရီးသွားဟန်လွှဲရှင်းပြတာ လောက်ပဲပါတယ်။ အဲဒီကျမ်းကြီးမှာ မြန်မာသဒ္ဒါစနစ်နဲ့ ပတ်သက်ပြီး စကားလုံးဖွဲ့စည်းပုံတို့၊ အပြုကြိယာနဲ့ အဖြစ် ကြိယာတို့လိုဟာမျိုးတွေ အနည်းအကျဉ်းတော့ ပါပါရဲ့။ မြန်မာ သဒ္ဒါလို့ခေါ်ရလောက်တဲ့လေ့လာမှုမျိုးကိုတော့ ကျယ်ကျယ် ပြန့်ပြန့် မတွေ့ရဘူးလေ"

"သြော်...ဟုတ်ကဲ့၊ နားလည်ပါပြီဆရာ"

"မြန်မာပညာရှင်တွေက မြန်မာသဒ္ဒါရဲ့ကဏ္ဍတွေဖြစ်တဲ့ စကားလုံးဖွဲ့ပုံတို့၊ ဝါကျဖွဲ့ပုံတို့ကို သိပ်အာရုံမပြုခဲ့တဲ့အတွက် မြန်မာသဒ္ဒါကျမ်းတွေ ပြုစုဖို့ စိတ်မကူးကြဘဲ။ သူတို့အာရုံပြုမိတဲ့ စာလုံးပေါင်းသတ်ပုံရေးထုံးတို့၊ ဝေါဟာရအနက်အဓိပ္ပာယ်တို့ကို စူးစူးစိုက်စိုက်လေ့လာပြီး စာလုံးပေါင်းသတ်ပုံကျမ်းတွေ၊ ဝေါဟာရအဖွင့်ကျမ်းတွေကို ပြုစုခဲ့ကြတယ်လို့ ကောက်ချက် ချရမှာပေါ့ကွယ်"

"အဲဒီလိုဆိုရင် မြန်မာသဒ္ဒါသင်ကြားတဲ့အစဉ်အလာဘယ် တော့မှ စတာပါလဲဆရာ"

"မြန်မာသဒ္ဒါစာအုပ်တွေ အင်နဲ့အားနဲ့ ပေါ်လာတဲ့ ကိုလိုနီခေတ်ကျမှ ကျောင်းတွေမှာ မြန်မာသဒ္ဒါသင်ကြားရေး အစဉ်အလာစတယ်လို့ ဆိုရမှာပေါ့။ ကဲ...နားကြဦးစို့။

"ဟုတ်ကဲ့။ ဆရာလည်း မောသွားပါပြီ။ နောက်နေ့လာ ပါဦးမယ်ဆရာ"

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လက်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသား အရောင်ညိုမည်းလာခြင်းတို့ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိ တိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြား ကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ခရမ်းလွန်ရောင်ခြည်သည် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း မြင့်မားစွာကျရောက်နိုင်ပါသည်။ သို့ဖြစ်၍ ယင်းအချိန်အတွင်း သွားလာလှုပ်ရှား သူများ၊ သကြံန်ရေကစားသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် အောက်ပါအချက်များကို သတိပြုလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) အလွန်ပူပြင်းသောနေရောင်အောက်တွင် အလုပ်လုပ်ကိုင်ခြင်း၊ သွားလာလှုပ်ရှားခြင်းနှင့် ခရီးသွားလာခြင်း စသည်တို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

(၂) မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ် စသည်တို့ကို ဆောင်း သွားပါ။

(၃) အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံး စသည့်နေရာများကို သနပ်ခါးထူထူ (သို့မဟုတ်) SPF 15+ ပါဝင်သောနေရောင်ခံလိမ်း ဆေးကို နေရောင်ထဲ မထွက်မီ ၁၅ မိနစ်ခန့် ကြိုတင်လိမ်းပါ။ နေရောင်ခံ လိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်း ပေးပါ။

(၄) ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

(၅) ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၆) ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၏ ဆိုးကျိုးများ ပိုမိုထိခိုက်ခံစားရနိုင် သဖြင့် -

- အသက်တစ်နှစ်အောက် ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်း မပြုပါနှင့်။
- ကလေးငယ်များကို အရိပ်ထဲတွင်သာ ကစားစေပါ။
- ကလေးငယ်များအနေဖြင့် အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ (သို့မဟုတ်) နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကျော၊ ခြေထောက်နှင့် ခြေဖမိုးများပေါ်သို့ လိမ်းပေးပါ။ ချည်သားထူထူပွပွ အဝတ်အထည်များ ဝတ်ဆင်ပေးပါ။ နေကာမျက်မှန် တပ်ဆင်ပေးပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

မြန် မာ့ ရိုး ရာ အား က စား

# တစ်ကျော့ပြန်ငမန်း ဒုတိယအကြိမ် အလွတ်တန်းချန်ပီယံဖြစ်ရေး တကယ်ပဲ အကြောင်းဖန်လာပြီလား ...

**သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်**

ယနေ့ မြန်မာ့ရိုးရာလက်ဝှေ့လောက အလွတ်တန်းချန်ပီယံဟာ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ရဲ့အသိအမှတ်ပြု ကနေဒါနိုင်ငံသား ဒေ့ဗ်လက်ဒပ်ပဲ ဖြစ်ပါတယ်။ ဒေ့ဗ်ဟာ ထိုင်းနိုင်ငံအခြေစိုက် မွေထိုင်းလက်ဝှေ့ကလပ်ဖြစ်တဲ့ တိုက်ဂါးကလပ်မှာ လေ့ကျင့်ကစားနေသူဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်မှာ ပထမတန်း လက်ဝှေ့ကျော်တူးတူးနဲ့ စတင်ကာ ယှဉ်ပြိုင်ထိုးသတ်ရင်း မြန်မာ့ရိုးရာလက်ဝှေ့ရဲ့ပထမဆုံးပွဲအဖြစ် မြန်မာ့မြေပေါ်ကို ခြေချခဲ့တာပါ။ အဲဒီ ပထမတန်းလက်ဝှေ့ကျော် တူးတူးနဲ့ပွဲမှာ အရှုံးအနိုင်မပေါ်ဘဲ တူးတူးကို သရေနဲ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့လို့ မြန်မာ့ရိုးရာလက်ဝှေ့ချစ် ပရိသတ်များ အခဲမကျေ ဖြစ်ခဲ့ကြရပါတယ်။

မြန်မာ့ရိုးရာလက်ဝှေ့ပရိသတ်ရဲ့ စိတ်မကျေချမ်းမှုကို ဖြေဖျောက်နိုင်ဖို့ လက်ရှိချန်ပီယံ ထွန်းထွန်းမင်းရဲ့ စိန်ခေါ်မှုနဲ့ ဒေ့ဗ်ဟာ ဒုတိယအကြိမ် မြန်မာ့မြေပေါ်မှာ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပါတယ်။ ဒီပွဲမှာလည်း ငါးချီပြည့်ယှဉ်ပြိုင်ထိုးသတ်ကာ အရှုံးအနိုင်မပေါ် သရေဖြင့်ပြီးဆုံးခဲ့လို့ နောက်ဆုံး အဲကမ္ဘောဇအောင်လံလုပွဲမှာတော့ သူတို့နှစ်ဦး ဒုတိယအကြိမ်တွေ့ဆုံမှုမှာ နိုင်တဲ့သူကို မြန်မာနိုင်ငံ အလွတ်တန်းချန်ပီယံနဲ့ အဲကမ္ဘောဇအောင်လံဆုရှင်အဖြစ် အသိအမှတ်ပြုမယ်လို့ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်က ပွဲကြိုစာနယ်ဇင်းရှင်းလင်းပွဲမှာ ကြေညာခဲ့ပါတယ်။

အဲဒီ အဲကမ္ဘောဇ အောင်လံလုပွဲမှာတော့ မြန်မာနိုင်ငံ အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းဟာ ထင်မှတ်မထားသော ဒူးဒဏ်ရာကြောင့် တတိယအချီမှာပင် ဒေ့ဗ်ကို အလဲထိုးနဲ့ အရှုံးပေးခဲ့ရလို့ လက်ရှိ မြန်မာနိုင်ငံအလွတ်တန်းချန်ပီယံကို ကနေဒါနိုင်ငံသားဒေ့ဗ်လက်ဒပ်ထံ လက်လွှတ်လွဲပြောင်းလိုက်ရပါတယ်။ အဲဒီကနေ ဒေ့ဗ်ဟာ မြန်မာနိုင်ငံ အလွတ်တန်းချန်ပီယံ၊ အဲကမ္ဘောဇအောင်လံဆုရှင်အဖြစ် ယနေ့တိုင်ဆက်လက်ရပ်တည်နေခဲ့တာပါ။

ပြီးခဲ့တဲ့ ဧပြီ ၁၈ ရက်က ဂျပန်နိုင်ငံမှာ တတိယအကြိမ်ကျင်းပခဲ့တဲ့ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲမှာတော့ ဒေ့ဗ်ဟာ မြန်မာနိုင်ငံကိုယ်စားပြုပြီး ဩစတြေးလျနိုင်ငံသား အဒမ်နဲ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပါတယ်။ ဒေ့ဗ်ဟာ ပထမအချီမှာ အဒမ်ကို အသာစီး ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့ပေမယ့် ဒုတိယအချီမှာတော့ ထင်မှတ်မထားဘဲ ဒေ့ဗ်ရဲ့ လက်သန်းဟာ ယှဉ်ပြိုင်ထိုးသတ်ရင်း ကျိုးသွားခဲ့ပါတယ်။ ဒါပေမယ့် ဒေ့ဗ်ဟာ ပြိုင်ဘက်ကို သရုပ်မှန်မပြဘဲ သူ့အားသန်ရာ တံတောင်ရိုက်ချက်၊ ဒူးတိုက်ချက်တွေနဲ့ပဲ ငါးချီပြည့်သည်အထိ အဒမ်ကို အားတင်းကာ ယှဉ်ပြိုင်ထိုးသတ်ပြီး သရေယူခဲ့ပါတယ်။

ဒီအချက်တွေကိုကြည့်ခြင်းအားဖြင့် ဒေ့ဗ်ဟာ မြန်မာ့ရိုးရာလက်ဝှေ့ကို စိတ်ဝင်တစား လေ့လာထားပြီး လေ့ကျင့်မှုအပိုင်းမှာလည်း ရေကုန်ရေခန်းတိုင် လေ့ကျင့်ခဲ့တယ်ဆိုတာ ဘယ်လိုမှ ယုံမှားစရာမရှိလောက်ပါဘူး။ ဒါကြောင့် ပထမတန်းလက်ဝှေ့ကျော် တူးတူး၊ အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းတို့ကို အစီးသရေပွဲများမှတစ်ဆင့် အလဲထိုး အနိုင်ယူကာ အခုလို အလွတ်တန်းချန်ပီယံဆုကို သိမ်းပိုက်နိုင်ခဲ့တာဖြစ်ပါတယ်။

မြန်မာမီဒီယာဂရု(ပ်)ဟာ ယခုနှစ်မှာ ဂျပန်အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်နဲ့ တစ်နှစ်အတွင်း မြန်မာ့ရိုးရာလက်ဝှေ့ပွဲစဉ်တွေကို နှစ်လတစ်ကြိမ်နှုန်းနဲ့ ပွဲစဉ်ခြောက်ပွဲကျင်းပနိုင်ဖို့ သဘောတူ လက်မှတ်ရေးထိုးထားပြီးဖြစ်ပါတယ်။ ပြိုင်ပွဲများကို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်တို့ ဦးဆောင်ကျင်းပမှာဖြစ်ပါတယ်။ ပြိုင်ပွဲအများစုမှာ မြန်မာ့ရိုးရာလက်ဝှေ့သမားများကတစ်ခြမ်း၊ ပြည်ပနိုင်ငံခြားသားများကတစ်ခြမ်း ယှဉ်ပြိုင်ထိုးသတ်ဖို့ စီစဉ်ခဲ့ပါတယ်။ လာမယ့် ဇွန် ၁၆ ရက်မှာလည်း စတုတ္ထမြောက် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ကျင်းပသွားမှာဖြစ်ပြီး ယင်းပြိုင်ပွဲမှာ ရိုးရာလက်ဝှေ့လောကသို့ ဒုတိယအကြိမ် တစ်ကျော့ပြန်ဝင်လာတဲ့ တစ်ခေတ်တစ်ခါက မြန်မာနိုင်ငံ အလွတ်တန်းချန်ပီယံ စောငမန်းနဲ့ လက်ရှိအလွတ်တန်းချန်ပီယံ ဒေ့ဗ်တို့ကို အဓိကပွဲစဉ်အဖြစ် တည်ပေးဖို့ စီစဉ်လျက်ရှိပါတယ်။



စောငမန်း(မြန်မာ)

"အခုဟာ စောငမန်းရဲ့နောက်ဆုံးအခွင့်အရေးပဲလေ။ ဒီတစ်ခါတွေ့ဆုံမှုဟာ သူ့အတွက် ဒုတိယအကြိမ် အလွတ်တန်းချန်ပီယံဖြစ်ရေး အခွင့်အလမ်းတစ်ရပ်ပဲ။ ဒါကို သူတကယ်ထိုးဖို့၊ မထိုးဖို့ဆိုတာတော့ အကြောင်းမပြန်သေးဘူး။ ဒေ့ဗ်ကလည်း ဒီချန်ပီယံဆုကို ကာကွယ်ဖို့တော့ သူလည်း တကယ်ကြိုးစားမှာပဲ။ အဲဒီကြိုးစားမှုကို ချေဖျက်နိုင်၊ မချေဖျက်နိုင်ဆိုတာက ငမန်းရဲ့ကြိုးစားအားထုတ်မှုပေါ်မှာ မူတည်တယ်" လို့ ပွဲစီစဉ်သူ ဦးမာဂျေက လာမယ့် ဇွန် ၁၆ ရက်မှာ ဂျပန်နိုင်ငံမှာကျင်းပမယ့် စတုတ္ထအကြိမ်မြောက် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲနဲ့ပတ်သက်ပြီး သုံးသပ်ပြောကြားပါတယ်။



ဂျပန်နိုင်ငံ၌ တတိယအကြိမ်ကျင်းပသည့် ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတွင် ကျားဘဟိန်း(မြန်မာ)နှင့် ကိုဒီမိုဘာလီ(အမေရိကန်)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်

လက်ရှိအလွတ်တန်းချန်ပီယံ ဒေ့ဗ်လက်ဒပ်ဟာ ပြီးခဲ့တဲ့ ဒုတိယအကြိမ်မြောက် ဂျပန်နိုင်ငံခရီးစဉ် ရိုးရာလက်ဝှေ့ပြိုင်ပွဲမှာ ဖိုးကေနဲ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ပွဲစဉ်အစောပိုင်း ဒုတိယအချီမှာပဲ ဖိုးကေကို အလဲထိုးနဲ့ နိုင်ခဲ့ပါတယ်။ ယခု အဒမ်နဲ့ပွဲမှာလည်း သရေကျခဲ့လို့ စောငမန်းနဲ့ တည်ပေးခြင်းဖြစ်သလို အကယ်၍ စောငမန်းသာ အကြောင်းအမျိုးမျိုးကြောင့် မထိုးဖြစ်ခဲ့ရင် ကျန်ကစားသမားများနဲ့တည်ပေးဖို့ စီစဉ်သွားမည်ဖြစ်ကြောင်း ပွဲစီစဉ်သူက ပြောပါတယ်။ ပရိသတ်တောင့်တနေတဲ့ တူးတူး၊ စိုးလင်းဦးတို့က တစ်ဖက်သတ်စာချုပ်များရှိသလို ထွန်းထွန်းမင်းကလည်း လက်ရှိဒူးဒဏ်ရာ ကုသမှုခံယူနေတာကြောင့် နှစ်ဝက်ခန့်နားရဖွယ်ရှိနေလို့ အခုလို ရိုးရာလက်ဝှေ့လောကသို့ တစ်ကျော့ပြန်ဝင်လာတဲ့ စောငမန်းနဲ့ ပြန်တည်ပေးတာဖြစ်ပါတယ်။

စောငမန်းဟာ ၂၀၁၃ ခုနှစ်ဝန်းကျင်က မြန်မာနိုင်ငံ အလွတ်တန်းချန်ပီယံဖြစ်ခဲ့ပြီး ထိုစဉ်က အလွတ်တန်းချန်ပီယံနေရာကို လုယူမယ့် စိန်ခေါ်သူ တူးတူးနဲ့ပွဲမှာ သရေကျခဲ့ပြီး တူးတူးနဲ့အပြိုင် ပထမတန်းလက်ဝှေ့တန်းဝင်ဖြစ်လာတဲ့ ထွန်းထွန်းမင်းက စောငမန်းကို ပြန်လည်စိန်ခေါ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပါတယ်။ အဲဒီပွဲမှာလည်း တစ်ဦးနဲ့တစ်ဦး အရှုံးအနိုင်မပေါ်ဘဲ သရေကျခဲ့လို့ ထွန်းထွန်းမင်းက ထပ်မံစိန်ခေါ် ထိုးသတ်ခဲ့ရာ စတုတ္ထအချီမှာ စောငမန်းက အလဲထိုးနဲ့ ထွန်းထွန်းမင်းကို အရှုံးပေးခဲ့ရပြီး လက်ရှိအလွတ်တန်းချန်ပီယံဆုကို လက်လွှတ်လိုက်ရပါတယ်။ စောငမန်းဟာ ကြံ့ခိုင်မှုကောင်းတယ်၊ သတ္တိရှိတယ်၊ အရပ်အမောင်းကောင်းသလို အချုပ်အသိုင်းပိုင်တဲ့ လက်ဝှေ့ကျော်တစ်ဦးလည်းဖြစ်ပါတယ်။ ဒါကြောင့် မြန်မာပြည်အလွတ်တန်းချန်ပီယံ၊ ရွှေခါးပတ်ပိုင်ရှင်၊ ဒင်္ဂုံရွှေအောင်လံလေးခုနဲ့ အရှေ့တောင်အာရှ ငွေတံဆိပ်ဆုရှင်အဖြစ် ရပ်တည်နိုင်ခဲ့တဲ့ ရိုးရာလက်ဝှေ့ကျော်တစ်ဦးဖြစ်ပါတယ်။ ဆရာဦးတင်ဦး (ရွှေဖူးကလပ်)ရဲ့ တပည့်အရင်းလည်း ဖြစ်ပါတယ်။

"အခု ဂျပန်နိုင်ငံမှာကျင်းပမယ့် လေးကြိမ်မြောက် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲမှာ လက်ရှိ အလွတ်တန်းချန်ပီယံဖြစ်နေတဲ့ ဒေ့ဗ်လက်ဒပ်(ကနေဒါ)နဲ့ စောငမန်းကို အဓိကတွဲဆိုင်းအဖြစ် ကျင်းပသွားဖို့ စီစဉ်ထားပါတယ်။ အရင်တစ်ကြိမ်ကလည်း ဖိုးကေနဲ့ ဒေ့ဗ်ကို တွဲပေးခဲ့ပါတယ်။ တချို့က ပြောကြတယ်။ ကျန်တဲ့လက်ဝှေ့သမားတွေနဲ့ ဘာကြောင့်တွဲမပေးတာလဲ။ တူးတူးဆိုလည်း တစ်ဖက်အပြတ် စာချုပ်ချုပ်ထားတယ်။ စိုးလင်းဦးလည်း ဒီအတိုင်းပဲ။ အဲဒီတော့ လွတ်တဲ့သူ၊ ဝိတ်တန်းတူတဲ့သူနဲ့ပဲ ပွဲစီစဉ်ရတော့တာ။ ဒါတွေကို တချို့ပရိသတ်တွေက မသိကြဘူး။ ကျွန်တော်တို့ ပွဲစီစဉ်သူအနေနဲ့လည်း အကောင်းဆုံးပွဲဖြစ်အောင် တည်ပေးချင်တာပေါ့။ ဒါပေမယ့် ကိုယ့်ဆီက လက်ဝှေ့သမားတွေက တစ်ဖက်သတ်စာချုပ်တွေ အပိုင်ချုပ်ထားတော့ ဘယ်လိုမှအဆင်မပြေဘူး။ ကျွန်တော်တို့ စာချုပ်ချုပ်တယ်ဆိုတာက ကျွန်တော်တို့ စီစဉ်တဲ့ပွဲနဲ့လွဲရင် ကျန်တဲ့ပွဲတွေ ပေးထိုးတယ်။ အပိုင်ချုပ်ဆိုထားတာ မရှိဘူး။ အခုလို အပိုင်ချုပ်ဆိုထားတော့ ကျန်တဲ့ပွဲစီစဉ်သူတွေအနေနဲ့ကျတော့ အကျပ်တွေ့သလို၊ ကစားသမားတွေအတွက်လည်း ရေရှည်မှာ မကောင်းဘူး။ ဒါတွေက ရိုးရာလက်ဝှေ့ကို မြှင့်တင်ရာမရောက်ဘဲ အကျဘက်ကိုရောက်စေတဲ့ အချက်တွေပဲ" လို့ ဂျပန်-မြန်မာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ဦးဆောင်စီစဉ် ကျင်းပနေတဲ့ ဦးဝဏ္ဏ(ခ)မာဂျေက ပြောပါတယ်။

တစ်ကျော့ပြန် စောငမန်းနဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့် လက်ရှိ အလွတ်တန်းချန်ပီယံ ဒေ့ဗ်လက်ဒပ်(ကနေဒါ)ဟာ အသက် ၂၆ နှစ်ဖြစ်ပြီး များမကြာမီကမှ မြန်မာနိုင်ငံကို ခြေချလာတဲ့ မွေထိုင်း၊ ကစ်ဘောက်ဆင် လက်ဝှေ့ကျော်တစ်ဦး ဖြစ်ပါတယ်။ ခုတော့ သူဟာ မြန်မာ့ရိုးရာလက်ဝှေ့ အလွတ်တန်းချန်ပီယံတစ်ဦးပါ။ သူဟာ အရပ်အမောင်းရှိပြီး ကိုယ်ခံပညာပိုင်းမှာ သူမတူတဲ့ဉာဏ်ရည်ရှိကာ သူ့ရဲ့ပင့်/ထောက် လက်သီး၊ တံတောင်ရိုက်ချက်များဟာ ပြိုင်ဘက်ကို အထိနာစေပါတယ်။ ဒေ့ဗ်ရဲ့အားနည်းချက် တစ်ဖက်ပြိုင်ဘက်ကို အလဲထိုးနိုင်တဲ့ ခြေကန်ချက်မျိုး၊ ပါဝါလက်သီးမျိုး မရှိပေ မယ့် ပြိုင်ဘက်ရဲ့ တစ်ချက်ကောင်းတိုက်ကွက်တွေကိုတော့ ကောင်းကောင်းတုံ့ပြန်နိုင်၊ ကောင်းကောင်းရှောင်တိမ်းနိုင်တဲ့ လက်ဝှေ့ကျော်တစ်ဦးပါ။ ဒါကြောင့် မွေထိုင်းကနေ ရိုးရာလက်ဝှေ့ဘက်ကို တစ်ဖက်စောင်းနင်း လိုက်ပါနိုင်တာဖြစ်ပါတယ်။

ဒါကြောင့် ဂျပန်နိုင်ငံမှာ ဇွန် ၁၆ ရက် ကျင်းပမယ့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲမှာ အဓိကတွဲဆိုင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ထိုးသတ်ဖို့ စီစဉ်ထားတဲ့ ရိုးရာလက်ဝှေ့လောကကို တစ်ကျော့ပြန်ခြေချလာတဲ့ တစ်ချိန်က မြန်မာပြည်အလွတ်တန်းချန်ပီယံဟောင်း စောငမန်းနဲ့ လက်ရှိ မြန်မာပြည်အလွတ်တန်းချန်ပီယံ ဒေ့ဗ်တို့ပွဲဟာ ရိုးရာလက်ဝှေ့ချစ်ပြည်သူများ အကြိုက်တွေ့စေမယ့် ပွဲတစ်ပွဲဖြစ်ပြီး လက်ရှိချန်ပီယံကပဲ ပိုင်ဆိုင်မှုကို ဆက်လက်ထိန်းထားနိုင်မလား၊ တစ်ကျော့ပြန်ငမန်းကပဲ ဒုတိယအကြိမ် မြန်မာပြည် အလွတ်တန်း ချန်ပီယံကို ပြန်လည် လက်ဆင့်ကမ်းသိမ်းပိုက် အနိုင်ယူနိုင်မလားဆိုတာ စောင့်မျှော်ကြည့်ရှုရတော့မည်ဖြစ်ပါကြောင်း။ ။



ဒေ့ဗ်လက်ဒပ်(ကနေဒါ)

ခ ရီး သွား ဆောင်း ပါး

# အနောက်ရိုးမဆီသို့ ...

**သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ**

**ဓာတ်ပုံ-မောင်ချစ်ကြည်**



ကားပေါ်မှဆင်းလိုက်ပြီးနောက် နံနက်ခင်းလေကို တဝရှူလိုက်သည်။ ပုဆိုးကို ပြင်ဝတ်ရင်း ပတ်ဝန်းကျင်ကိုကြည့်လိုက်ရာ တစ်သွင်သွင်စီးဆင်းနေသောချောင်းကို တွေ့လိုက်ရသည်။ အမှိုက်နှင့်သစ်ကိုင်းအချို့ ရေစီးတွင်မျောပါလာသည်ကို ကြည့်နေစဉ် "အဲဒါ နံကသူချောင်းပေါ့"ဟု အတူလိုက်ပါလာသူ ကိုကျော်ဆွေက ပြောပြသည်။ ကွင်းကောက်ရွာအလယ်မှ ဖြတ်သန်းစီးဆင်းနေသော နံကသူချောင်းကိုကြည့်ရင်း အတွေးဝင်နေမိရာ "ဒီချောင်းက ကျွန်တော်တို့အခုသွားမယ့် နံကသူလိုဏ်ဂူအနီးက ဖြတ်သန်းစီးဆင်းလာတာလေ"ဟု ဖြည့်စွက်ပြောလိုက်သဖြင့် ဆက်စပ်မိသွားလေသည်။

အင်္ဂပူမြို့မှ နံနက်စောစော ကားဖြင့်ထွက်လာသောကျွန်တော်တို့ နေမထွက်ခင်မှာပင် ကွင်းကောက်ရွာသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ကွင်းကောက်ကို နာမည်သာကြားဖူးပြီး တစ်ကြိမ်မှ ကျွန်တော်မရောက်ဖူးခဲ့။ ကွင်းကောက်ရွာဟုဆိုသော်လည်း မြို့တစ်မြို့အလား စည်ကားဖွံ့ဖြိုးနေသည်ကို တွေ့ရသည်။ အိုးအိမ်ကောင်းများ၊ ရွာတွင်း အဓိကလမ်းများ၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့် စည်ပင်တိုးတက်နေသည်။ ရေလမ်း၊ ကုန်းလမ်း သွားလာနိုင်သဖြင့် အနီးဝန်းကျင်ရွာများနှင့် ဆက်သွယ်ရေး ကောင်းမွန်သည်ကိုသတိပြုမိသည်။

ကွင်းကောက်ရွာဟူသော အမည်က ရွာလယ်ကိုဖြတ်သန်းစီးဆင်းနေသော နံကသူချောင်းနှင့် ဆက်စပ်နေသည်။ နံကသူချောင်းမှာ အနောက်ရိုးမတောင်တန်းမှ စတင်စီးဆင်းလာခြင်းဖြစ်ပြီး မြေပြန့်အရောက်တွင် ကွေ့ကောက်စီးဆင်းသွားရာ ချောင်းကွေ့ကောက်စီးဆင်းသွားသည့်နေရာ၌ ရွာတည်ထားသောကြောင့်ကွေ့ကောက်ရွာဟု အမည်တွင်ခဲ့ရာမှ တဖြည်းဖြည်း ကာလကြာလာသည့်အခါ ကွင်းကောက်ရွာဟု ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်ဟု အင်္ဂပူမြို့သား ကိုကျော်စွာက ပြောပြသည်။ ကွင်းကောက်ရွာအလယ်မှ နံကသူချောင်းက ဖြတ်သန်းစီးဆင်းနေသောကြောင့် ကွင်းကောက်(တောင်)နှင့် ကွင်းကောက်(မြောက်)ဟူပြီး နှစ်ပိုင်းကွဲနေကြောင်းလည်း သိရသည်။

"ဟိုးတောင်ကုန်းပေါ်မှာ စေတီသုံးဆူ တည်ထားတာရှိတယ်။ အဲဒီစေတီတွေက သက္ကရာဇ် ၉၃၀ မှာ ပုသိမ်မြို့စား နန္ဒဗလ တည်ထားခဲ့တဲ့စေတီတွေပေါ့။ စေတီသုံးဆူရဲ့ ဘွဲ့တော်တွေက နန္ဒာလ၊ နန္ဒာမုဏိနဲ့ နန္ဒာသီရိဆိုပြီး အမည်ပေးထားတယ်။ အပြန်မှာ သွားဖူးကြတာပေါ့"ဟု ကိုကျော်စွာက ပြောပြသည်။ ကွင်းကောက်(တောင်)တွင်ရှိသည့် စေတီများမှာ ရှေးဟောင်းစေတီများ ဖြစ်သဖြင့် သမိုင်းမှတ်တမ်းများလည်း စိတ်ဝင်စားဖွယ်ရှိမည်ဟု အတွေးရောက်နေမိပြန်သည်။

အတွေးစကိုဖြတ်ပြီးနောက် ကျွန်တော်တို့ ကွင်းကောက်မှ နံကသူလိုဏ်ဂူသို့ ထွက်လာခဲ့ကြသည်။ နံကသူလိုဏ်ဂူသို့ သွားရာလမ်းမှာ နှစ်လမ်းရှိပြီး ပထမလမ်းမှာ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ဆရာတော်ဦးကလျာဏနှင့် တပည့်များ အသုံးပြုသွားလာခဲ့ကြသည့်လမ်းဖြစ်ပြီး ဒုတိယလမ်းမှာ သာသနာပြုပုဂ္ဂိုလ် အဘအောင်မင်းအောင်နှင့်အဖွဲ့က ဖောက်လုပ်ခဲ့သောလမ်းဖြစ်သည်။ မြေကြီးလမ်းများဖြစ်သော်လည်း သွားလာရအဆင်ပြေရန် စီမံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျွန်တော်တို့ ကွင်းကောက်မှ ကျွန်းတောရွာဘက်သို့ ခြေကျင်သွားခဲ့ကြသည်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေကြသည့် ကျေးလက်နေပြည်သူအချို့ကို တွေ့မြင်ရသည်။ ကျေးရွာများကို မြင်တွေ့ရသည်မှာ ရိုးရှင်းခြင်း၊ လွတ်လပ်ခြင်း၊ အေးချမ်းခြင်းတို့က ရင်ထဲသို့ အလိုလိုဝင်ရောက်လာသလို ခံစားရသည်။ တစ်ရွာနှင့်တစ်ရွာက အလှမ်းမဝေးသည်ဖြစ်ရာ ကျွန်းတောရွာမှ စေတီခုံရွာ၊ မဲဇလီကွင်းရွာ၊ သပြေပင်ရွာ စသည်တို့ကို ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ကြသည်။

တောရွာများကို တစ်ရွာပြီးတစ်ရွာ ဖြတ်သန်းသွားသည့်အခါ ဒေသခံအချို့က ကျွန်တော်တို့ကို စူးစမ်းသည့်အကြည့်ဖြင့် စိတ်ဝင်စားစွာကြည့်ရှုကြသည်ကို သတိပြုမိသည်။ သို့သော်ခဏတဖြုတ်အချိန်ခန့်သာကြည့်ပြီး မိမိတို့လုပ်ကိုင်လက်စ အလုပ်များကို ဆက်လက်လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ ကျေးလက်ရွာများဖြစ်ရာ အိုးအိမ်ကောင်းများကို တစ်အိမ်စ၊ နှစ်အိမ်စသာ မြင်တွေ့ရပြီး ကျန်အိမ်များမှာ ကျေးလက်အိမ်များအဖြစ်သာ တည်ရှိနေကြသည်။ ကျေးရွာအများစုမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုသာ အဓိကထားလုပ်ကိုင်ကြသည်ကို သတိပြုမိသည်။

ကျွန်တော်တို့ မိုးကောင်းရွာကို ကျော်ဖြတ်သည်နှင့် တောတောင်များကို စတင်တွေ့ရပြီဖြစ်သည်။ အနောက်ပဲခူးရိုးမ တောင်တန်းတောင်စွယ်များနှင့် ရခိုင်ရိုးမတို့ကို လှမ်းမြင်ရသည်။ တောလမ်းတောင်လမ်းဖြစ်ရာ ကျေးငှက်အသံများ၊ သစ်ပင်လေတိုးသံများမှအပ တစ်တောလုံးတစ်တောင်လုံး တိတ်ဆိတ်လျက်ရှိနေသည်။ မကြာမီ ရေတံခွန်တစ်ခုကိုတွေ့ရာ ရေများစီးဆင်းနေသည်ကို ခေတ္တရပ်ကြည့်မိသည်။ ရေတံခွန်အနီးတွင် ဒေသခံတစ်ဦးနှစ်ဦးကိုတွေ့၍ မေးကြည့်ရာ မိုးကောင်းရွာမှဖြစ်ကြောင်း သိရသည်။

တောလမ်းခရီးဖြစ်သော်လည်း ခြေခင်းလက်ခင်းသာသဖြင့် သွားလာရသည်မှာ အဆင်ပြေသည်။ တောတောင်သစ်ပင်များကို ဖြတ်သန်းတိုက်ခတ်လာသောလေက သန့်စင်လတ်ဆတ်နေသည်ဖြစ်ရာ အသက်ပြင်းပြင်း ရှူသွင်းရှူထုတ်လိုက်တိုင်း ရင်ကိုအေးမြ အမောပြေသွားစေသည်ကအမှန်ပင်။ ခပ်လှမ်းလှမ်းမှ ချိုးကူသံသဲ့သဲ့ကြားရသလို တစ်ချက်တစ်ချက် လေအဝှေ့တွင် ဥသြသံက လွင့်ပျံ့လာပြန်သည်။ နွေဥသြ၏ တစ်ကိုယ်တော်လွမ်းတေးက တောလမ်းခရီးဝယ် လွမ်းမောစရာအတိပြီးလေသည်။

ကျွန်တော်တို့ သပြူရေလယ်စခန်းသို့ ရောက်ရှိလာပြီး မနားတော့ဘဲ ဆက်လာခဲ့ရာ တဖြည်းဖြည်း တောနက်လာသလို ခံစားရသည်။ အင်္ဂပူမြို့သားကိုကျော်ဆွေက လမ်းခရီးအကြောင်း၊ တောတောင်ရေမြေများ အကြောင်းကို စိတ်လက်ပေါ့ပါးစွာဖြင့် ဗဟုသုတဖြစ်ဖွယ် ပြောပြနေရာ စိတ်ဝင်စားဖွယ်ကောင်းသည်။ ဤလမ်းခရီးသည် မိုးရာသီတွင် အခက်အခဲရှိသော်လည်း ဆောင်းရာသီနှင့် နွေရာသီတို့တွင် သွားလာရကောင်းမွန်သည်ဖြစ်ရာ သဘာဝခရီးသွားဧည့်သည်များ အကြိုက်တွေ့နိုင်သည့် ခရီးစဉ်တစ်ခုဖြစ်မည်ဟု အတွေးဝင်မိသည်။

ကျွန်တော်တို့ စကားဝါပင်စခန်း၊ ကျောက်ကြီးစခန်း၊ ကြားပင်စခန်းနှင့် ကျွန်းညိုစခန်းများကို ဖြတ်ကျော်လာခဲ့ပြီးနောက် လိုဏ်ဂူတစ်ခုကို လှမ်းမြင်ရသဖြင့် "အဲဒါ ကျောက်ပါးစပ်လိုဏ်ဂူလို့ခေါ်တယ်။ သေသေချာချာကြည့်ရင် ပါးစပ်ပေါက်နဲ့တူတယ် မဟုတ်လား"ဟု ကိုကျော်စွာကပြောပြသည်ကို ခေါင်းညိတ်ထောက်ခံမိသည်။ ကျွန်တော်တို့တွေ့ရသည့် ကျောက်ပါးစပ်လိုဏ်ဂူသည် နံကသူချောင်းအလယ်ရှိ ကျောက်တုံးကြီးတစ်တုံးတွင် ပါးစပ်ပေါက်ပုံသဏ္ဌာန် ဖြစ်ပေါ်နေရာ တောကောင်များ လာရောက်အိပ်စက်လေ့ရှိပြီး တစ်ခါတစ်ရံ ကျားများ လာရောက်အိပ်တတ်ကြောင်းသိရသဖြင့် စိုးရိမ်စိတ်ဝင်မိပြန်သည်။

ကျွန်တော်တို့ ဆက်လက်လာခဲ့ရာ ငွေးချိုစခန်းသို့ ရောက်ရှိလာသည်။ ထိုစဉ် အနီးရှိ သစ်ပင်တစ်ပင်ပေါ်တွင် လှုပ်ရှားမှုတစ်ရပ် သတိပြုမိလိုက်သဖြင့် ရုတ်တရက်ရပ်ပြီး လှမ်းကြည့်လိုက်ရာ တောကြောင်တစ်ကောင်ဖြစ်နေသည်ကို တွေ့ရသည်။ အတန်ငယ်ကြီးမားသော တောကြောင်ဖြစ်သော်လည်း ပေါ့ပါးလျင်မြန်သဖြင့် သစ်ပင်ကိုင်းကြားများအကြား ကွယ်ပျောက်သွားလေသည်။ ကျွန်တော်ထိတ်လန့်သွားသည့် အမူအရာကိုကြည့်ပြီး ကိုကျော်ဆွေက ပြုံးနေသည်။

ကျွန်တော်တို့ ဆက်လက်လာခဲ့ရာ မကြာမီ နံကသူလိုဏ်ဂူသို့ ရောက်ရှိခဲ့လေသည်။ ပတ်ဝန်းကျင်တစ်ခွင်တွင် မြင့်မားသောတောင်တန်းများ တွေ့ရပြီး အရာအားလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ နံကသူလိုဏ်ဂူသည် အပေါ်ဂူ၊ အောက်ဂူဟူ၍ရှိနေပြီး အပေါ်ဂူမှာ ဂူပေါက်သုံးခုရှိနေသည်ကို တွေ့ရသည်။ အပေါ်ဂူ၏ ဂူပေါက်သုံးခုမှာ အရှေ့တွင် တစ်ပေါက်၊ အနောက်တွင် တစ်ပေါက်နှင့် မြောက်ဘက်တွင် တစ်ပေါက် တည်ရှိနေသည်မှာ ထူးခြားကြောင်း သတိပြုမိသည်။

ကျွန်တော်တို့ မြောက်ဘက်ဂူပေါက်သို့ သွားခဲ့ရာ ဉာဏ်တော်အမြင့် ငါးပေခန့်ရှိသော ကြေးဆင်းတုတော်တစ်ဆူကို ဖူးတွေ့ရသည်။ ကြေးဆင်းတုတော် ပတ်လည်တွင်လည်း သံတိုင်များ စိုက်ထူထားပြီး အပေါ်မျက်နှာကြက် ပြုလုပ်ပူဇော်ထားသည်ကို တွေ့ရသည်။ လိုဏ်ဂူအတွင်းဘက် အမြင့်မှာ ၁၆တောင်ခန့်ရှိမည်ဟု မှန်းဆမိသည်။

လိုဏ်ဂူအတွင်း လင်းနို့၊ လင်းဆွဲများ၏ အသံကြားရပြီး သူတို့ နေထိုင်ကျက်စားကြရာနေရာလည်း ဖြစ်မည်ဟု တွေးမိသည်။ လိုဏ်ဂူအောက်ဘက် လမ်းကျဉ်းမှဝင်လျှင် အောက်ဂူသို့သွားရာဥမင်တစ်ခု တည်ရှိနေသည်ကို တွေ့ရသဖြင့် ဆက်သွားခဲ့ရာ ဥမင်အရှည်မှာ အတောင် ၅၀ ခန့်ရှိမည်ဟု မှန်းဆမိသည်။ ဥမင်၏အရှေ့ဘက်တွင် ဂူချောင်တစ်ခု တွေ့ရှိရာ ယခင်က ဇော်ဂျီနှင့် ဝိဇ္ဇာများ နေထိုင်ခဲ့ရာနေရာဖြစ်နိုင်ကြောင်း ကိုကျော်ဆွေက ပြောပြသည်။ ယင်းဂူချောင်၏ အနေအထားမှာ အကျယ် ခုနစ်တောင်နှင့် အမြင့် ၁၅ တောင်ခန့် ရှိပေမည်။

ကျွန်တော်တို့ အရှေ့ဘက်သို့ ဆက်လျှောက်ကြည့်ရာ မွန်းတည့်ပေါက် အခန်းနေရာသို့ ရောက်လာခဲ့သည်။ မွန်းတည့်ပေါက်မှာ အလျားနှင့်အနံ ခုနစ်တောင်ခန့်ရှိပြီး အမြင့်မှာ အတောင် ၆၀ ခန့်ရှိမည်ဟု ထင်မြင်မိသည်။ မွန်းတည့်ပေါက်အခန်း၌ အပေါက်လေးပေါက်ရှိရာ အလင်းရောင် ကောင်းစွာရရှိစေရန် ဖန်တီးထားသကဲ့သို့ ဖြစ်နေသည်။

ကျွန်တော်တို့ အောက်ဂူဝင်ပေါက်သို့ သွားရောက်ခဲ့ရာ ဝင်ပေါက်၌ ကျောက်တုံးကြီးတစ်တုံးက သဘာဝအတိုင်းဖြစ်တည်နေမှုကို အံ့သြစွာတွေ့ရသည်။ ပြုတ်ကျတော့မည့်သဏ္ဌာန်ရှိသော ကျောက်တုံးကြီး တည်ရှိနေမှုမှာ ထူးခြားသည်။ ကြွေကျတော့မည့် သစ်သီးကြီးတစ်လုံးကဲ့သို့ပင်။ ယင်းကျောက်တုံးကြီးအောက်မှ ကျွန်တော်တို့ ဝမ်းလျားမှောက်ဝင်ရသည်မှာ အသည်းတယားယားဖြစ်ရသည်။ ကျောက်တုံးကြီး ပြုတ်ကျခဲ့လျှင်ဟူသော အတွေးစိတ်နှင့်ပင် မျက်စိများ ပြာဝေသွားလောက်အောင် ခံစားလိုက်ရသည်။ မြန်မြန်ကျော်ဖြတ်ပြီးနောက် မတ်တတ်ရပ်ကာ ခေတ္တအမောဖြေနေမိသည်။ ရင်ခုန် စိတ်လှုပ်ရှားစရာကောင်းလိုက်သည့် ဖြစ်ခြင်း။

လိုဏ်ဂူအတွင်း၌ အခန်းများ၊ အကန့်များသဖွယ်တည်ရှိနေသည်ကို တွေ့ရသည်။ ကျောက်ကမွည်းစာ၊ ကျောက်ခုတင်နှင့် ဆေးကြိတ်သည့် ကျောက်တုံးများကို တွေ့ရသည်။ ဝိဇ္ဇာနှင့်ဇော်ဂျီများ ယခင်က နေထိုင်ခဲ့ရာဖြစ်မည်။ ထူးခြားသော လိုဏ်ဂူတစ်ခုပင်။ အတန်ကြာ လေ့လာခဲ့ပြီးနောက် ကျွန်တော်တို့ နံကသူလိုဏ်ဂူမှ ပြန်လာခဲ့ကြသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် စိတ်ဝင်စားဖွယ်နေရာ အများအပြား တည်ရှိနေသည်။ သဘာဝအတိုင်းတည်ရှိနေသော လိုဏ်ဂူများလည်း ရှိနေရာ သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် လက်ဆောင်ကောင်းများသဖွယ် ပေးအပ်ထားခြင်းဖြစ်သည်။ အပြန်ခရီးတွင် ကျွန်းညိုစခန်းအရောက် အနောက်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ရာ ပဲခူးရိုးမပေါ်တွင် နေအလင်းရောင်က တောက်ပစွာ ဖြာဝေကျဆင်းနေဆဲ။ လေအဝှေ့ဝယ် တောပန်းရနံ့များက ထုံသင်းမွှေးပျံ့နေဆဲ။ ။



# တပ်ကုန်းမြို့နယ် ညောင်ကိုင်းမဟာသိမ်တော်ကြီးဘုရားအကြောင်း တစေ့တစောင်း



ရှေးမြန်မာမင်းများလက်ထက်က တပ်ကုန်းမြို့ကား ယနေ့လို မထင်ရှားခဲ့သေးပါ။ ယနေ့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်း ပါဝင်လျက်ရှိသော ညောင်ကိုင်း ကျေးရွာ၊ ညောင်ကိုင်းအရပ်ဒေသသည်သာလျှင် ထိုအချိန်က ထင်ရှားခဲ့သည်။ ညောင်ကိုင်းအရပ်ဒေသရှိ(ပက်ပါ) ပက်ပိုင်းမြို့ဟောင်းသည် တပ်ကုန်းမြို့၏ အရှေ့မြောက်ဘက် ငါးမိုင်ခန့်အကွာ မကျီးပင်ဘူတာ၏ အရှေ့ဘက်တည့်တည့်တွင် တည်ရှိသည်။ မြို့ရိုး၊ ကျုံးမြောင်း၊ စေတီပုထိုးတို့မှာ ယနေ့အထိ ကျန်ရှိနေပါသေးသည်။

ညောင်ကိုင်းကျေးရွာအုပ်စုအတွင်းရှိ မဟာသိမ်တော်ကြီး ဘုရားသည်လည်း ပုဂံခေတ် အနော်ရထာမင်းကြီးနှင့် ရှင်အရဟံ မထေရ်မြတ်ကြီးတို့ တည်ထားခဲ့သည့် ရှေးဟောင်းသမိုင်းဝင် ဘုရားတစ်ဆူပင်ဖြစ်သည်။ အနုရုဒ္ဓဒေဝမင်းကြီးသည် သက္ကရာဇ် ၃၇၉ ခုတွင် နန်းတက်တော်မူ၍ ၁၆ နှစ်မြောက်သောအခါ သက္ကရာဇ် ၃၉၅ ခု တပေါင်းလဆန်း ၁၂ ရက် သောကြာနေ့တွင် မောတိုင်းရှမ်းပြည် ကမ္ဘောဇတိုင်းနှင့် မြန်မာပြည် တမ္ပဒီပတိုင်း တို့ကြား ရှမ်းယွန်းတို့ မရောမစပ်စိမ့်သောငှာ မြို့တည်သည်ကား (ကောင်းစင်၊ ကောင်းတုံ၊ ငရုန်း၊ ငရင်း၊ ရွှေဂူ၊ ယင်းခဲ၊ မိုးတာ၊ ကတာ၊ ထီးကျဉ်း၊ မြတောင်၊ တကောင်း၊ ဟင်းမမော်၊ ကြံညှပ်၊ စမ္ပာယ်နဂို၊ ငစဉ့်ကူး၊ ကုန်းသာယာ၊ မကွေးတရာအောင်၊ အုတ်၊ ရေနံ့သာ၊ နဂါးမောက်၊ ယင်းမာတဲ ၊စုန်းမြို့ တုံပုံ၊ မတ္တရာ၊ သက်ကယ်ကျင်း၊ ဝါးရင်းတုတ်၊ တောင်ပြုံးကြီး၊ မြို့တင်၊ လဟေး၊ ရှဥ့်မတက်၊ မက္ခရာ၊ တအုံ၊ မြင်စိုင်း၊ မြစ်သား၊ ဟိုင်းတက်၊ သာဂရ၊ ညောင်ရမ်း၊ ရွှေမြို့ ပက်ပါ၊ မြို့လှ၊ ကဲလင်း၊ ဆွာနှင့် ဗာရာဏသီ)ဟူ၍ မြို့ပေါင်း ၄၃ မြို့ကို တစ်ပြိုင်နက်တည်း တည်စေခဲ့သည်။

ထိုမြို့ပေါင်း ၄၃ မြို့အနက်မှ (ပက်ပါ)ပက်ပိုင်းမြို့ဟောင်းသည် ညောင်ကိုင်းအုပ်စုအတွင်း ပါရှိနေခြင်းဖြစ်သည်။ ပက်ပိုင်းမြို့သို့ အနော်ရထာမင်းကြီး တိုင်းခန်းလှည့်လည်လာခဲ့စဉ် သာသနာပြုရာတွင် မြို့အနီး(ယခု ညောင်ကိုင်းအရပ်ဒေသ)ရှိ သာသနာ့ဘူမိနက်သန်မြေနေရာ၌ သိမ်တော်သမုတ်၍ သိမ်ဦးစေတီ၊ လိုဏ်ဂူတော်ကြီးနှင့် ရုပ်ပွားတော်များကို တည်ထားတော်မူခဲ့သည်။ အရှေ့အနောက် ၄၂ ပေ ၆ လက်မ၊ တောင်မြောက် ၄၂ ပေ ၂လက်မ၊ အမြင့် ၃၅ ပေရှိ သိမ်တော်ကြီးလိုဏ်ဂူနှင့် ဥာဏ်တော်အမြင့် ကိုးပေ၊ ပလ္လင်အမြင့် ၅ ပေ ၃ လက်မရှိ ရုပ်ပွားတော်တို့ကို ရှေးမူမပျက် မွမ်းမံပြင်ဆင်ခဲ့ရာ ယနေ့အထိ တည်ရှိနေသည်။ ယခုအခေါ်မှာ မဟာသိမ်တော်ကြီးဘုရား ဖြစ်သည်။

မဟာသိမ်တော်ကြီးဘုရား မြောက်ဘက်၌ မိဖုရားကြီး ကိုယ်ဝန်အရင့်အမာအချိန် သွားလာရေးခက်ခဲသောကြောင့် ယာယီတဲနန်းထိုး၍ နေတော်မူခဲ့ရာ ထိုနေရာတွင် သားတော် တစ်ပါးဖွားမြင်ခဲ့သည်ကိုအကြောင်းပြုပြီး ခေါ်ဝေါ်ခဲ့သော မီးကပ်၊ ကျောက်စင်၊ အချင်းဆေးကန်နှင့် သားတော်ရေရေကန်တို့သည် လည်း ယနေ့အထိ တည်ရှိနေပါသေးသည်။

အနယ်နယ်အရပ်ရပ်မှ သမိုင်းဝင်ဘုရားများကို ဖူးမြော်လိုသူ များနှင့် သမိုင်းအကြောင်း လေ့လာသူများ သိရှိနိုင်ရန်အတွက် ညောင်ကိုင်းကျေးရွာရှိ သမိုင်းဝင် မဟာသိမ်တော်ကြီးဘုရား အကြောင်း တစေ့တစောင်းကို ညောင်ကိုင်းဒေသခံ စိတ်ဝင်စား သူတစ်ဦး၏ ပြောကြားချက်များနှင့်အတူ စာရေးသူကိုယ်တိုင် မှတ်တမ်းဓာတ်ပုံရိုက်ကူး လေ့လာချက်များနှင့် မှန်နန်း မဟာ ရာဇဝင်တော်ကြီး(ပထမတွဲ) လေ့လာချက်များ ပူးပေါင်း၍ ရေးသားတင်ပြအပ်ပါသည်။ ॥

**သတင်းဆောင်းပါး - တင်စိုးလွင်(တပ်ကုန်း)**



## ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်သင်တန်းသို့ တက်ရောက်ခဲ့သူ မြန်မာအမျိုးသမီးကင်းထောက် ပြန်လည်ရောက်ရှိ

**ရန်ကုန် ဧပြီ ၂၂**

ကမ္ဘာ့ကင်းထောက်အမျိုးသမီးအဖွဲ့ချုပ် (The World Association of Girl Guides and Girl Scouts-WAGGGS)၏ ဌာနချုပ်ဖြစ်သော ကူဆာဖီရီ (Kusafiri)၏ ဦးဆောင်မှုဖြင့် မာဒါကာစကာနိုင်ငံ အင်တာနာနာရီဗိုမြို့၌ ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ခဲ့သည့် Arts 4 Change သင်တန်းသို့ တက်ရောက်ခဲ့သူ မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့ချုပ်(Myanmar Girl Guides)မှ လူငယ်ခေါင်းဆောင် မဝင်းဝင်းသန့်သည် ဧပြီ ၂၀ ရက်က သင်တန်းပြီးဆုံး၍ ပြည်လည်ရောက်ရှိလာခဲ့ရာ မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့ချုပ်မှ ကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်နှင့် ကင်းထောက်မယ်ကြီး ဒေါ်ချစ်ချစ်မြင့်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် သွားရောက်ကြိုဆိုခဲ့ကြောင်း သိရသည်။

သင်တန်းတက်ခဲ့သော လူငယ်ခေါင်းဆောင် မဝင်းဝင်းသန့်သည် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာမှ စတုတ္ထနှစ်ကျောင်းသူတစ်ဦးဖြစ်ပြီး သင်တန်းသို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ကင်းထောက်အမျိုးသမီးအဖွဲ့ချုပ်၏ World Thinking Day 2017 အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် When We Shine Music Video Challenge လှုပ်ရှားမှုမှတ်တမ်းဗီဒီယိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သော နိုင်ငံ ၂၃ နိုင်ငံမှ ပြိုင်ပွဲဝင် ၅၆ ဦးအနက် မြန်မာနိုင်ငံက ပထမဆုရရှိခဲ့သည့်အတွက် အဆိုပါသင်တန်းသို့ သင်တန်းကြေး အခမဲ့ဖြင့် တက်ရောက်ခွင့်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုဇော်**

## ကျေးရွာများသို့ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်ပေး

**ဗန်းမော် ဧပြီ ၂၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မြို့လှမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို မြို့လှမြို့ပြည်သူ့ဆေးရုံမှ ဒေါက်တာဇော်ဝင်းထွန်းနှင့် ဝန်ထမ်းများ၊ မင်းကျောင်းကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဝန်ထမ်းများ ပါဝင်သောအဖွဲ့က ဧပြီ ၁၉ ရက်နှင့် ၂၀ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်း ကျန်းမာရေးစောင့်ရှောက်မှုများကို ဧပြီ ၁၉ ရက်က အုပ်ချီကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ပေးရာ သက်ကြီးရွယ်အို ဘိုးဘွားများအပါအဝင် အမျိုးသား အမျိုးသမီး ၆၀ ခန့်အား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း၊ ဧပြီ ၂၀ ရက်တွင် မင်းကျောင်းကုန်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရာ ပတ်ဝန်းကျင်ကျေးရွာများမှ သက်ကြီးရွယ်အို ဘိုးဘွားများအပါအဝင် ပြည်သူ ၉၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ကွင်းဆင်းအဖွဲ့အနေဖြင့် မြို့လှမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## မြို့နယ်လုံးကျွတ် တိုင်းရင်းသားစာပေသင်ကြားနိုင်ရေး ဆွေးနွေး

**မန်တုံ ဧပြီ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်တွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းနိုင်ရန်အတွက် တိုင်းရင်းသားစာပေသင်ကြားရေး ဆွေးနွေးပွဲတစ်ရပ်ကို တအာင်း (ပလောင်) ခန်းမဆောင်၌ ဧပြီ ၂၀ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့ပေါ်နှင့် ကျေးရွာများ၌ တအာင်း (ပလောင်)စာပေကို လက်ရှိ လိုက်လံသင်ကြားပေးနေသည့် လွယ်ဆိုင်ကျောင်းထိုင်ဆရာတော် ဦးဉာဏက တိုင်းရင်းသားများအလိုက် စာပေနှင့် ယဉ်ကျေးမှုများသည် အရေးကြီးကြောင်း မိန့်ကြားပြီး ပလောင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ နာယက ဦးအိုက်မုန်းက မန်တုံမြို့နယ်အတွင်းနေထိုင်ကြသည့် ပလောင်၊ ကချင်၊ ရှမ်း၊ လီဆူ တိုင်းရင်းသားများအလိုက် တိုင်းရင်းသားစာပေများကို ယခုနှစ် ပညာသင်နှစ်မှစတင်ကာ သက်ဆိုင်ရာ တိုင်းရင်းသားများ နေထိုင်သည့် ကျေးရွာများအလိုက် သင်ကြားပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆိုသော်လည်း ဤဒေသတွင် နေထိုင်ကြသည့် တိုင်းရင်းသားများအားလုံးသည် တစ်သွေးတစ်သားတည်းဖြစ်၍ စာပေယဉ်ကျေးမှုများသည်လည်း အားလုံးနှင့် သက်ဆိုင်ကြောင်း အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးက မန်တုံမြို့နယ်တွင် တအာင်း(ပလောင်) နှင့် အခြားတိုင်းရင်းသားစာပေများ သင်ကြားနိုင်ရေး အတွက် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေများနှင့်အညီ အစွမ်းကုန် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးကျော်ရွှေကလည်း



ပညာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းများနှင့်အညီ ခွင့်ပြုရန်ပုံငွေများရရှိရန် နည်းလမ်းများနှင့် တိုင်းရင်းသားစာပေ သင်ကြားပေးနိုင်မည့် ဆရာဆရာမများ ရရှိစေနိုင်သည့် နည်းလမ်းများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တအာင်း (ပလောင်)စာပေနှင့်ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးပန္တိက ငါးနှစ်တာကာလအတွင်း စာပေဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ခဲ့သည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ပြီး ကချင်စာပေ ယဉ်ကျေးမှုအဖွဲ့နှင့် ရှမ်းစာပေ ယဉ်ကျေးမှု အဖွဲ့တို့က မိမိတို့တိုင်းရင်းသားစာပေများ သင်ကြားနိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့သည်။

မန်တုံမြို့နယ်အတွင်း၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှ စတင်၍ တအာင်း(ပလောင်)စာပေနှင့် အခြား တိုင်းရင်းသားစာပေများကို ကျောင်းဖွင့်ချိန်ကာလမှစတင်ပြီး သင်ကြားပေးနိုင်ရေးအတွက် ပညာရေးဌာနနှင့် စာပေယဉ်ကျေးမှုအဖွဲ့များ ပူးပေါင်း၍ စီမံချက်များရေးဆွဲကာ မေလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပွဲတွင် အတည်ပြုဆွေးနွေးခဲ့သည်ဟု သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မိသားစုပိုင်မြေကို အများပိုင်လမ်းမြေအဖြစ်လှူဒါန်း



**မော်လူး ဧပြီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူး ကွက်သစ်ရပ်ကွက်တွင် ပြည်သူများ ဆက်သွယ်သွားလာရေး အဆင်ပြေနိုင်ရန်အတွက် အလှူရှင်မိသားစုက ၎င်းပိုင်အိမ်ရှေ့မျက်နှာစာ မြေနေရာကို အများပိုင် လမ်းမြေနေရာအဖြစ် ပေးအပ်လှူဒါန်း၍ ဧပြီ ၂၀ ရက်မှစတင်ကာ လမ်းတိုးချဲ့ပြုပြင်လျက်ရှိကြောင်း သိရသည်။

“မော်လူးမြို့ပေါ်ရပ်ကွက်မှာ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းကြီးပြီးရင် ဒီလမ်းက အရေးပါတဲ့ ဒုတိယလမ်းမကြီးပါ။ အရင်က လမ်းအကျယ် ၁၅ ပေ ရှိပါတယ်။ လမ်းဆုံလမ်းခွနေရာဖြစ်ပြီး လမ်းကလည်း ကျဉ်းမြောင်းနေလို့ အလှူရှင်မိသားစုက သူပိုင်မြေကို အများပိုင်လမ်းမြေအဖြစ် လှူဒါန်းခဲ့တာကြောင့် ရပ်မိရပ်ဖနဲ့ ဒေသခံတွေက ဝိုင်းဝန်းကူညီ ဆောင်ရွက်နေတာပါ”ဟု မော်လူးဒေသ အရန်မီးသတ်တပ်ခွဲမှူး ဦးခင်အောင်က ပြောသည်။

မော်လူးကွက်သစ်ရပ်နေ အလှူရှင် ဦးမောင်မောင်-ဒေါ်စန်းဦး မိသားစုက အလျား ပေ ၁၂၀၊ အကျယ် ၉ ပေရှိမြေကို လှူဒါန်းပေးခဲ့ခြင်းဖြစ်ပြီး ထိုမြေနေရာတွင် လမ်းတိုးချဲ့ရန်အတွက် ကျောက်၊ သဲများချခြင်းနှင့် လမ်းပြုပြင်ခြင်းကို ဗိုလ်မကုန်စုံဆိုင် မိသားစုက အကုန်အကျခံ၍ ဆောင်ရွက်ပေးလျက်ရှိကာ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးစိုးမြင့်နှင့် ရပ်ကွက်နေပြည်သူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များကလည်း ရေမြောင်းတူးခြင်း၊ မြေနေရာပြုပြင်ခြင်းတို့တွင် ဝိုင်းဝန်းလုပ်အားပေး ဆောင်ရွက်နေကြကြောင်း သိရသည်။ **(ဝ၆၇)**

*ကျန်းမာရေးဆောင်းပါး*

# စမတ်ဖုန်းကြောင့်လျော့နည်းလာသည့်ကလေးတို့အိပ်စက်ချိန်

**ကလျာမိုးမြင့်**



စမတ်ဖုန်းနဲ့ တက်ပလက် (tablets)တွေကို ကိုင်တွယ်ဆော့ကစားလေ့ရှိတဲ့ လမ်းလျှောက်ကာစအရွယ်ကလေးငယ်တွေဟာ စမတ်ဖုန်းတွေနဲ့ဆော့ကစားခြင်း မရှိတဲ့ကလေးငယ်တွေထက်အိပ်စက်ချိန်နည်းပါးတာကို တွေ့ရှိရကြောင်း လေ့လာသူတွေကပြောကြားခဲ့ပါတယ်။

Scientific Reports မှာဖော်ပြခဲ့တဲ့လေ့လာမှုအရ နေ့စဉ်နဲ့အမျှ လက်ကိုင်ဖုန်းကိုအသုံးပြုပြီး နာရီတိုင်းအချိန်ကုန်ဆုံးမှုဟာ အိပ်စက်ချိန်၁၅မိနစ်ခန့်လျော့ပါးသွားခြင်းနဲ့ဆက်စပ်လျက်ရှိနေတယ်လို့ဆိုထားပါတယ်။ သို့သော်လည်း touchscreen ကိုသုံးပြီးကစားခြင်းက ကြွက်သားကိုအသုံးပြုပြီးလှုပ်ရှားရတဲ့စွမ်းရည်ကို ပိုပြီးမြန်မြန်ဆန်ဆန်တိုးတက်စေတယ်လို့ ဖော်ပြထားတာမျိုးတော့ ရှိပါတယ်။

ဒီလိုစွမ်းရည်မျိုးကိုတိုးတက်စေတယ်ဆိုတာ ကောင်းမွန်တဲ့ရလဒ်တစ်ခုဖြစ်သော်လည်း မိဘတွေအနေနဲ့ ဒီလိုနည်းအားဖြင့် touchscreen အသုံးပြုမှုကြောင့် ရင်သွေးငယ်ရဲ့အိပ်စက်ချိန်ကိုလျော့နည်းသွားစေတာမျိုးတော့မဖြစ်စေသင့်ဘူးလို့ ကျွမ်းကျင်သူတွေက အကြံပြုလာပါတယ်။

နေအိမ်အတွင်းမှာပဲဖြစ်ပွားခဲ့တဲ့ စမတ်ဖုန်းကနေပေါက်ကွဲတာမျိုးတွေရှိခဲ့သော်လည်း ကလေးငယ်တွေရဲ့ကြီးထွားဖွံ့ဖြိုးမှုကာလအစောပိုင်းမှာ ဆိုးကျိုးဖြစ်စေတာမျိုးကတော့အဖြစ်နည်းခဲ့တယ်လို့ ဖော်ပြထားပါတယ်။

လန်ဒန်မှာရှိတဲ့ Birkbeck တက္ကသိုလ်မှာ သုတေသနပြုခဲ့တဲ့လေ့လာမှုအတွင်းမှာ အသက်သုံးနှစ်အောက်ကလေးငယ်တွေရဲ့မိခင် ၇၁၅ ဦးကိုမေးခွန်းတွေမေးမြန်းခဲ့ပါတယ်။ မိခင်တွေကို မေးမြန်းရာမှာသူတို့ရဲ့ကလေးငယ်တွေဟာ စမတ်ဖုန်းသို့မဟုတ် တက်ပလက်တွေနဲ့ ဘယ်နှစ်ကြိမ်လောက်ဆော့ကစားလေ့ရှိကြောင်းနဲ့ ကလေးငယ်တွေရဲ့အိပ်စက်မှုပုံစံကိုမေးမြန်းပြီး စစ်တမ်းကောက်ယူမှုတွေ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

ဒီလိုလေ့လာလိုက်တော့ လမ်းလျှောက်စအရွယ်ကလေးငယ်တွေမှာ စမတ်ဖုန်းအသုံးပြုပြီး Touchscreen နဲ့ထိတွေ့ကစားမှုဟာ ၇၅ရာခိုင်နှုန်းရှိပြီး အသက်ခြောက်လနဲ့ ၁၁လကြားအရွယ်ကလေးငယ်တွေ စမတ်ဖုန်းအသုံးပြုမှုကတော့ ၅၁ ရာခိုင်နှုန်းရှိနေပါတယ်။ အသက်နှစ်နှစ်ကျော်နဲ့ သုံးနှစ်အရွယ်ကလေးငယ်တွေ စမတ်ဖုန်းအသုံးပြုပြီးဆော့ကစားမှုဟာဆိုရင် ၉၂ ရာခိုင်နှုန်းလောက်ထိရှိနေတာကို တွေ့ရပါတယ်။

ဒီအခါမှာ touchscreen နဲ့ဆော့ကစားခဲ့တဲ့ကလေးငယ်တွေဟာ ညအချိန်မှာအိပ်စက်မှုနည်းပါးပြီး နေ့အချိန်မှာပိုမိုအိပ်စက်တာကို တွေ့ရှိရပါတယ်။ touchscreen အသုံးပြုတဲ့အချိန်တိုင်းမှာ အိပ်စက်ချိန် ၁၅ မိနစ်လောက်လျော့နည်းသွားတာ ဖြစ်ပါတယ်။

touchscreen အသုံးပြုခြင်းနဲ့အိပ်စက်မှုပြဿနာဟာ ဆက်စပ်မှုရှိကိုရှိနေတယ်ဆိုတာကို ထောက်ပြဖို့တော့လိုအပ်လိမ့်မယ်လို့ ကျွမ်းကျင်သူပညာရှင်ဒေါက်တာ တင်မ်စမစ်က ဆိုပါတယ်။

တစ်ဖက်မှာလည်း စမတ်ဖုန်းသုံးပြီးထိတွေ့ကစားမှုကြောင့်ကြွက်သားအသုံးပြုပြီး လှုပ်ရှားရတဲ့စွမ်းရည်ကိုမြှင့်တင်ပေးနိုင်တယ်ဆိုတဲ့ သက်ရောက်မှုကလည်းရှိနေပါတယ်။ ဒီတော့ကလေးတွေကိုစမတ်ဖုန်းတွေနဲ့ ဆက်လက်ဆော့ကစားခွင့်ပြုထားသင့်သလား။ အကောင်းဆုံးနည်းလမ်းကတော့ ကလေးတွေကိုတီဗွီရှေ့မှာ အချိန်ကုန်ဆုံးမှုပမာဏကို ကန့်သတ်လိုက်သလိုမျိုး စမတ်ဖုန်းအသုံးပြုခြင်းကိုလည်း အလားတူ အသုံးပြုဆော့ကစားချိန်ကို ကန့်သတ်ပေးဖို့လိုအပ်တယ်လို့ ဒေါက်တာစမစ်ကအကြံပြုခဲ့ပါတယ်။

**(ဘီဘီစီ)**

## အလုပ်သို့ စက်ဘီးစီးသွားခြင်းဖြင့် ကင်ဆာရောဂါနှင့် နှလုံးရောဂါဖြစ်ပွားမှုကို လျော့ချနိုင်

**ချိုးစန္ဒီနွေး**




စက်ဘီးစီးခြင်းဖြင့် ကင်ဆာနှင့်နှလုံးရောဂါဖြစ်ပွားမှုကို လျော့ချပေးနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောသည်။ ဗြိတိနိုင်ငံရှိ နေ့စဉ်အလုပ်သွား၊ အလုပ်ပြန် လုပ်ကိုင်နေကြသောလူပေါင်း ၂၅၀၀၀၀ ကိုငါးနှစ်ကြာလေ့လာကြည့်ရာ အလုပ်သို့ ကား၊ ရထားစသည်များဖြင့် သွားသောလူများထက် လမ်းလျှောက်သွားသူများကပို၍ အကျိုးသက်ရောက်မှုကောင်းကြောင်း လေ့လာတွေ့ရှိရသည်။

လေ့လာမှုအရ ၂၄၃၀ မှာသေဆုံးခဲ့ပြီး ၃၇၄၈ ဦးမှာကင်ဆာဝေဒနာခံစားခဲ့ရပြီး ၁၁၁၀ မှာ နှလုံးရောဂါ ခံစားနေရကြောင်းတွေ့ရှိရသည်။ လေ့လာမှုပြုလုပ်နေစဉ်အတွင်း ပုံမှန်စက်ဘီးစီးခြင်းဖြင့်ကင်ဆာရောဂါကို ၄၅ ရာခိုင်နှုန်း၊ နှလုံးရောဂါကို ၄၆ ရာခိုင်နှုန်း လျော့ချပေး နိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။

စက်ဘီးစီးသူများသည် တစ်ပတ်ကိုမိုင် ၃၀ စီးနင်းခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုနိုင်ပြီး ထိုထက်ပို၍စီးခြင်းဖြင့်လည်း ကျန်းမာရေးကိုပို၍အထောက်အကူ ဖြစ်စေနိုင်သည်။ လမ်းလျှောက်ခြင်းသည်လည်း ကျန်းမာရေးကိုအထောက်အကူပြု ဖြစ်စေသောအရာပင် ဖြစ်သည်။ သို့သော်တစ်ပတ်လျှင် ခြောက်မိုင်ကျော်လမ်းလျှောက်မှပို၍ အကျိုးကျေးဇူးရရှိမည်ဖြစ်သည်။ လူတိုင်းနေ့စဉ်နှင့်အမျှ အလုပ်သွား၊ အလုပ်ပြန်ရှိကြသည်ဖြစ်ရာ ဆိုင်ကယ်၊ ကားများကို အသုံးပြု၍ ရုံးသွား၊ ရုံးပြန်ပြုလုပ်လျှင် လူကိုသက်သာစေသော်လည်း ကျန်းမာရေးရှုထောင့်မှကြည့်၍ စက်ဘီးစီးသွားလျှင် ထူး၍ လေ့ကျင့်ခန်းများ လုပ်စရာမလိုဘဲ ကင်ဆာရောဂါနှင့် နှလုံးရောဂါဖြစ်ပွားမှုကို လျော့ချပေးနိုင်မည်ဖြစ်သည်။ **ကိုးကား -ဘီဘီစီ**

**အားကစား**

**မြှင့်တင်**

**စိတ်လန်းရွှင်**

**ဆန့်ကျင်**

**မူးယစ်ဆေး**

## ပြည်တွင်း/ပြည်ပ ကမ်းဝေးကမ်းနီးငါးဖမ်းရေယာဉ်များ မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန် တည်နေရာများထုတ်ပြန်

၁။ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၁၀-၄-၂၀၁၇) ရက်နေ့စွဲပါညွှန်ကြားချက်အမှတ် (၃/၂၀၁၇) ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ် ၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ် ၊ သံတွဲမြို့နယ်၊ သပြုချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ဂွမြို့နယ်၊တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီ တွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ် ၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်၊

၂။ ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာသတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာအရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# အမှတ်(၂)လေးထောင့်ကန်လမ်းမပေါ် ဖြတ်သန်းသွားလာသူများနှင့် ယာဉ်များ အန္တရာယ်ကင်းရှင်းရေး သဃ်န်းကျွန်းငမိုးရိပ်စံပြဈေးကြီးရှေ့ လူကူးခုံးကျော်တံတားတစ်စင်းတည်ဆောက်

**ရန်ကုန်  မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းမ ပြည်ထောင်စု ခုံးကျော်တံတားအနီး ငမိုးရိပ်စံပြဈေးကြီးရှေ့ အမှတ်(၂) လေးထောင့်ကန်လမ်းမကြီးပေါ်၌ နေ့စဉ်ယာဉ်စီးရေ ရာကျော် ဖြတ်သန်းမောင်းနှင်နေကြရာ ယာဉ်အန္တရာယ်ကြားမှ ဖြတ်သန်းသွားလာကြသော ရပ်ကွက်ရှင်လူ ပြည်သူများ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ညွှန်ကြားမှုဖြင့် မြသက်တင်ဆောက်လုပ်ရေးကုမ္ပဏီမှတာဝန်ယူ၍ မေ ၂၀ ရက်က သဃ်န်းကျွန်း ငမိုးရိပ်စံပြဈေး လူကူးခုံးကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို တာဝန်ရှိသူများက စက်ယန္တရားများဖြင့် တူးဖော်တည်ဆောက်လျက်ရှိကြသည်။

အဆိုပါ လူကူးခုံးကျော်တံတားနှင့် ယာဉ်သွားလမ်း ကြမ်းပြင်ကင်းလွတ်အမြင့်ပေမှာ ၁၆ ပေဖြစ်ပြီး အလျား မှာ ၉၉ ပေရှိကာ တံတားပေါ် လူသွားလမ်းကြမ်းခင်းအကျယ်မှာ ခုနစ်ပေနှင့် အတက်အဆင်း လှေကားအကျယ်မှာ ခြောက်ပေခွဲရှိသည်ဟု သိရသည်။ တံတားအမျိုးအစားမှာ သံမဏိရက်မ ကွန်ကရစ်တံတား အမျိုးအစားဖြစ်ကြောင်း သိရသည်။

**တင်ကြည်(သဃ်န်းကျွန်း)**



ငမိုးရိပ်စံပြဈေးရှေ့တည်ဆောက်မည့် လူကူးခုံးကျော်တံတား တည်ဆောက်ရန်အတွက် လုပ်ငန်းစတင်နေမှုကို တွေ့ရစဉ်



ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံကို နေ့စဉ် နံနက် ၅နာရီခွဲမှ ညနေ ၆ နာရီအထိ အခမဲ့ဖွင့်လှစ်ထားသဖြင့် မေ ၂၀ ရက်က အပန်းဖြေလာရောက်ကြသော ပြည်တွင်း ပြည်ပခရီးသွားများနှင့် ကလေးကစားကွင်းတွင် မိသားစုအလိုက် ပျော်ရွှင်စွာ အပန်းဖြေလာရောက်ကြသူ များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်

မျိုးမင်းသိန်း(မရမ်းကုန်း)

## ကသာမြို့တွင် အခြေခံအင်္ဂလိပ်သဒ္ဒါသင်တန်း အခမဲ့သင်ကြားပေးမည်

**ကသာ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် နွေရာသီအခြေခံအင်္ဂလိပ်သဒ္ဒါသင်တန်းကို အခမဲ့သင်ကြားပေးမည်ဟု သိရသည်။ အဆိုပါသင်တန်းကို အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသူ ကျောင်းသားများ တက်ရောက်နိုင်ပြီး မေ ၂၄ ရက်မှ မေ ၂၄ ရက်အထိ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ သင်တန်းသားဦးရေ ၃၀ သတ်မှတ်ထားသဖြင့် ကသာမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ လာရောက်စာရင်းပေးနိုင်ရန် အသိပေးထားကြောင်းလည်း သိရသည်။ အဆိုပါသင်တန်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျင်းပမည်ဖြစ်ပြီး သင်တန်းချိန်မှာ နံနက် ၈ နာရီခွဲမှ ၁၀ နာရီခွဲအထိဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ဇီးကုန်းမြို့၌ ဘိသကဂုရုမြတ်စွာဘုရားဒေသစာရီ ကြွချီအပူဇော်ခံ

**ဇီးကုန်း မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့၌ မေ့ြလတတိယပတ်က အလောင်းစည်သူမင်းတည်ထားကိုးကွယ်ခဲ့သော ပုဂံခေတ် ဗုဒ္ဓရုပ်ပွားတော်လေးဆူအနက် တစ်ဆူအပါအဝင်ဖြစ်သော ဉာဏ်တော်အမြင့်တစ်ပေခွဲခန့်ရှိ ဘိသကဂုရု ရုပ်ပွားတော်မြတ်အား မြို့တွင်းလှည့်လည် ဒေသစာရီ ကြွချီအပူဇော်ခံခဲ့ကြောင်း သိရသည်။

ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်လေးဆူအား မြို့နယ်ရဲတပ်ဖွဲ့မှ မော်တော်ယာဉ်များ၊ မီးသတ်တပ်ဖွဲ့ယာဉ်များ၊ စည်ပင်သာယာယာဉ်တန်းများဖြင့် ပင့်ဆောင်လှည့်လည်အပူဇော်ခံပြီး ရဲတပ်ဖွဲ့ ဝတ်အသင်း ပရိတ်အသင်းများက မြို့တွင်း အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်ပူဇော်ကြသည်။

အလောင်းစည်သူမင်းကြီး၏ ရေကြောင်းသာသနာပြုခရီးစဉ်တွင် ပါဝင်ခဲ့သော ဇီးကုန်းမြို့လယ်မကျေးရွာ ဖောင်တော်ဦးဆုတောင်း ပြည့်စေတီဟောင်းအား ၁၂၀၀ ပြည့်နှစ်က ရွာသူရွာသားများ ရှာဖွေတွေ့ရှိခဲ့ပြီး ဌာပနာတိုက်မှ ရှေးဟောင်းရုပ်ပွားတော်လေးဆူကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်။ မိုးခေါင်သောနှစ်များတွင် ရေသပ္ပာယ် ဆုတောင်းပါက တန်ခိုးပြပြီး မိုးရွာသွန်းသဖြင့် မိုးကောင်းဘုရားဟုလည်း ရှေးက ခေါ်ဝေါ်ခဲ့ကြသည်။ ယခုအခါ ဇီးကုန်းမြို့မြောက်ဘက် တစ်မိုင်အကွာ လယ်မကျေးရွာ ဖောင်တော်ဦးစေတီတော်ရင်ပြင်တော်ရှိ ဂန္ဓကုဋိတိုက်၌ ကိန်းဝပ်စံပယ်လျက်ရှိကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

## သုံးခွမြို့နယ်တွင် (၁၆)ကြိမ်မြောက် သက်ကြီးပူဇော်

**သုံးခွ မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် (၂) ရပ်ကွက် သဇင်လမ်းရှိ မေတ္တာသဇင်လူမှုကူညီရေးအဖွဲ့က ကြီးမှူးကျင်းပသော(၁၆)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို အောင်မြင်လောကသွန်းဘုရားကြီး ပရဝဏ်အတွင်း၌ မေ ၁၇ရက်က ကျင်းပရာ ဆရာဦးလှထွန်းနှင့်ဆရာညိုတို့က ပူဇော်ကန်တော့ရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသက်(၇၅)နှစ်နှင့်အထက် ကန်တော့ခံအဘိုးအဘွား ၆၂ ဦးအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကာ ဂါရဝပြုကန်တော့ကြကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## သင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားမှု ယမန်နှစ်ကထက်လျော့နည်းခဲ့

**ရေး မေ ၂၂**

မွန်ပြည်နယ် ရေးမြို့နယ်ရှိ သင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားမှုမှာ ယခင်နှစ်ထက်ဖြစ်ပွားမှု လျော့နည်းလျက်ရှိကာရေကစားကြသော ပြည်သူများမှာလည်း စိတ်အေးချမ်းမြေ့စွာ ရေကစားနိုင်ခဲ့ကြကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သော်က ပြောသည်။

"အခုလို ရွှေ့ပြောင်းရေလုပ်သားအများဆုံး အခြေပြုနေထိုင်တဲ့ အစင်ဇီးဖြူသောင်ကျေးရွာတွေမှာရှိနေတဲ့ ရေလုပ်သားတွေကို သင်္ကြန်ကာလမရောက်မီက မှုခင်းအသိပညာပေးတွေ၊ ဟောပြောမှုတွေ ပြုလုပ်ပေးခဲ့ပါတယ်။ ဒါကြောင့် ခိုက်ရန်ဖြစ်ပွားမှုမရှိတဲ့အပြင် မူးယစ်ဆေးဝါးနဲ့ လိုင်စင်မဲ့အရက်တွေကိုလည်း အချိန်မီဖမ်းဆီးအရေးယူမှုတွေကြောင့် ယခင်နှစ်ထက်မှုခင်းမဖြစ်ပွားခဲ့ပါဘူး" ဟု ၎င်းက ဆက်လက်ပြောသည်။

ရေးမြို့နယ်အတွင်း လိုင်စိတ်ကြွဆေး ရောင်းချခြင်းမရှိစေရေး ရှောင်တခင်စစ်ဆေးမှုပြုလုပ်ခြင်းများ၊ ဆိုင်ကယ်အိတ်ဇောဖ တပ်ဆင်မောင်းနှင်ခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်းကိုလည်း အရှိန်မြှင့်ကြိုတင်လုပ်ဆောင်ခဲ့သဖြင့် ယခင်နှစ်ထက် ယာဉ်တိုက်မှုနဲ့ ထိခိုက်သေဆုံးဒဏ်ရာရရှိသူမရှိခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**


## လူမှုရေး၊ စီးပွားရေးကြော်ငြာများကို မြန်မာ့အလင်းသတင်းစာ၌ထည့်သွင်းရန် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း

**နေပြည်တော်** – **ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်**
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ စီမံရေးရာဌာန၊
ဖုန်း-၀၆၇-၄၁၂၁၁၈

**နေပြည်တော်** – **နေပြည်တော်သတင်းစာတိုက်(တပ်ကုန်း)**
ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ နေပြည်တော်။
ဖုန်း-၀၆၇-၃၆၁၄၈၊ ၀၆၇-၃၆၁၂၉

**ရန်ကုန်** – **မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)**
အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈

**ရန်ကုန်** – **ကြေးမုံသတင်းစာတိုက်(ရန်ကုန်)**
အမှတ်(၇၇) ၊ ၅၂ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၉၉၄၂၇၊ ၀၁-၃၉၇၃၃၀

**ရန်ကုန်** – **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်**
အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း၊
အလယ်ဘလောက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၄၈၁၀၁၊ ၀၁-၂၄၈၁၀၂

**ရန်ကုန်** – **မြန်မာ့အလင်းပုံနှိပ်တိုက်(ရန်ကုန်)**
အမှတ်(၅၈) ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၈၃၂၉

**မန္တလေး** – **ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)**
လမ်း(၂၀×၂၁)ကြား၊ (၈၂×၈၃)လမ်းကြား၊ ပုလဲငွေရောင်ရပ်၊
မန္တလေးမြို့။ ဖုန်း-၀၂-၃၂၇၂၉ ၊ ၀၂-၃၂၅၅၀

**တောင်ကြီး** – **ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)**
ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။
ဖုန်း-၀၈၁-၂၁၂၁၁၆၄၊ ၀၉-၅၂၁၄၃၅၇

**မကွေး** – **ကိုယ်ပွားသတင်းစာတိုက်(မကွေး)**
နတ်မောက်လမ်း၊ တပ်မ(၈၈) တပ်နယ်ဈေးအနီး၊ မကွေးမြို့။
ဖုန်း-၀၆၃-၂၃၇၁၂။

**ကျိုင်းတုံ** – **ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)**
မြို့သစ်(၃-ခ)၊ အမှတ် (၁)လမ်းသွယ်၊ မြို့ပတ်လမ်း၊
ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၂၄၉၂

**ကလေး** – **ကိုယ်ပွားသတင်းစာတိုက်(ကလေး)**
အောင်ဇေယျရပ်ကွက်၊ မြို့နယ်အားကစားကွင်းအနီး၊
ကလေးမြို့။ ဖုန်း-၀၇၃-၂၂၁၃၃

**မြစ်ကြီးနား** – **ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)**
အမှတ်(၄၁) ရောရပ်ကွက်၊ အောင်ဆန်းလမ်း၊ မြစ်ကြီးနားမြို့။
ဖုန်း ၀၇၄-၂၂၄၆၂

**စစ်တွေ** – **ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)**
ရမ္မာဝတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း၊ မိန်းစက်ကြီးအနီး၊
မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့။ ဖုန်း-၀၄၃-၂၃၀၆၈

**လားရှိုး** – **ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)**
ဟူးမွန်ကျေးရွာထိပ်၊ ဟူးမွန်ဆည်ဘယ်ဘက်ခြမ်း၊(၁၂)ရပ်ကွက်၊
မန်ဆူဘုရားရှေ့ အဝေရာလမ်းမ၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၂၄၀၆၇

**မြိတ်** – **ကိုယ်ပွားသတင်းစာတိုက်(မြိတ်)**
မေတ္တာလမ်း၊ ရှမ်းချောင်းရပ်၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့။
ဖုန်း-၀၅၉-၄၂၁၈၃

**မော်လမြိုင်** – **ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)**
ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်။
ဖုန်း-၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆

**မုံရွာ** – **ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)**
နန္ဒဝန်ရပ်ကွက်၊ ဆက်သွယ်ရေးတာဝါတိုင်အနီး၊ မုံရွာမြို့။
ဖုန်း-၀၇၁-၂၆၅၃၅၊ ၀၇၁-၂၆၅၃၃

# မုဒုံမြို့၌ မူခင်းနှင့် ပြစ်မှုများဆိုင်ရာ အသိပညာပေး ဟောပြော

**မော်လမြိုင် ဧပြီ ၂၂**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ ရဲမှူးကြီးဘိုဘိုဦးနှင့် မုဒုံမြို့နယ်ရဲမှူး မြအောင် ဦးဆောင်သော မှုခင်းအသိပညာပေးပြခန်း မော်တော်ယာဉ်သည် မုဒုံမြို့နယ် အဘစ်ကျေးရွာရှိ အမှတ်(၃၁၈)သို့ သွားရောက်ကာ ယင်းတပ်ရင်းခန်းမ၌ ဧပြီ ၂၀ ရက်က မှုခင်းအသိပညာပေးဟောပြောခဲ့ရာ ယာယီတပ်ရင်းမှူးဗိုလ်မှူး ဝင်းမင်းထွန်းနှင့် အရာရှိများ၊ အခြားအဆင့် စစ်သည်များနှင့် မိသားစုဝင်များတက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဟောပြောပွဲတွင် သက်ငယ်မုဒိမ်းမှု၊ ပြစ်မှုများနှင့် ပတ်သက်သော အကြောင်းအရာများ၊ ယာဉ်စည်းကမ်း/လမ်းစည်းကမ်းဆိုင်ရာများ၊ လူကုန်ကူး ခံရခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့မှ ဆောင်ရွက်နေမှုများ၊ မှုခင်းကျဆင်းရေးအကြောင်းများကို အသိပညာပေး ရှင်းပြခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ မှုခင်းအသိပညာပေးပြခန်း မော်တော်ယာဉ်ပါ ပိုစတာများကို ရှင်းပြခဲ့သည်ဟု သိရသည်။

**မြတ်မွန်ထွေး**

# သင်္ကြန်အပြီး တောင်ကုတ်မြို့မှ အမြန်ရေယာဉ်များ အသွားခရီးသည်များပြီး အပြန်ခရီးသည်နည်းပါး



**တောင်ကုတ် ဧပြီ ၂၂**

သင်္ကြန်ပွဲတော်ကာလအပြီး ရခိုင်ပြည်နယ် တောင်ကုတ်မြို့မှ ထွက်ခွာသော အမြန်ရေယာဉ်ရှုပ်ပြေးများတွင် လိုက်ပါစီးနင်းသည့် ခရီးသည်များ အနေဖြင့် အသွားခရီးသည် များပြားပြီး အပြန်ခရီးသည် နည်းပါးလျက်ရှိနေကြောင်း သိရသည်။

"သင်္ကြန်ကာလမှာ နိုင်ငံရပ်ခြား တိုင်းပြည်အသီးသီးနဲ့ မြန်မာတစ်နိုင်ငံလုံးမှာ သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ တောင်ကုတ်သူ တောင်ကုတ်သားတွေက မွေးရပ်ဖြစ်တဲ့ တောင်ကုတ်မြို့ကို ပြန်လာကြပြီး သင်္ကြန်ကျကြတယ်။ သင်္ကြန်ပြီးတော့ ကိုယ်အလုပ်လုပ်ရာနေရာ ဒေသကိုပြန်ကြလို့ယခုလို သင်္ကြန်ပြီးကာလမှာ တောင်ကုတ်ကနေ အသွားများပြီး အပြန်ခရီးသည် မရှိသလောက်ဖြစ်နေရတယ်။ ဒါက သင်္ကြန်ပြီးကာလမှာ နှစ်စဉ်ကြုံတွေ့နေကြတာ" ဟု တောင်ကုတ်မြို့ရေယာဉ်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တောင်ကုတ်မြို့ တောင်ကုတ်ချောင်းမှတစ်ဆင့် မာန်အောင်၊ ရမ်းဗြဲ၊ ကျောက်ဖြူ၊ မြေပုံ၊ ပေါက်တော၊ စစ်တွေမြို့များသို့ ရွှေပြည်သာ၊ မလိခရေယာဉ်လိုင်းများဖြင့် ပြေးဆွဲပေးလျက်ရှိပြီး ရေယာဉ်စီးခနှုန်းထားများမှာ တောင်ကုတ်-ကျောက်ဖြူ ငွေကျပ်၅၅၀၀၊ တောင်ကုတ်-မြေပုံ ငွေကျပ် ၈၀၀၀၊ တောင်ကုတ်-ပေါက်တောငွေကျပ် ၉၀၀၀၊ တောင်ကုတ်- စစ်တွေငွေကျပ် ၉၅၀၀ တို့ ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ကျုံပျော်မြို့နယ်အတွင်း ဓာတုဆေးဝါးပါ ပစ္စည်းများ ရောင်းချခြင်းမပြုရန် ကွင်းဆင်းစစ်ဆေး

**ကျုံပျော် ဧပြီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ပြည်သူများအတွက် ဘေးအန္တရာယ်ဖြစ်စေသော ခွင့်မပြုဓာတုဆေးဝါးများ ပါဝင်သည့်အစားအစာများ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် စားသုံးမိခြင်း မရှိစေရန်အတွက် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်မှု ကော်မတီက ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၂၁ ရက်က သောင်ကြီးကျေးရွာရှိ စည်ပင်သာယာဈေးသို့ သွားရောက်၍ ခွင့်မပြုစားသုံးကုန်ပစ္စည်းများ ရောင်းချခြင်း မရှိရေး ကွင်းဆင်းစစ်ဆေးအသိပညာပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် စားသုံးသူရေးရာ ဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီနှင့် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် စာသင်ကျောင်းများ၊ ကျေးရွာများသို့ သွားရောက်၍ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ ရရန်အခွင့်အရေးများနှင့်ပတ်သက်သည်များအား ဟောပြောခြင်းတို့ကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။**နေဝင်းမြင့်**

# အရှိန်တားတုံးများကို မြင်သာစေရန် သတိပေး ဆိုင်းဘုတ်များ ထားရှိပေးစေလို

**နွားထိုးကြီး ဧပြီ ၂၂**

နွားထိုးကြီးစည်ပင်က ဈေးပတ်လမ်း၏နွားထိုးကြီး-တောင်သာလမ်းကို ကတ္တရာကျောက်လမ်းခင်းရာတွင် ယာဉ်အန္တရာယ်အတွက် အရှိန်တားတုံးများကို ပြုလုပ်ထားခဲ့သည်။

အရှိန်တားတုံးကို ဈေးအရှေ့ဘက်၊ မြောက်ဘက်နှင့် မြို့မကျောင်းရှေ့၌ ပြုလုပ်ထား၍ အရှိန်နှင့်လာသော ဆိုင်ကယ် ကားများအတွက် ယာဉ်အန္တရာယ်ပိုဖြစ်ဖွယ်ရှိနေသည်။ အရှိန်တားတုံးရှိကြောင်း ယာဉ်စီးသူတို့ကြိုတင်သိရှိရန်လည်း ထင်သာမြင်သာဆိုင်းဘုတ်များ ထားသင့်ကြောင်း မြို့ခံလူထုက ပြောသည်။ မြို့စည်ပင်အင်ဂျင်နီယာက အမှတ် (၃)ရပ်ကွက်ကတ္တရာ ကျောက်လမ်းခင်းရာတွင်လည်း အရှိန်တားတုံး နှစ်တုံးပြုလုပ်ထားသည်။ အလားတူ ကမ္ဘောဇဘဏ်ခွဲ အမှတ်(၄) ရပ်ကွက်၌လည်း အဆိုပါအရှိန်တားတုံး တပ်ဆင်ထားသည်။ ထို့ကြောင့် ယာဉ်စီးယာဉ်မောင်းသူတို့အတွက် ယာဉ်အန္တရာယ်ပိုဖြစ်နေသည့်သတိ ပေးဆိုင်းဘုတ်မရှိ၍ ပိုဆိုးနေကြောင်း သိရသည်။

**ဌေးမြင့်မောင်**

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ပန်ကြား

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်လ၊ ဧပြီလနှင့် မေလများ၌ မိုးတိမ်တောင်များ ဖြစ်ပေါ်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်း၊ ပြိုကျပျက်စီးခြင်း၊ အမိုးလန်ခြင်းများကြောင့် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၅၉ မြို့နယ်မှ လူဦးရေတစ်သိန်းခွဲခန့် ဘေးဒုက္ခကြုံတွေ့ခဲ့ကာ ၄၄ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုမှတ်တမ်းများအရ တွေ့ရှိရပါသည်။

၂။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဘေးလျော့ပါးစေရေးနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အရေးပေါ်တုံ့ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုတင်စီမံထားခြင်းတို့ဖြင့်သာ ထိခိုက်ဆုံးရှုံးပျက်စီးမှုများလျော့နည်းသက်သာစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့အစည်းတစ်ရပ်တည်း ဆောင်ရွက်ခြင်းထက်ဆက်နွှယ်ပတ်သက်သူအားလုံးအပါအဝင် ပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်မှသာလုပ်ငန်းများ ပိုမိုအောင်မြင်ပါမည်။

**နေအိမ်အဆောက်အအုံများနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန်အကြံပြုချက်များ**

၃။ ၂၀၁၇ ခုနှစ် မတ်လ၊ ဧပြီလနှင့် မေလများတွင် ဖြစ်ပွားနိုင်သည့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းသက်သာစေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်အတူ အောက်ပါလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားရန် အကြံပြုတိုက်တွန်းအပ်ပါသည်-

(က) မိမိတို့နေအိမ်အဆောက်အအုံများ၏ ကြံ့ခိုင်မှုကိုစစ်ဆေးပါ။

(ခ) လေဒဏ်ခံနိုင်စေရေးအတွက် ကန့်လန့်ဖြတ်ဘေးထောက်တန်းများ၊ နံရံထောက်တန်းများ၊ ဒေါက်တိုင်များကို လိုအပ်သည့်နေရာများတွင် ကျားကန်တပ်ဆင်ပါ။

(ဂ) မြေဝင်အိမ်တိုင်များအား ချောင်၍လှုပ်နေခြင်းရှိ/ မရှိစစ်ဆေးပြီး လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍သိပ်သည်းကျစ်လျစ်အောင် မြေကျပ်ပေးပါ။

(ဃ) အိမ်၏အတွဲအဆက်ပြုထားသည့်နေရာအားလုံးကို ချောင်ထွက်မနေအောင်လိုအပ်သလိုဆောင်ရွက်ပါ။ (မှုလီကျပ်ခြင်း၊ သံထပ်ပိုးရိုက် ခြင်း -ဥပမာ)

(င) အိမ်အမိုးများကို ခိုင်ခံ့အောင် ပြန်လည်စစ်ဆေးပြင်ဆင်ပါ။ ခေါင်ချုပ်ကန့်လန့်ဖြတ်တန်းများ၊ ရေပြင်ညီချုပ်တန်းများထည့်ပါ။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုး ဖြစ်ပါက ဝါးရာဇမတ် ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်ပါ။

(စ) အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် သွပ်နန်းကြိုးများ အသုံးပြု၍ချည်နှောင်ခြင်း၊ လိုအပ်သောနေရာတွင် သံများထပ်မံ ထပ်ပိုးရိုက်ခြင်းဆောင်ရွက်ပါ။ ချွတ်ယွင်းနေသော အစိတ်အပိုင်းများကို ပြုပြင်အစားထိုးပါ။

(ဆ) အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

(ဇ) အိမ်များကြံ့ခိုင်မှုမထိခိုက်စေရေးအတွက် ကြမ်းခင်းအောက်တွင် ရေမဝပ်စေရန် ဆောင်ရွက်ထားပါ။

**သတိပြုဆောင်ရွက်ရန်များ**

၄။ ပြည်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်း တိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်လာပါက အောက်ပါ အချက်များကို အထူးသတိပြုလိုက်နာနေထိုင်ကြရန် အကြံပြုအပ်ပါသည်-

(က) လယ်ကွင်း၊ ကွင်းပြင်ထဲနေထိုင်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။

(ခ) မဖြစ်မနေ အိမ်ပြင်သို့ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။ မိမိကိုယ်ကို အကာအကွယ်များပြုလုပ်သွားပါ။

(ဂ) မိုးရွာသွန်းနေစဉ်၊ မိုးခြိမ်းနေစဉ်၊ လျှပ်စီးလက်နေချိန်များတွင် တယ်လီဖုန်းများအသုံးပြုခြင်းရှောင်ကြဉ်ပါ။

(ဃ) တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူနှင့် ကွန်ပျူတာစသည့် လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

(င) သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။

(စ) ရုတ်တရက်တိမ်မည်းလာခြင်း၊ လေပြင်းလာခြင်း၊ မိုးသည်းထန်လာခြင်း၊ မိုးခြိမ်းပြီးအတော်ကြာမှ လျှပ်ပြက်ခြင်း၊ အပူထုထဲတွင် လေအေးများကို ခံစားရခြင်းစသည့် မိုးသီးမုန်တိုင်း၏ လက္ခဏာများအား ဂရုပြုပါ။

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ**

၅။ ပြည်သူလူထုများအနေဖြင့် လေပြင်းဘေးအပြင် အခြားသဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ အရေးပေါ် ဆက်သွယ်နိုင်ပါသည်-

**ဖုန်းနံပါတ်များ**

| | |
|---|---|
| ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန(ရုံးချုပ်) | -၀၆၇-၄၀၄၆၆၆ |
| Hot Line No များ | -၀၆၇-၄၀၄၇၇၇ |
| | -၀၆၇-၄၀၄၂၂၂ |

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ရှင်ဥပဂုတ္တ ရဟန္တာကန်တော်အား သန့်ရှင်းသာယာလှပစေရေးပြန်လည်တူးဖော်ဆောင်ရွက်

**သုဝဏ္ဏဝတီမြို့ ဧပြီ ၂၂**
မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက်ကော်ရပ်ကွက် ရှိ ရန်ကုန် - မော်လမြိုင် အဝေးပြေးလမ်းမကြီးအနီး ရှင်ဥပဂုတ္တ ရဟန္တာကန်တော်အား မြို့ပြအင်္ဂါရပ်နှင့် အညီ သန့်ရှင်း သာယာလှပလာစေရန် ကန်သာယာစီမံကိန်းချမှတ်၍ ကန်တူး ဖော်မှု လုပ်ငန်းများ စတင်အကောင် အထည်ဖော်ဆောင်ရွက်နေသည်။

တိမ်ကောပပျောက်လု နီးပါးဖြစ်နေ သော အဆိုပါ ကန်တော် ပြန်လည်တူး ဖော်ပြုပြင်ရန်အတွက် သံဃနာယက ဆရာတော်များ၊ ဂေါပကအဖွဲ့များ၊ ရပ်မိ ရပ်ဖများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ဆွေးနွေးတိုင်ပင်၍ ဧပြီ ၁၀ ရက်မှ စတင် ကာ ကန်တော်ရှေ့ရှိ အဆောက်အအုံ များကို ဖယ်ရှားခဲ့ပြီး ကန်တော်သာယာ ရေးအတွက် ဆောင်ရွက်ခဲ့သည်။



ကန်တော်တူးဖော်မှုကို သင်္ကြန် ရက်အတွင်း ခေတ္တရပ်ဆိုင်းထားရာမှ ဧပြီ၂၀ ရက်က ပြန်လည်ဆောင်ရွက် နေပြီး ကန်တော်သာယာလှပရန်အတွက် တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ စုပေါင်းပြီး လုပ်ဆောင်ခဲ့ရာ ကန့်ကွက်သူ အနည်းငယ်သာရှိခဲ့သည်။သို့သော် ကန် တော်ပြန်လည်ပြုပြင်တူးဖော်ခြင်းမှာ နွေရာသီ၌ ကြုံတွေ့ရနိုင်သည့် မီးဘေး အန္တရာယ်နှင့် ရေရှားပါးခြင်းတို့ကို အထောက်အကူပြုနိုင်သည့်အပြင် မြို့ အလှကို ပေါ်လွင်စေပြီး ကျယ်ပြန့်သည့် သဘာဝအလှကို ပြည်သူများခံစားနိုင် ရန်ကန်ပတ်လမ်းကို တည်ဆောက်ပေး မည်ဖြစ်ကြောင်း ကန်သာယာစီမံကိန်း အား ပြည်သူများ၊ ရပ်မိရပ်ဖများ အလှူ ရှင်များ စုပေါင်း၍ ဆောင်ရွက်ကြခြင်းဖြစ် ကြောင်း ကန်သာယာစီမံကိန်း အတွင်း ရေးမှူး ဦးဝင်းဆန်းကပြောသည်။

အဆိုပါ ကန်တော်သည် စတုရန်းပုံ သဏ္ဌာန်နီးပါးတည်ရှိနေပြီး ဧက ၂၀ ကျော် ကျယ်ဝန်းသည့်အပြင် သက္က တောင်တန်းအား နောက်ခံပြု၍ သုဝဏ္ဏ ဝတီမြို့အား ပေါ်လွင်ထင်ရှားစေသော သာသနိကပိုင် နေရာတစ်ခုဖြစ်ကြောင်း လည်း သိရသည်။ **ခွန်(ဝင်းပ)**

# မာရသာမုန်တိုင်းအပြီး မကွေး၊မင်းဘူး-အမ်းတောင်ကြားလမ်း၌ ပုံမှန်ပြန်လည်သွားလာလျက်ရှိ

**မကွေး ဧပြီ ၂၂**
ရခိုင်ပြည်နယ်အတွင်း ဧပြီ ၁၅၊ ၁၆၊ ၁၇ ရက်တို့တွင် ဝင်ရောက်တိုက်ခတ်ခဲ့သော မာရသာမုန်တိုင်းအပြီး မကွေး၊ မင်းဘူး- အမ်း-တောင်ကုတ် တောင်ကြား လမ်းပိုင်း၌ မော်တော်ယာဉ်များ ပုံမှန် ပြန်လည်သွားလာလျက်ရှိကြောင်း သိရ သည်။

"မုန်တိုင်းတိုက်ခတ်သွားတာက ပင်လယ်ကမ်းခြေဒေသတွေကို လေ တစ်ချက် နှစ်ချက်လောက်ပဲ ဝှေ့ပြီးတိုက် သွားလို့ အပျက်အစီးလည်း သိပ်တော့ မရှိလိုက်ပါဘူး။ အမ်းမြို့မှာတော့ မိုးရွာ သွားတာရှိတယ်။ ဧပြီ ၁၇ ရက်ရောက်မှ နေပြန်ထွက်လာတယ်။ အဲဒီမုန်တိုင်း ကာလကတော့ သင်္ကြန်ပွဲတော်ရက် လည်းဖြစ်၊ မုန်တိုင်းလည်းကြေညာ ထားတော့ အသွားအလာ သိပ်မရှိကြ တော့ဘူး။ အခုတော့ အရင်အတိုင်း ပြန်သွားလာနေကြပါပြီ" ဟု အမ်းမြို့ရှိ အအေးဆိုင်ပိုင်ရှင်တစ်ဦး၏ ပြောပြ ချက်အရ သိရသည်။ အဆိုပါ တောင် ကြားလမ်းတွင် လမ်းလုပ်ငန်း လုပ်ကိုင် လျက်ရှိနေသော ဝန်ထမ်းတစ်ဦးက "မုန်တိုင်းရက်ပိုင်းတုန်းက မိုးရွာတာ တော့ ရှိပါတယ်။ လမ်းမြေပြိုတာတို့၊ တံတားပျက်တာတို့တော့ သိပ်မရှိခဲ့ ပါဘူး။ ဒါပေမယ့် အဲဒီရက်ပိုင်းက ဒီလမ်း မှာ သွားလာတဲ့ ကားတွေ တော်တော် နည်းသွားတယ်။ ကျွန်တော်တို့ ထင် တာကတော့ မုန်တိုင်းရှိနေလို့ ရှောင် နေတဲ့ သဘောပါ။ အခုတော့ ရာသီဥတု သာယာလာလို့ ပုံမှန်သွားလာနေကြ ပါပြီ"ဟု ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါလမ်းသည် မင်းဘူးမှ ပဒါန်း သို့ မိုင် ၃၀ ကျော်၊ ပဒါန်းမှ အမ်းသို့ ၆၃ မိုင်၊ အမ်းမှ တောင်ကုတ် ၈၅ မိုင် ရှည် လျားပြီး အတက်အဆင်း၊ အလွန်မတ် စောက်၍ အကောက်အကွေ့ကြမ်း ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

# တောင်သာမြို့နယ် မြေဖြူကုန်းကျေးရွာ၌ သောက်သုံးရေများလှူဒါန်း

**တောင်သာ ဧပြီ ၂၂**
မြင်းခြံခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး အုန်းသွင်ဦးဆောင်သော မြင်းခြံခရိုင်ရဲတပ်ဖွဲ့ မှူးရုံးမှတပ်ဖွဲ့ဝင်များနှင့် မိသားစုများသည် တောင်သာမြို့နယ် မြေဖြူကုန်းကျေးရွာ၌ ဧပြီ၂၁ရက်က သောက်ရေ ဂါလန် ၃၅၀၀နှင့်ရေသန့် ၁၃၄၄ ဘူးကိုလှူဒါန်းခဲ့ရာ ကျေးရွာသုံးရွာအား လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ တောင်သာမြို့နယ်၌ မိုးများရွာသွန်းခဲ့သော်လည်း ချိုးရေနှင့်သုံးရေသာအဆင်ပြေနေပြီး သောက်ရေ အတွက် လိုအပ်လျက်ရှိကြောင်း သိရသည်။
**လင်းလက်ကြယ် (တောင်သာ)**



## အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာများဆိုင်ရာ နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းမှုကြောင့် ချွေးထွက်လွန်ကာ ခန္ဓာကိုယ်အတွင်း ရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားတတ်ပါသည်။ ပြည်သူလူထု အနေဖြင့် အပူဒဏ်ကြောင့် ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများ တွေ့ရှိ ပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သိရှိလိုက်နာနိုင်ပါရန် နှိုးဆော်အပ် ပါသည်။

**အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း (Heat exhaustion) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။**

- ပျို့ခြင်း (သို့) ဂနာမငြိမ်ဖြစ်ခြင်း
- ခေါင်းမူးနောက်ခြင်း
- ကြွက်သားများ ကြွက်တက်ခြင်းနှင့် အားပျော့ခြင်း
- မူးမိုက်ခြင်း
- ခေါင်းကိုက်ခြင်း
- နုံးချည့်ခြင်း
- ရေဆာခြင်း
- ချွေးအလွန်အကျွံထွက်ခြင်း
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

**ရောဂါပိုမိုပြင်းထန်ဆိုးရွားလာ၍ အပူဒဏ်ကြောင့် သတိလစ်ခြင်း(Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။**

- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- စိတ်ရှုပ်ထွေးခြင်း
- သတိလစ်ခြင်း
- တက်ခြင်း
- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း

**အဆိုပါလက္ခဏာများခံစားရပါက ဦးစွာဆောင်ရွက်ရန်-**

(၁) အရိပ်ရ၍ အေးမြသော၊ လေဝင်လေထွက်ကောင်းသော နေရာသို့ ပြောင်းရွှေ့ထားပါ။
(၂) ရေနှင့် ဓာတ်ဆားရည်များကို တိုက်ကျွေးပါ။
(၃) ရေအေးပတ်တိုက်ပါ။ (နဖူး၊ လည်ပင်း၊ ချိုင်းကြားနှင့် ပေါင်ခြံတို့ကို ရေအေးပတ်ရွှဲရွှဲ တိုက်ပေးခြင်းဖြင့် ခန္ဓာကိုယ်တွင် အပူချိန် အမြန်ကျစေ ပါသည်။)

**နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ပေးပါ။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



# မှူးခင်းပညာပေးပြခန်းယာဉ်ဖြင့် မှူးခင်းပညာပေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၂**
မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၏ စီစဉ်ညွှန်ကြားချက်အရ မွန်ပြည်နယ်အတွင်းရှိ ပြည်သူ များအား မှုခင်းကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ၌ ဗဟုသုတတိုးပွား စေရေးအတွက် ၂၀၁၇ ခုနှစ် ဧပြီ ၁၉ ရက်က မှူးခင်းပညာပေးပြခန်း ယာဉ်ဖြင့် ဘီးလင်းမြို့ဘိုးရာဇာရပ်ကွက်၌ ပြည်သူများအား မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီး ကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည့်အကြောင်း အရာများ၊ လူကုန်ကူးမှု အန္တရာယ်တားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေးအကြောင်းတို့ကို ပညာပေးခဲ့ပြီး မှူးခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**(ကိုရဲ)**

## ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများ ဘေးမဲ့ပေးရန် နှိုးဆော်ချက်

မိုးဦးကျကာလဖြစ်သော ဧပြီ၊ မေနှင့် ဇွန်လများတွင် ဥကပ်နေသော (သို့မဟုတ်) ဥများနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များ၌ ဥချရန်ပြင်ဆင်လျက်ရှိပါသည်။ ထို ပုစွန်တုပ် ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များ ပေါက်ပွားလာနိုင်မည်ဖြစ်ပါသည်။

အဆိုပါ မျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော (သို့မဟုတ်) ဥများနှင့်ပြည့်ဝနေသော မျိုးပုစွန်ကြီးများကို ဖမ်းဆီးခြင်း၊ အရောင်း အဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/ ၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ အရေးယူခံရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ ရေချိုပုစွန်တုပ်များသည် ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံးရေရှည်စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ဥကပ်နေသောရေချိုပုစွန်တုပ်ကြီးများအား ဧပြီလမှ ဇွန်လကုန်အထိ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

# ကော့သောင်းမြို့၌ ခရမ်းလွန်ရောင်ခြည် မြင့်တက်မှု သိသာစွာခံစားလာနေရ

**ကော့သောင်း မေ ၂၂**

ကမ္ဘာကြီး၏ ဂေဟာစနစ်ပျက်ယွင်းလာမှု၊ သဘာဝသစ်တောများ ပြုန်းတီးလာမှု၊ စက်ရုံ၊ အလုပ်ရုံများစွာ၏ ဘေးထွက်ဆိုးကျိုးများစသည့် လူသားတို့၏ ပယောဂ အကြောင်းတရားများစွာကြောင့် အိုဇုန်းလွှာပျက်စီးလာမှုနှင့် အတူခရမ်းလွန်ရောင်ခြည် မြင့်တက်လာမှုများကြောင့် လူသားတို့အပေါ်ဆိုးကျိုး အမျိုးမျိုးသက်ရောက်လျက်ရှိရာ အီကွေတာနှင့် နီးကပ်စွာတည်ရှိသည့် မြန်မာပြည်တောင်ဘက်စွန်း ကော့သောင်းမြို့တွင် ဧပြီလတတိယပတ်အတွင်း ယခင်နှစ်များနှင့်မတူ လွန်ကဲသည့် အပူဒဏ်ကို မြို့နေပြည်သူများ ခံစားနေရကြောင်း သိရသည်။

ဧပြီလအတွင်း မြန်မာနိုင်ငံ၌ ကျရောက်သည့် ခရမ်းလွန်ရောင်ခြည်သည် အမြင့်မားဆုံးအနေအထား ဖြစ်လျက်ရှိရာ ကော့သောင်းမြို့၏ အပူချိန်မှာယခင်နှစ်များထက် ပိုမိုပူပြင်းကြောင်း မြို့ခံပြည်သူများ၏ စကားသံများကြားရသည်။

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း၏ အထက်ကိုကျော်လွန်လာပါက လူသားများအတွက် ကျန်းမာရေးအန္တရာယ်များဖြစ်သည့် အသားနေလောင်ခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း၊ မျက်စိအမြင် အာရုံထိခိုက်ခြင်း၊ DNA များထိခိုက်မှုကြောင့် သားသမီးမရနိုင်ခြင်းစသည့် အန္တရာယ်များ ကျရောက်နိုင်သဖြင့် ကြိုတင်ကာကွယ်မှုနည်းလမ်းများ အဖြစ် နေ့ပူအတွင်း နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ သွားလာခြင်းအား ရှောင်ကြဉ်ရေး၊ ပြည်သူများ စားဝတ်နေရေးအလို့ငှာ နေရောင်ခြည်အတွင်း သွားလာရမည်ဆိုပါက SP 15+ ရောင်ခြည်ကာကွယ်လိမ်းဆေးများ အသုံးပြုသွားလာကြရေး၊ ခန္ဓာကိုယ်အား လုံခြုံသည့် အဝတ်အစား၊ ဦးထုပ်နှင့် ထီးစသည်များဖြင့် ကာကွယ်သွားလာကြရေး၊ ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်များ တပ်ဆင်ခြင်း၊ ကလေးငယ်များမှာ လူကြီးများထက် ခရမ်းလွန်ရောင်ခြည် ဆိုးကျိုးအားပိုမိုထိခိုက်ခံစားရနိုင်သဖြင့် ကလေးငယ်များအား သတိပြုထိန်းကျောင်းကြရေး ဒေသတာဝန်ရှိ အဖွဲ့အစည်းများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ မြို့နေပြည်သူများသို့ ကျယ်ကျယ်ပြန့်ပြန့် အသိပေးနှိုးဆော် ထားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**





## မြောက်ဦးမြို့၌ သျှစ်သောင်း၊ ထုက္ကန် ၊ အံတော်သိမ်ဘုရားများ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**မြောက်ဦး မေ ၂၂**

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ (၈၉) ကြိမ်မြောက် သျှစ်သောင်း၊ ထုက္ကန် ၊ အံတော်သိမ်ဘုရားများ ဗုဒ္ဓပူဇနီယပွဲတော်ကိုမေ ၈ရက် မှ မေ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ပွဲတော်ကာလတွင် ပဌာန်းတရားပွဲ၊ ကဆုန်ညောင်ရေသွန်းလောင်းပွဲ၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ၊ ရခိုင်ရိုးရာလောင်း(လှေ)ပြိုင်ပွဲ၊ ရခိုင်ရိုးရာကျင်ကိုင်ပွဲ၊ ရခိုင်ရိုးရာယဉ်ကျေးမှုဇာတ်နှင့် ရတနာသန်းအောင် အဆင့်မြင့်ဇာတ်သဘင်ပွဲတို့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေး ဂေါပကအဖွဲ့က ပြောသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## သီလရှင်ဆရာကြီး၊ ဆရာလေးများအား နှစ်ဦးဆွမ်းဆန်စိမ်း ဇဝနရပ်ကွက်၌ လောင်းလှူ

**ရန်ကုန် မေ ၂၂**

မြန်မာ့နှစ်သစ်နှစ်ဦး မြန်မာနှစ်ဆန်း ၅ ရက်မြေ ၂၁ ရက်ရောက်တိုင်းသဃ်န်းကျွန်းမြို့နယ်ကျိုက္ကစံလယ်တီဝိပဿနာကျောင်းတိုက်ကြီး ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တအာသဘအရှင်သူမြတ်၏ ဩဝါဒကိုခံယူ၍ ယင်းကျောင်းတိုက် ကြီး၌ ပဋိပတ်၊ ပရိယတ္တိသာသနာကျင့်ကြံပွားများ အားထုတ်သီတင်းသုံးတော်မူကြသော သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီဦးဆောင်၍ သီလရှင်ဆရာကြီးဆရာလေးများ မေ ၂၁ ရက်က ဇဝနရပ်ကွက်အတွင်းသို့ နှစ်သစ်နှစ်ဦးဆွမ်းဆန်စိမ်းများ အလှူခံကြွရောက်ကြရာ ဇဝနရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှသန်းနှင့် ရပ်ကွက်သူရပ်ကွက်သား၊ ပြည်သူများ၊ သဒ္ဓါတရားထက်သန်စွာ နှစ်ဦးဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**တင်ကြည်(သဃ်န်းကျွန်း)**


ရန်ကုန်မြို့၏ဂုဏ်ဆောင်၊ ရန်ကုန်မြို့တွင်ကျောင်းသားအများဆုံးရရှိနေသော၊ အောင်ချက်ကောင်း၊ စည်းကမ်းကောင်း၊ စာသင်ကောင်းခြင်းတို့ကြောင့် ဖွင့်တဲ့တန်းခွဲတိုင်း လူပြည့်လျှံနေသော... ကြည့်မြင်တိုင်မြို့နယ်၊ အင်းစိန်မြို့နယ်များတွင် အောင်ချက်အကောင်းဆုံးစာရင်းဝင်ခဲ့သော...

PRIVATE TS U THAN SEIN HIGH SCHOOL

ဆရာ ဦးသန်းစိန် ဓာတု/ရူပ နှင့် ဆရာမ ဒေါ်ဇင်နီမြင့် အင်္ဂလိပ်စာ [M.A (English), Dip in ELT(YU)] တို့ကိုယ်တိုင် အုပ်ချုပ်သင်ကြားသော



UTS

ကိုယ်ပိုင်အထက်တန်းကျောင်း

(သူငယ်တန်းမှတက္ကသိုလ်ဝင်တန်းအထိ)

၂၀၁၇-၂၀၁၈ စာသင်နှစ် မတ်လတန်းခွဲများ ပြည့်သွားပါပြီ။

မေလတန်းခွဲများ(၁၀-၅-၂၀၁၇)စမည်။

အဆောင်နေကျောင်းသားများ(၉-၅-၂၀၁၇)အဆောင်ဝင်ရမည်။



လေ့လာပါ၊ စုံစမ်းပါ၊ ကြိုက်မှကျောင်းအပ်ပါ။

စာသင်ကျောင်းတည်နေရာ(၁) ဘုရင့်နောင်လမ်းမကြီး၊ကွက်သစ်(၂)လမ်းထိပ်၊ပေါက်တောဝ၊ အင်းစိန်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

စာသင်ကျောင်းတည်နေရာ(၂) (၇၄)၊ မိုလ်ဥတ္တမလမ်းထိပ်၊ ဘောဂရပ်ကွက်၊ ဗားဂရာမီးပွိုင့်အနီး၊ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Phone: 095167915, 09955167915, 095190862, 0943064436, 09450014699, 09420273846, 09263889212

Facebook Page - Saya U Than Sein Private High School

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ထောက်ပံ့ငွေဖြင့် စစ်ဘေးရှောင်စခန်းနေပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်



မြစ်ကြီးနား ဧပြီ ၂၂

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ထောက်ပံ့ငွေဖြင့် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိစစ်ဘေးရှောင်စခန်း ၁၀ ခုသို့ ဧပြီ ၂၁ ရက်နေက ထောက်ပံ့ပစ္စည်းများ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် အေဂျီစစ်ဘေးရှောင်စခန်းနေ အိမ်ထောင်စု ၄၈ စု လူဦးရေ ၃၂၄ ဦးအတွက် စားသောက်ကုန်ပစ္စည်းများကို ပြည်နယ်ဦးစီးမှူး ဦးမင်းသိန်းက ထောက်ပံ့ပေးအပ်ရာစခန်း တာဝန်ခံက လက်ခံယူခဲ့သည်။

အလားတူ ဝိုင်းမော်မြို့နယ်အတွင်းရှိ အမှတ် (၂)မြို့မနှစ်ခြင်း စစ်ဘေးရှောင်စခန်း အိမ်ထောင်စု ၇၃ စု လူဦးရေ ၃၂၇ ဦး၊ အမှတ်(၃)လော်ဝေါ်နှစ်ခြင်းအိမ်ထောင်စု ၁၁၂ စု လူဦးရေ ၃၀၀၊ အမှတ်(၃)မူရင်နှစ်ခြင်း စစ်ဘေးရှောင်စခန်း အိမ်ထောင်စု ၂၉ စု လူဦးရေ ၁၄၂ ဦး၊ အမှတ်(၄)လီဆူနှစ်ခြင်း အိမ်ထောင်စု ၄၂ စု လူဦးရေ ၁၆၁ ဦး၊ မဒိန်အိမ်ထောင်စု ၂၃ စု လူဦးရေ ၁၁၅ ဦး၊ နောင်ဟီ အိမ်ထောင်စု ၁၉ စု လူဦးရေ ၇၁ ဦး၊ မိုင်းနားအေဂျီ ၅၈ စု လူဦးရေ ၂၅၀၊ မိုင်းနားလဝမ် ၄၅ စု လူဦးရေ ၁၇၂ ဦး၊ စင်ကြိုင်(ဝေါ့ချုံး) စစ်ရှောင်စခန်း ၁၈၈ စု လူဦးရေ ၁၀၁၈ ဦးတို့အတွက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၏ စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ပေးအပ်မည့် ထောက်ပံ့ရေးပစ္စည်းများကို မြစ်ကြီးနားမြို့နယ် စစ်ဘေးရှောင်စခန်း ၂၃ ခု၊ ဝိုင်းမော်မြို့နယ် ၁၄ ခု၊ ဗန်းမော်မြို့နယ် ကိုးခု၊ ပူတာအိုခရိုင်နှစ်ခု စုစုပေါင်း စစ်ဘေးရှောင်စခန်း ၄၈ ခု၊ အိမ်ထောင်စု ၄၁၅၀ စု လူဦးရေ ၂၀၈၈၀ ဦးတို့အတွက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ကျိုင်းတုံ၌ ဒေသအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပ

**ကျိုင်းတုံ ဧပြီ ၂၂**

ရှမ်းပြည်နယ်အရှေ့ပိုင်းကျိုင်းတုံမြို့၌ ဒေသအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဧပြီ ၂၁ ရက် နံနက် ၉နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦးက အမှာစကားပြောကြားပြီး တက်ရောက်သူများက နိုင်ငံရေး၊ စီးပွားရေးနှင့် မြေယာကိစ္စများကို ကဏ္ဍအလိုက် စုဖွဲ့၍ ဆွေးနွေးရာ ဒေသထွက်သယံဇာတပစ္စည်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရစီမံခန့်ခွဲခြင်း၊ ခွဲဝေရရှိခြင်းဆိုင်ရာမူဝါဒများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံများ၊ စာပေ၊ ယဉ်ကျေးမှုပညာရေး၊ ကျန်းမာရေးကိစ္စရပ်များ၊ ဘာသာစကား၊ သမိုင်းဆိုင်ရာသင်ကြားခွင့်ကိစ္စများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် ငြိမ်းချမ်းရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သုံးရေ၊ လျှပ်စစ်မီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာများ၊ မိုင်းလားလမ်းကြောင်း ကုန်သွယ်ရေးဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်းတို့နှင့် တွဲလျက်ရှိသည့် စားသုံးသူအခွင့်အရေးဆိုင်ရာများ၊ သိမ်းဆည်းခံမြေများ၊ မြေလွတ်မြေရိုင်းချထားပေးမှုများ၊ မြေယာကိစ္စတရားစီရင်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ အာခါတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးအာဇေလှ၊ လွှတ်တော်သုံးရပ်မှလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ RCSS/SSA အဖွဲ့မှ ကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ တက်ရောက်ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# သုံးခွမြို့၌ မိုးကုတ်တရားစခန်းပွဲကျင်းပ

**သုံးခွ ဧပြီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၂)ရပ်ကွက်ရှိ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ် ၈၄ ၌ (၁၈၆)ကြိမ်မြောက် ၁၀ ရက်တရားစခန်းပွဲကို ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

တရားစခန်းပွဲ၏ နောက်ဆုံးရက်ဖြစ်သော ဧပြီ ၁၇ ရက် ညနေ ၅ နာရီက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပခဲ့ရာ အခမ်းအနားတွင် အဖွဲ့ခွဲအမှတ် (၈၄) ဥက္ကဋ္ဌ ဦးကျော်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးသာရင်နှင့် ဦးငွေစိုးတို့က အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည် လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

အဆိုပါ တရားစခန်းပွဲ၌ ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တဝဏ္ဏိတ(ခင်ဦးမြို့)က နံနက်ပိုင်းတွင် တရားတော်များနှင့် ညနေပိုင်းတွင် သစ္စာလေးပါးတရားတော်များကို ဟောကြားတော်မူခဲ့ပြီး ယောဂီ စုစုပေါင်း ၂၂၇ ဦး တရားဝင်ရောက်အားထုတ်ခဲ့ကြကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ပိတောက်ရွှေဝါလမ်းမကြီး ကတ္တရာလမ်းသစ်ဖွင့်

**မော်လမြိုင်ကျွန်း ဧပြီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့အား မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် မော်လမြိုင်ကျွန်းမြို့တွင် အရေးပါသော အမှတ် (၉) ရပ်ကွက် ပိတောက်ရွှေဝါလမ်းမကြီးအား ကွန်ကရစ်ထပ်ပိုးလွှာ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဧပြီ ၂၁ ရက် နံနက် ၈ နာရီက ပိတောက်ရွှေဝါလမ်းမကြီး ယာယီမဏ္ဍပ်၌ ကျင်းပသည်။

ထို့နောက် ယင်းလမ်းသစ်အား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးလင်းနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ခဲ့ကြောင်း သိရသည်။

အဆိုပါ ပိတောက်ရွှေဝါကွန်ကရစ်ထပ်ပိုးလွှာ ကတ္တရာလမ်းမကြီးမှာ အမှတ်(၉) ရပ်ကွက်နှင့် အမှတ်(၁၀) ရပ်ကွက်တို့အား ဆက်သွယ်ထားသော အရေးပါသည့် လမ်းမကြီးဖြစ်ပြီး မြို့နယ် စည်ပင်သာယာရေးနှင့် ဒေသခံပြည်သူများ ပူးပေါင်းထည့်ဝင်ငွေကျပ် ၁၆၃ သိန်းကျော်ဖြင့် တည်ဆောက်ခဲ့သည့် လမ်းအရှည်ပေ ၉၀၀၊ လမ်းအကျယ် ၁၃ ပေရှိသော ကွန်ကရစ်ထပ်ပိုးလွှာ ကတ္တရာလမ်းသစ်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်း(မြင့်အောင်)**


**သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ဧပြီလ ၂၉၊ ၃၀ (၇၈)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဧပြီလ ၈ ရက်တွင် စတင်လက်ခံ၍ ဧပြီလ ၂၉၊ ၃၀ ရက်များတွင် ၇၈-ကြိမ်မြောက် ဦးရေ (၉၉၀၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။ (ကျိုက္ကဆံစုပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေပုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။













**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ မြေကွက်အမှတ် ၃၁၁၊ ဧရိယာ ဝဒသမဝ၉၉ဧကရှိ ဦးကျော်ဒင် အမည်ပေါက်ပါမစ်မြေကွက်အား ဦးဌေးအောင် ၉/ပမန(နိုင်)၁၇၉၄၁၀ (ဘ) ဦးညီမှ မြေပေးမိန့်မူရင်း၊ နှစ်ဦးသဘောတူအရပ်ကတိ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုဇယား၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကိုခိုင်စိုးလင်း (စစ်တွေ-ရန်ကုန်)

**B.A (Eng), MPA (Aldersgate College, Philippines**
**Director, Red Hammer Co.,Ltd.**

**အသက်(၃၀)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ တိုက် A/3-2၊ အခန်း ၉၀၁နေ(ဦးကျော်စိန်၊ ဒုပြည်နယ်အခွန်ဦးစီးမှူး-ဒေါ်အောင်မြဦး)၊ [ဦးမောင်သာဇံ-ဒေါ်သန္တာဦး [ဒေါ်သန္တာဦး လက်ဖက်နှင့်အကြော်စုံ ]တို့၏မြေး၊ ဦးကျော်ဇောမောင်(ညွှန်ကြားရေးမှူး၊ငြိမ်း၊ ကုန်သွယ်လယ်ယာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)-ဒေါ်ဝင်းဝင်းဇံ(ပန်းလိပ်ပြာဖက်ရှင်-စစ်တွေ/ယုဇနပလာဇာရန်ကုန်)တို့၏ချစ်လှစွာသောသား၊ မသန္တာဇံ(MAPCO LIMITED)၏အစ်ကို၊ ဦးစိန်မောင် (OK ဆေးဆိုင်၊စစ်တွေ)-ဒေါ်အုန်းကြွယ်၊ ဗိုလ်မှူးကြီးလှမောင်တင်(ငြိမ်း)-ဒေါ်နုနုဇံ၊ ဦးမောင်သန်းရွှေ-ဒေါ်လီလီဇံ(မိဘမေတ္တာအထည်ဆိုင်)၊ ဒေါက်တာသိန်းထွန်းအောင်(ခွဲစိတ်ထူးကုဆရာဝန်ကြီး၊ စစ်တွေ)-ဒေါ်သိန်းသိန်းဇံ(ဒေါ်သန္တာဦး လက်ဖက်နှင့်အကြော်စုံ)တို့၏တူမောင်၊ ကိုကျော်ဆန်းလင်းမောင်-ဒေါက်တာစုစုဝင်း၊ ကိုအောင်မင်း-မမယ်သူမောင် (နဝရတ်ဆေးဆိုင်)၊ Capt. ရန်နိုင်စိုး-ဒေါက်တာနှင်းဝေမောင်၊ မအေးဆုမောင်၊ မောင်ရွှေဇံမျိုးဟိန်း(Run Ygn)၊ ဒေါက်တာကျော်ဇံဝေ(ခေတ္တ-လန်ဒန်)၊မောင်ဖြိုးဇေယျာ(Final Part II ဆေး-၁)၊ မလှချမ်းဝေ(Final Part II ဆေး-၁)တို့၏မောင်/အစ်ကို/ညီသည် ၂၁-၄-၂၀၁၇ရက်(သောကြာနေ့)ည ၈း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၇ ရက်(တနင်္ဂနွေနေ့)ညနေ ၆နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကိုခိုင်စိုးလင်း (စစ်တွေ-ရန်ကုန်)

**B.A (Eng), MPA (Aldersgate College, Philippines**
**Director, Red Hammer Co.,Ltd.**

**အသက်(၃၀)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ တိုက် A/3-2၊ အခန်း ၉၀၁နေ(ဦးကျော်စိန်၊ ဒုပြည်နယ်အခွန်ဦးစီးမှူး-ဒေါ်အောင်မြဦး)၊[ဦးမောင်သာဇံ-ဒေါ်သန္တာဦး(ဒေါ်သန္တာဦး လက်ဖက်နှင့်အကြော်စုံ ]တို့၏မြေး၊ ဦးကျော်ဇောမောင်(ညွှန်ကြားရေးမှူး၊ငြိမ်း၊ ကုန်သွယ်လယ်ယာ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)-ဒေါ်ဝင်းဝင်းဇံ(ပန်းလိပ်ပြာဖက်ရှင်-စစ်တွေ/ယုဇနပလာဇာရန်ကုန်)တို့၏ချစ်လှစွာသောသား၊ မသန္တာဇံ(MAPCO LIMITED)၏အစ်ကိုသည် ၂၁-၄-၂၀၁၇ရက်(သောကြာနေ့) ည ၈း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၄-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်သန်း အသက်(၈၈)နှစ်**

**လ/ထမန်နေဂျာ၊ R.TC (ငြိမ်း)**

ဦးသန်းဌေး (ညွှန်ကြားရေးမှူး) တည်ဆောက်ရေး(၆)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန-ဒေါ်အေးအေးချိုတို့၏ဖခင် ဦးအောင်သန်း အသက်(၈၈)နှစ်သည် ၂၁-၄-၂၀၁၇ရက်(သောကြာနေ့)တွင် မကွေးမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**တည်ဆောက်ရေး(၆)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်သန်း အသက်(၈၈)နှစ်**

**လ/ထမန်နေဂျာ၊ R.TC (ငြိမ်း)**

ဦးသန်းဌေး (ညွှန်ကြားရေးမှူး) တည်ဆောက်ရေး(၆)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန-ဒေါ်အေးအေးချိုတို့၏ဖခင် ဦးအောင်သန်း အသက်(၈၈)နှစ်သည် ၂၁-၄-၂၀၁၇ရက်(သောကြာနေ့)တွင် မကွေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**ဦးတင်ထွန်း(ဒုတိယညွှန်ကြားရေးမှူး)-ဒေါ်သိန်းသိန်းနွဲ့**
**တည်ဆောက်ရေး(၆)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်သန်း အသက်(၈၈)နှစ်**

**လ/ထမန်နေဂျာ၊ R.TC (ငြိမ်း)**

ဦးသန်းဌေး (ညွှန်ကြားရေးမှူး) တည်ဆောက်ရေး(၆)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန-ဒေါ်အေးအေးချိုတို့၏ဖခင် ဦးအောင်သန်း အသက်(၈၈)နှစ်သည် ၂၁-၄-၂၀၁၇ရက်(သောကြာနေ့)တွင် မကွေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**လက်ထောက်ညွှန်ကြားရေးမှူး(၂)နှင့်ဝန်ထမ်းများ**
**တည်ဆောက်ရေး(၆)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်သန်း အသက်(၈၈)နှစ်**

**လ/ထမန်နေဂျာ၊ R.TC (ငြိမ်း)**

ဦးသန်းဌေး (ညွှန်ကြားရေးမှူး) တည်ဆောက်ရေး(၆)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန-ဒေါ်အေးအေးချိုတို့၏ဖခင် ဦးအောင်သန်း အသက်(၈၈)နှစ်သည် ၂၁-၄-၂၀၁၇ရက်(သောကြာနေ့)တွင် မကွေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**ရန်ကုန်တိုင်းဒေသကြီး**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်သန်း အသက်(၈၈)နှစ်**

**လ/ထမန်နေဂျာ၊ R.TC (ငြိမ်း)**

ဦးသန်းဌေး (ညွှန်ကြားရေးမှူး) တည်ဆောက်ရေး(၆)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန-ဒေါ်အေးအေးချိုတို့၏ဖခင် ဦးအောင်သန်း အသက်(၈၈)နှစ်သည် ၂၁-၄-၂၀၁၇ရက်(သောကြာနေ့)တွင် မကွေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**လက်ထောက်ညွှန်ကြားရေးမှူး(၁)နှင့်ဝန်ထမ်းများ**
**တည်ဆောက်ရေး(၆)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## ဗိုလ်မှူးဘထွန်းတင် (ငြိမ်း)

**(OTS အပတ်စဉ်-၉)**

**အသက်(၉၀)**

သံတွဲမြို့နေ(ဦးဘထူး-ဒေါ်မြသိန်း)တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(7.H)နေ (ဒေါ်သန်းသန်းတင်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးထွန်းထွဋ်ဦး)-ဒေါ်သန်းသန်းဌေး၊ ဦးစံလှဝင်း-ဒေါ်တင်တင်သန်း၊ ဦးတိုးခိုင်-ဒေါ်တင်တင်နု၊ ဦးတင်ထွဋ်-ဒေါ်ခိုင်ခိုင်၊ ဒေါ်တင်တင်ထွေး၊ ဦးတင်ထွန်း၊ ဒေါ်နွေးထိုက်ထိုက်ထွဋ်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၁-၄-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၇ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၄-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ရီ (ပုသိမ်)

**အသက်(၈၆)နှစ်**

ပုသိမ်မြို့နေ (ဦးပိန်းလိန်-ဒေါ်မြခင်)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၁၁၇၀နေ (ဦးရွှေသင်)၏ဇနီး၊ ဦးမောင်ဝင်း-ဒေါ်ခင်ခင်ရွှေ၊ (ဦးခင်မောင်လှိုင်)-ဒေါ်သန်းနွဲ့တို့၏အစ်မ၊ ဦးတင်ယု-ဒေါ်ခင်ဆွေဝင်း၊ ဒေါ်မူမူသင်-ဦးအေးမင်း၊ ဦးအောင်ကြည်(ခ)ဦးချိုအေး-ဒေါ်နီလာမြတ်၊ ဦးမျိုးမြင့်-ဒေါ်ခင်မီမီလှိုင်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၂-၄-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ဌေးရီ(ခ)ဒေါ်ရီရီ

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် ၇၅/၈၀၊ အခန်း ၅၀နေ (ဦးချင်းယောက်-ဒေါ်ထိုက်)တို့၏သမီး၊ ဦးဝှါဟိန်း-ဒေါ်စောလှတို့၏သမီးချွေးမ၊ [ဗိုလ်မှူးခင်မောင်(ငြိမ်း)]၏ဇနီး၊ (ဒေါက်တာတင်ညွှန့်)-ဒေါ်ခင်မာရီ[လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်တိုင်းဒေသကြီး ]ဦးသောဘိတ(ဦးခင်မောင်ရီ)-ဒေါ်စိန်စိန်၊ ဗိုလ်မှူးထွန်းဦး[ညွှန်ကြားရေးမှူး(ငြိမ်း၊ နယ်စပ်စည်ပင်)]-ဒေါ်နုနုရီ(လ/ညွှန်မှူး၊ ငြိမ်း၊ ပညာရေးမှူး၊ အနောက်ပိုင်းခရိုင်)၊ ဦးမင်းဟန်(USA)-ဒေါ်နွဲ့နွဲ့ရီ(USA)၊ ဦးဖိုးကွန်း(2/E)၊ ဒေါ်ခင်နန်းရီ(JAT အထက-၂၊ လသာ)၊ ဦးခင်အောင်ရီ(A D)-ဒေါ်တင်တင်မြင့်[(ဦး/ရှိ) ရန်ကုန်တိုင်းဒေသကြီး၊ ပညာရေးမှူးရုံး]တို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၂-၄-၂၀၁၇ရက် နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ရီ (ရေနံချောင်း)

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**
**အထက(အိမ်မဲ)၊ အထက(၃)လှိုင်**

**အသက်(၇၈)နှစ်**

ရေနံချောင်းမြို့နေ(ဦးမြခိုင်-ဒေါ်စော)တို့၏သမီး၊ (ဦးဘ-ဒေါ်သိန်း)တို့၏သမီးချွေးမ၊(ဗိုလ်ကြီးတင်အုန်း)-ဒေါ်ခင်စန်း၊ ဒေါ်သန်းသန်းတို့၏ညီမ၊ ဗိုလ်မှူးစန်းလွင်(ငြိမ်း)-ဒေါ်ဝင်းရှင်၊ ဦးညီညီထွန်း-ဒေါ်ရီရီအေးတို့၏အစ်မ၊ မင်္ဂလာဒုံမြို့နယ်၊ ပြန်လည်နေရာချထားရေးရပ်ကွက်၊ အိမ်ခြေ ၅၀၊ (၁)လမ်း၊ အမှတ် ၁၃/၁၄နေ [ဦးဇော်ယု (ဌာနခွဲမှူး၊ တပ်/အထည်ချုပ်စက်ရုံ၊ ငြိမ်း)]၏ဇနီး၊ ဦးသက်ဇော်မင်း - ဒေါ်မြင့်မြင့်အေးတို့၏မိခင်၊ မကေခိုင်နွယ်(Charitrium Hotel Royal Lake Yangon)၊ မောင်မိုးကျော်သူ-မသန္တာအောင်၊ မခင်အိသွယ်တို့၏အဘွား၊ မအိကြယ်စင်ဇော်၏ ဘွားဘွားကြီးသည် ၂၁-၄-၂၀၁၇ရက် (သောကြာနေ့)ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၇ရက်(ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဌေးဝင်း (BA, LL.B)

**(ရွှေကျင်မြို့)**
**ဒု/ညွှန်(ငြိမ်း)၊ တ/၁၇၈၅**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၊ နေပြည်တော်**

**အသက်(၆၀)**

ပဲခူးတိုင်းဒေသကြီး၊ရွှေကျင်မြို့နယ်၊ မင်းလမ်းနေ ဦးအေး-ဒေါ်သိန်းကြည်တို့၏သား၊ ဦးခင်ဇော်-ဒေါ်ယဉ်စန်း၊ ဦးကျင်မြင့် - ဒေါ်တင်မေဌေးတို့၏မောင်/ညီ၊ ဦးထွဋ်မြတ်ကြွယ်-ဒေါ်ထွေးစိန်၊ ဦးတင်ဖုန်းမြင့်-ဒေါ်ရီရီနိုင်၊ ဦးကျော်သူ (အထွေထွေမန်နေဂျာ၊ ဓာတ်အားဖြန့်ဖြူးရေးဌာန၊ မန္တလေး လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း)-ဒေါ်နီလာရှိန်၊ ဦးစိုးမိုး-ဒေါ်ဌေးဌေးဝင်းတို့၏အစ်ကိုသည် ၂၂-၄-၂၀၁၇ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မလွကုန်းလမ်း၊ အမှတ် ၃၃၊ ခြောက်လွှာ(B)နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

**အနိစ္စ**

## အရာခံဗိုလ်စိုးဦး

**(ဆအတ-၂၊ တောင်ငူ)**
**(ကပ-၈၆၂၅၅၀)**

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် ၆၅၁နေ(ဦးတင်မြင့်)-ဒေါ်တင်ညွန့်တို့၏သား၊ (ဦးလှမြင့်-ဒေါ်အေး)တို့၏သားသမက်၊ ဒေါ်စမ်းစမ်းအေး၏ခင်ပွန်း၊ မပိုပိုအိန္ဒြာချစ်၊ မောင်ဝေယံမိုးအောင်တို့၏ဖခင်သည် ၂၁-၄-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂း၀၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၄-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

## ဦးအောင်သန်း

**လ/ထမန်နေဂျာ၊ RTC (ငြိမ်း)**
**မကွေးမြို့**

**အသက်(၈၈)နှစ်**

ဦးငြိမ်းမောင်ဦး(ဒု-ကြီးကြပ်ရေးမှူး၊ ကပရ၊ ငြိမ်း)-ဒေါ်ဝင်းဝင်းသန်း(ကပရ၊ ငြိမ်း)၊ ဦးအောင်ဝင်း[ဒုတိယအမြဲတမ်းအတွင်းဝန်(ငြိမ်း)]-ဒေါ်သင်းသင်းသန်း (စာရင်းစစ်မှူး၊ ငြိမ်း)၊ ဦးသန်းဌေး [ညွှန်ကြားရေးမှူး၊ တဆရ(၆) (ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)]-ဒေါ်အေးအေးချို၊ ဦးစိုးသန်း [အမှုဆောင်ဘူမိဗေဒအရာရှိ(MOGE)]-ဒေါ်ချိုချို [အထက(ခွဲ) ဥသျှင်ပင်မြို့]၊ ဒေါ်မြင့်မြင့်သန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ မကွေးတိုင်း စီမံကိန်းရုံး)၊ ဗိုလ်ကြီးနိုင်နုနုသန်း[တဆရ(၃/၃၀၀)]၊ ဒေါက်တာဇော်မြတ်ထွန်း [အထူးကုဆရာဝန်(သွား) သရက်ခရိုင်ဆေးရုံ]-ဒေါ်ခိုင်ချိုချိုသန်း(ပန်းတောင်း စာရင်းစစ်ရုံး)၊ (ဗိုလ်ကောင်းဇင်သန်း)တို့၏ဖခင်၊မြေး ၁၄ယောက်၊မြစ်လေးယောက်တို့၏အဘိုးသည် ၂၁-၄-၂၀၁၇ရက် (သောကြာနေ့)ည ၇း၀၅နာရီတွင် အမှတ်(၇)၊ ရာဇမုနိဘုရားလမ်း၊ ရွှေညောင်(၁) နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၃-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် မကွေးမြို့သုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်စန်းယဉ် (ပုသိမ်)

**အသက်(၈၆)နှစ်**

ပုသိမ်မြို့၊ တကောင်းဘုရားလမ်း၊ အမှတ် ၁၉၁နေ (ဦးမောင်စိန်-ဒေါ်ကျင်)တို့၏သမီး၊ (ဦးမောင်ထွန်း-ဒေါ်မြိုင်)တို့၏သမီးချွေးမ၊ ဦးသက်ခိုင်(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးမောင်မောင်အေး-ဒေါ်အေးအေးခိုင်၊ ဦးစိုးစိုးခိုင်၊ ဦးထွန်းထွန်းခိုင် - ဒေါ်တင်တင်ကျော်၊ ဦးကျော်ကျော်ခိုင်(Key Cafe House)တို့၏မိခင်၊ မောင်မြတ်သူရမောင်-မဆုသီရိမောင်၊မဆုသဉ္ဇာမောင်၊ မမိုးမိုးသိမ့်၊ မကျော့မှူးသိမ့်တို့၏အဘွားသည် ၂၂-၄-၂၀၁၇ရက်(စနေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

## ဒေါ်တင်လှိုင် (မင်းလှ)

**အသက်(၈၀)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၆၂၊ ခြောက်လွှာ (B)၊ ဆင်ရေကန်လမ်းနေ (ဦးရန်သိန်း-ဒေါ်မြင့်)၊ (ဦးလှတင်-ဒေါ်သီ)တို့၏သမီး၊ ဒေါ်ခင်ပု၏ညီမ၊ (ဦးသောင်းတင်)၏ဇနီး၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်သန်းသန်းစိန်၊ ဒေါ်ချိုချိုမြင့်၊ ဗိုလ်ကြီးမြင့်လွင်(ငြိမ်း) - ဒေါ်မူမူမြင့်၊ ဦးမြတ်မိုး-ဒေါ်နိုင်နိုင်ဝင်း၊ ဦးတင်မိုး (ပြည်ထောင်စုနေ့စဉ်သတင်းစာ)၊ ဦးဇော်မိုး-ဒေါ်ခင်နန်းအေး၊ ဦးအောင်သူရ-ဒေါ်သင်းသင်းဆွေတို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၂၁-၄-၂၀၁၇ရက်(သောကြာနေ့) ညနေ ၃း၄၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါက်တာဒေါ်မြမြသန်း

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City၊ အေးသာယာလမ်း၊ D-၆၃ နေ (ဦးယုံဆိုင်-ဒေါ်သန်း)တို့၏ သမီး၊ (ဦးချောင်လင်ရှူး-ဒေါ်ချင်ငုံဟိုင်)တို့၏ သမီးချွေးမ၊ဦးကျော်မြင့်၏ဇနီး၊ ဒေါက်တာမျိုးနန္ဒအောင် (ဆေးသုတေသန)-ဒေါက်တာအိအိအောင်(ဆေးတက္ကသိုလ်၊ မန္တလေး)၊ မအေးငြိမ်းစု(CDSG)တို့၏ မိခင်၊ ဦးမြဝင်း-ဒေါ်သန်းသန်းဝင်း၊ ဒေါ်မြမြအေး၊ဒေါ်စန်းစန်းမြင့်၊ ဗိုလ်မှူးမြင့်ဌေး-ဒေါ်အေးမြင့်၊ ဒေါ်ကျင်ဆိုင်၊ (ဦးကျော်နိုင်)-ဒေါ်တင်တင်နွဲ့၊ဦးကျော်သိန်း-ဒေါ်မေချိုတို့၏ ညီမ/အစ်မသည် ၂၂-၄-၂၀၁၇ရက်(စနေနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ ဦးသုဓမ္မ

**ကျေးရွာသံဃနာယက ဥက္ကဋ္ဌ**
**သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ ငဝန်ဒေါင့်ကြီးကျေးရွာအုပ်စု၊ ပိန္နဲချောင်း-သပြုငူကျေးရွာ၊ ဓမ္မသုခကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်၊ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရုံးငူကျေးရွာနေ ခမည်းတော် ဦးနီထွန်း-မယ်တော် ဒေါ်ဖြူတို့မှ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သော ဘဒ္ဒန္တဦးသုဓမ္မသည် (၁၃၇၈ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၃ရက်) ၁၄-၄-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ရက်) ၂၂-၄-၂၀၁၇ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် စံကျောင်းချပူဇော်မည်ဖြစ်ပြီး (၁၃၇၉ခုနှစ် ကဆုန်လဆန်း ၅ရက်) ၃၀-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိဈာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား သိစေအပ်ပါသည်။ ဒါယကာ၊ ဒါယိကာမများ

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တသုဇာတ

**သက်တော်(၅၄)နှစ်၊ သိက္ခာတော်(၃၄)ဝါ**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် အုပ်ချုပ်ရေး(နာယက)၊ မြို့နယ်သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တသုဇာတသည် (၁၃၇၉ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ရက်) ၂၂-၄-၂၀၁၇ရက် (စနေနေ့)နံနက် ၈း၁၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ရက်) ၂၄-၄-၂၀၁၇ ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမတို့အား အသိပေးအပ်ပါသည်။ (မဟာသိမ်တော်ကြီးကျောင်းတိုက်နှင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးအအေးတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ဈာပနဖြစ်မြောက်ရေးအဖွဲ့

## ဦးတင်မောင်ဝင်း

**ဦးစီးအရာရှိ(ငြိမ်း)၊ (ပြည်တွင်းအခွန်)**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၀)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၆၅၀နေ ဒေါ်ခင်သန်း[(ငြိမ်း)(ပြည်တွင်းအခွန်)]၏ချစ်လှစွာသောခင်ပွန်း၊ ဦးလွင်မောင်ဦး၊ ဦးတင်ဆန်းဦး-ဒေါ်ယဉ်ယဉ်ဌေး၊ ဦးဇော်မင်းဌေး-ဒေါက်တာစုစုငယ်၊ ဦးစောအောင်သူ-ဒေါ်ချစ်ချစ်ခိုင်တို့၏ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၂-၄-၂၀၁၇ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ပါရဂူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဌေးဝင်း (BA, LL.B)

**ဒု/ညွှန်(ငြိမ်း)၊ တ/၁၇၈၅**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၊ နေပြည်တော်**

**အသက်(၆၀)**

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊မင်းလမ်းနေ ဦးအေး-ဒေါ်သိန်းကြည်တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ရွှေဘိုလမ်းနေ ဦးမောင်မောင်ကလေး(တရားလွှတ်တော်ရှေ့နေ)-(ဒေါ်ညွှန့်ရီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မလွကုန်းလမ်း၊ အမှတ် ၃၃၊ ခြောက်လွှာ(B)နေ ဒေါ်နွဲ့နွဲ့ဝင်း၏ခင်ပွန်း၊ မနှင်းအိအိသင်း BE,(Civil)Site Engineer,Konoike Construction ၊ မမြင့်မြတ်စန္ဒီ(BA, Eng)တို့၏ဖခင်သည် ၂၂-၄-၂၀၁၇ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### အထူးကျေးဇူးတင်လွှာ

**ဘုရား၊ ကျောင်း ဒါယကာ**

## Capt.တင့်လွင်

**M.T Gas Pioneer**
**ညောင်ပင်ဆိပ်၊ မော်လမြိုင်**

**အသက်(၅၈)နှစ်**

၁၄-၄-၂၀၁၇ရက်တွင် မလေးရှားနိုင်ငံ၊ မလက်ကာမြို့၊ ပြည်သူ့ဆေးရုံကြီးတွင် နာမကျန်းဖြစ်စဉ်မှစ၍ မီးသင်္ဂြိုဟ်ပြီးသည်အထိ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးပါသော Uni-Fleet Sdn.BHD Company မှ President နှင့် General Manager Mr. Thomas Chong, Captain ဝေထွန်း၊ M.T Gas Pioneer မှ Chief Engineer, Chief Officer နှင့် သင်္ဘောသားများ၊ Kepong Free Funeral Service မှ ဦးဆန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံရုံးမှ အရာရှိကြီးများ၊ အဘက်ဘက်မှ လိုလေသေးမရှိအောင် ဖေးမကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးများ၊ မိတ်ဆွေများ၊ နာရေးသတင်းလာရောက်မေးမြန်းအားပေးကြပါသော ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်းဖြင့်ဆက်သွယ်မေးမြန်း အားပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ USA နှင့် Japan နိုင်ငံတို့မှ တယ်လီဖုန်း၊ Viber တို့ဖြင့် သတင်းမေးမြန်းအားပေးခဲ့ကြသော သူငယ်ချင်းမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

## ဦးရဲဒင် (မြန်မာ့အလင်းသတင်းစာတိုက်)

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်နေ (ဦးကျော်အေး)-ဒေါ်မြရီတို့၏သား၊ (ဦးအောင်ဆန်း)-ဒေါ်သိန်းနွဲ့တို့၏သားသမက်၊ ဦးဝိလာသ၊ ဦးရင်ထွန်း-ဒေါ်ကြည်ကြည်ဝင်း၊ ဦးစောနိုင်၊ ဒေါ်ချိုချိုဝင်း၊ ဦးကျော်ဌေး-ဒေါ်သန်းသန်းဝင်းတို့၏ညီ/မောင်၊ ဦးမြင့်အောင်-ဒေါ်ခင်စန်းဝင်း၊ ဦးဝေလင်းနိုင်-ဒေါ်နုနုအေးတို့၏အစ်ကို၊ အမှတ် ၅၄၃၊ ပုလဲလမ်း၊ (၃၃)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ မောင်တင်ထွန်းမင်း၊ မအေးသူဇာ၊ မဇင်မာဖြိုးတို့၏ဖခင်၊ ဒေါ်စန်းစန်းနွဲ့၏ ချစ်လှစွာသောခင်ပွန်းသည် ၂၁-၄-၂၀၁၇ရက် (သောကြာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပုလဲလမ်း၊ အမှတ် ၅၄၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် အာရှအားကစားပြိုင်ပွဲတွင် မြန်မာပါဝင်ယှဉ်ပြိုင်မည်

**သတင်း-ညီမြတ်သော်တာ**

**ဓာတ်ပုံ-Asian Games**

**ဂျကာတာ မေ ၂၂**

၂၀၁၈ ခုနှစ် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံရှိ ဂျကာတာမြို့နှင့်ပလန်ဘမ်မြို့တို့၌ ကျင်းပသွားမည်ဖြစ်ရာ မြန်မာအားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများကို အာရှအိုလံပစ်ကောင်စီက မေ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ရာ အားကစားနည်း ၃၉ မျိုး ပါဝင်မည်ဖြစ်သည်။

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံသည် ၄င်းတို့အားသာသည့်အားကစားနည်းများအပါအဝင် ၄၂ မျိုး ထည့်သွင်းကျင်းပရန် စီစဉ်ခဲ့သော်လည်း အာရှအိုလံပစ်ကောင်စီက ၃၉ မျိုးဖြင့်သာ ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့်အားကစားနည်းများမှာ ရေကူး၊ ဝါတာပိုလို၊ ဒိုင်ဗင်၊ မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘော့စ်ဘော၊ Softball၊

စာမျက်နှာ ၁၄ ကော်လံ ၁ ◆




၂၀၁၄ အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအသင်း ယှဉ်ပြိုင်ဟန်

## တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့နှင့် သာယာဝတီမြို့တို့တွင် ၃၇ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

(မိုး/ဇလ)

# မြန်မာ ယူ-၁၈ အသင်း တတိယနေရာလုပွဲတွင် ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်




မြန်မာ ယူ-၁၈ အသင်းနှင့် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းတို့ ယှဉ်ပြိုင်နေစဉ်

**သတင်း - ရဲရင့်ရှိုင်း၊ ဓာတ်ပုံ - MFF**

**ဟနွိုင်း မေ ၂၂**

၂၀၁၇ ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့ ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ ကျင်းပရာ မြန်မာ ယူ-၁၈ အသင်းသည် ပယ်နယ်တီအဆုံးအဖြတ်တွင် ရှုံးနိမ့်ပြီး စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာ ယူ-၁၈ အသင်းနှင့် ဗီယက်နမ်ကလပ် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းသည် မိနစ် ၉၀ ပြည့်သည်အထိ တစ်ဂိုးစီသရေကျနေသောကြောင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းက လေးဂိုး-နှစ်ဂိုး စုစုပေါင်းဂိုးရလဒ် ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၈ အသင်းသည် အုပ်စုပွဲတွင် ပုံစံကောင်းပြသနိုင်ခဲ့သည့် ကစားသမားအများစုဖြင့် ဆက်လက်ပွဲထွက်ခဲ့သော်လည်း အုပ်စုပွဲတွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းသည် ပြင်ဆင်မှုများစွာ ပြုလုပ်ခဲ့သောကြောင့် ခက်ခက်ခဲခဲကစားခဲ့ရသည်။ နှစ်သင်းစလုံးတိုက်စစ်ဖွင့်ကစားခဲ့သောကြောင့် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ၄၁ မိနစ်တွင် တိုက်စစ်မှူး ဝင်းနိုင်ထွန်း၏ တစ်ကိုယ်တော်အစွမ်းဖြင့် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းက ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၅၉ မိနစ်တွင် မြန်မာအသင်း ပယ်နယ်တီပေးခဲ့ရသည်။ ယင်းပယ်နယ်တီကို ထရန်ဗောင်သန်က သွင်းယူခဲ့သောကြောင့် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်း ချေပဂိုးပြန်ရခဲ့သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ❖

## ဘက်စုံပညာထူးချွန်လူငယ်များ ပဉ္စမအကြိမ် ပုဂံ၊ အင်းလေးနှင့် ငွေဆောင် အပန်းဖြေလေ့လာရေးခရီး . . .

စာမျက်နှာ ၆



## သံမဏိနှင်းဆီဂျာနယ်တိုက်ခန်းတွင် ဖြစ်ပွားသော လူသတ်မှုနှင့်စပ်လျဉ်း၍ ပူးပေါင်းပါဝင်သူကို ထပ်မံဖော်ထုတ်နိုင်

စာမျက်နှာ ၁၁

